# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်　၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ တနင်္လာနေ့၊　အတွဲ [၅၅]၊ အမှတ် [၀၆၁]

## ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# မြန်မာနိုင်ငံ၌ ပုဂ္ဂလိကဘဏ်များ ယှဉ်ပြိုင်မှု အားကောင်းလာ

သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



ပြည်တွင်း ပုဂ္ဂလိကဘဏ်တစ်ခုတွင် ဘဏ်ဝန်ထမ်းတစ်ဦး ငွေများ ရေတွက်နေသည်ကိုတွေ့ရစဉ်။

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ်များအနေဖြင့် ပြိုင်ဆိုင်မှုမှာ ပိုမိုပြင်းထန်လာနေပြီ ဖြစ်ကြောင်း၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် ပိုမိုယှဉ်ပြိုင်ကြိုးစားကြရန် လိုအပ်လာပြီဖြစ်ကြောင်း ပုဂ္ဂလိကထိပ်တန်းဘဏ်တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

"မြန်မာနိုင်ငံမှာ ပုဂ္ဂလိကဘဏ်တွေ အချင်းချင်းရော၊ ပြည်ပကဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာတဲ့ ဘဏ်တွေနဲ့ပါ ပြိုင်ဆိုင်မှုတွေ အားကောင်းလာတာ တွေ့ရပါတယ်။ အရင်းအနှီးနည်းတဲ့ ဘဏ်ငယ်တွေအနေနဲ့ အပြိုင်အဆိုင်ထဲမှာ ဆက်လက်ရပ်တည်နိုင်ဖို့ ကြိုးစားနေရပါတယ်။ ဒါတောင် ပြည်ပက ဝင်ရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်တဲ့နိုင်ငံခြားဘဏ်တွေအနေနဲ့ ပြည်တွင်းဘဏ်တွေလို အခွင့်အရေးပေးမထားသေးဘူး။ သူတို့ဖောက်သည်တွေလောက်နဲ့ပဲ လုပ်နေကြတာပါ။ ရေရှည်မှာ သူတို့ကအရင်းအနှီးလည်းအားကောင်းတယ်။ ဒီအတွက် ပုဂ္ဂလိကဘဏ်တွေရဲ့ အားပြိုင်မှုဟာ

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## ယနေ့ ဖတ်စရာ

**ပြင်သစ်နိုင်ငံတွင်းသို့ လုံခြုံရေးအရ အန္တရာယ်ရှိနိုင်သော လူ ၁၀၀၀ ကို ဝင်ရောက်ခွင့်တားမြစ်**

စာ ၄

# မီးဘေးအန္တရာယ်ကင်းဝေးစေရေး သရုပ်ပြလေ့ကျင့်



**မြိတ် နိုဝင်ဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှူးကြီးမှူး၍ ပြည်သူများမီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၂၉ ရက် နံနက် ၈နာရီက မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် စည်ပင်သာယာရေးအဖွဲ့ပိုင် ဆိပ်ငယ်ဈေး၌ ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်ရာတွင် ဆီမီးလောင်မှုကို FORM မီးသတ်ဆေးဘူး၊ Dry Chemical Powder မီးသတ်ဆေးဘူး၊ Water Mist Gun ကိရိယာတို့ဖြင့် မီးငြိမ်းသတ်ခြင်း၊ မြိတ်မြို့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၅ ဦးနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၇ ဦး

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖



# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## လျှောင်တော် ကြိုတင်ပြင်ဆင်ထားသင့်

သဘာဝဘေးဟူသည် တားဆီး၍မရနိုင်သော်လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားခြင်းဖြင့် ထိခိုက်ပျက်စီးနိုင်မှုအများဆုံးအနေအထားမှ အနည်းဆုံးသို့ လည်းကောင်း၊ အနည်းဆုံးဖြစ်စဉ်မှ လုံးဝ ထိခိုက်ပျက်စီးမှုမရှိစေရန် သော်လည်းကောင်း လုပ်ဆောင်နိုင်စွမ်းရှိကြောင်း၊ ပညာရှင်များက မကြာခဏ သတိပေးလေ့ရှိပါသည်။ မည်သည့်သဘာဝဘေးမဆို အတိအကျဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်ကို မည်သူမျှ တပ်အပ်ပြောဆိုနိုင်ခြင်းမရှိပေ။ ဖြစ်နိုင်ခြေအလားအလာများပေါ်တွင် အခြေခံ၍သာ ခန့်မှန်းပြောဆိုလေ့ရှိကြပြီး ထိုခန့်မှန်းတွက်ဆမှုများအပေါ်တွင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရလေ့ရှိပါသည်။

လွန်ခဲ့သည့်နှစ်ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းတွင် အင်အားအသင့်အတင့်ရှိသော မြေငလျင်နှစ်ခုလှုပ်သွားသည်ကို သတိပြုမိကြပေလိမ့်မည်။ နိုဝင်ဘာ ၂၇ ရက်က အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိသော မြေငလျင်သည် မြန်မာနိုင်ငံပြည်တွင်း ကနီမြို့၏ အရှေ့မြောက်ဘက် ၁၇ မိုင်ခန့်အကွာတွင် ဗဟိုပြု၍ လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်က အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆ အဆင့်ရှိသော ငလျင်သည် တောင်ငူမြို့၏ အနောက်တောင်ဘက် ၅၄ မိုင်ခန့်အကွာကိုဗဟိုပြု၍ လည်းကောင်း ငလျင်ငယ်များလှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားပါသည်။ ၎င်းငလျင်များသည် ကြီးကျယ်စွာ ထိခိုက်ပျက်စီးမှုမရှိသော်လည်း သတိပြုရမည့် အနေအထားဖြစ်ပါသည်။

၎င်းငလျင်ငယ်များသည် လူသိများသော စစ်ကိုင်းပြတ်ရွေ့ကြောတစ်လျှောက်ဖြစ်ပေါ်သည့် အနေအထားကိုလည်းတွေ့ရမည်ဖြစ်ပါသည်။ ပညာရှင်တို့၏ တွက်ချက်ပြောဆိုမှုများအရ ပျက်စီးထိခိုက်မှုရှိနိုင်သော ငလျင်မတိုင်မီသော်လည်းကောင်း၊ ငလျင်ကြီးလှုပ်ပြီးလျှင်သော်လည်းကောင်း ငလျင်ငယ်များ လှုပ်သည့်သဘောရှိပါသည်။ တစ်နည်းဆိုလျှင် ငလျင်ငယ်များသည် လူတို့အတွက်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အသိပေးနေခြင်းလည်းဖြစ်ပါသည်။ မည်သို့ပင်ရှိစေ ကြိုတင်ပြင်ဆင် သတိပြုနိုင်ခြင်းသည် လူတို့အတွက် အကောင်းဆုံးဖြစ်ပါသည်။

လူထုအတွင်း မြေငလျင်နှင့်ပတ်သက်သော အသိပညာပေးမှုများ ဆောင်ရွက်သင့်ပါသည်။ ရှောင်ရန်၊ ဆောင်ရန်များ သိရှိထားသင့်ပါသည်။ မြေငလျင်မကြာခဏလှုပ်လေ့ရှိသော နိုင်ငံများတွင် ကြိုတင်ပြင်ဆင်ရေးကို ထိရောက်စွာလုပ်ကိုင်ဆောင်ရွက်လေ့ရှိပါသည်။ ကြိုတင်ဆောင်ရွက်ခြင်းသည် အကောင်းဆုံးသော အောင်နိုင်မှုတစ်ခုဖြစ်ပါသည်။

သို့ဖြစ်၍ သဘာဝဘေးဟူသည် တားဆီး၍မရနိုင်သော်လည်း ကြိုတင်ပြင်ဆင်ခြင်းဖြင့် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်သည်ဆိုသည့်အလျောက် ငလျင်ဘေးအပါအဝင် သဘာဝဘေးအန္တရာယ်များကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုဘဏ္ဍာရန်ပုံငွေများဖြင့် တင်ဒါစနစ်အရ ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၇ ရက်က ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လက်ရှိအစိုးရလက်ထက်တွင် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အပြီးအပြတ်ပြီးစီးအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရည်အသွေး စံချိန်စံညွှန်းနှင့်အညီဖြစ်စေရန်နှင့် အလေအလွင့်မရှိအောင် ဆောင်ရွက်ရန်၊ လုပ်ငန်းဆက်စပ်မှုရှိသောလုပ်ငန်းများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ပြီးစီးအောင် ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးဌာနများနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တို့တွင်ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးသည်။ အစည်းအဝေးသို့ ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ပါမောက္ခချုပ်နှင့် ဌာနတာဝန်ခံများ၊ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိခဲ့သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပေါင်းကူးတံတားပေါ်မှ ကွန်ကရစ်ပေါက်အား ပြုပြင်ပေးရန်မျှော်လင့်

**ထင်သာမြင်သာပြုပြင်စရာ**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အမှတ်(၄) နယ်မြေ ငါန်းမြာကျောင်းနှင့် ညောင်စဉ်ကျောင်းသို့ သွားရာလမ်းအနီးရှိ ဘုရင့်နောင်ရပ်နှင့် အသောကရပ်တို့ ပေါင်းကူးထားသည့် တံတား၌ခင်းထားသော ကွန်ကရစ်သည် အက်ကွဲရာမှ ဆန်ကောအဝိုင်း ပမာဏခန့်ရှိသော အပေါက်ကြီး ဖြစ်ပေါ်နေသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ရပ်ကွက်နေ ပြည်သူများနှင့် အနေးယာဉ်၊ အမြန်ယာဉ်များမှာ နေ့စဉ်သွားလာရေး ခက်ခဲလျက်ရှိသည်။ သို့ဖြစ်၍ အဆိုပါနေရာကို တာဝန်ရှိသူများမှ အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **(၀၇၉)**






# အိမ်မဲ၌ ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်

**အိမ်မဲ နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ ပြည်သူ့ဝန်ဆောင်မှု (One Stop Shop) ရုံးဖွင့်ပွဲကို နိုဝင်ဘာ ၂၇ ရက်က ကျင်းပသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ဦးစီးဌာနများမှ ဌာနစိတ် ၁၀ ခု ပါဝင်ကာ ပြည်သူတို့၏ လိုအပ်ချက်များကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံး (OSS ) ရုံးများ ဖွင့်လှစ်ပေးခြင်းဖြင့် အိမ်မဲမြို့နယ်အတွင်းမှ ပြည်သူများ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လုပ်ငန်းများကို တစ်နေရာတည်း၌ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၈၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် | ၈၅၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၇၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၇၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၅.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄.၂၅ |
| ထိုင်း | တစ်ဘတ် | ၃၆.၂၉၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၈ |
| တရုတ် | တစ်ယွမ် | ၂၀၃.၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉.၄၅ |

ခင်ရတနာ-စုစည်းသည်။

**✻ ရှေ့ဖုံးမှ**

အတော်လေးအားကောင်းလာတာတွေ့ရပါတယ်” ဟု အများပိုင်ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သည့် ပထမပုဂ္ဂလိကဘဏ်ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်က နှစ်ပတ်လည် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ယခုအခါမြန်မာနိုင်ငံ၌ ပုဂ္ဂလိကဘဏ် ၂၇ ခုအထိ ရှိလာပြီဖြစ်သည်။ ထို့အပြင်ယခုနှစ်အတွင်း နိုင်ငံခြားဘဏ်ကိုးခုကိုလည်း ဝင်ရောက်လုပ်ကိုင်ခွင့်ပြုထားသည်။ လွန်ခဲ့သည့်တစ်နှစ်၊ နှစ်နှစ်အတွင်း မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ်လုပ်ငန်းများ အပြိုင်အဆိုင်ဖြစ်လာပြီး လျင်မြန်စွာ ဖွံ့ဖြိုးလာကြောင်း သိရသည်။

ပုဂ္ဂလိကဘဏ်များအနေဖြင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံခြားများနှင့်ပါ ငွေပို့ငွေလွှဲလုပ်ငန်းများကို သမားရိုးကျဘဏ်လုပ်ငန်းသာမက ဒစ်ဂျစ်တယ်စနစ်များ အသုံးပြုကာ ကျယ်ကျယ်ပြန့်ပြန့်ချိတ်ဆက်လုပ်ကိုင်လာလျက်ရှိသည်။ ထိုကဲ့သို့ ပုဂ္ဂလိကဘဏ်လုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးလာသည်နှင့်အမျှ တစ်ဖက်တွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အကျိုးဖြစ်ထွန်းမှုမှာလည်း တိုးတက်လာလျက်ရှိသည်။ ပုဂ္ဂလိကဘဏ်များအနေဖြင့် နှစ်စဉ် အသားတင်အမြတ်အပေါ်၌ နိုင်ငံတော်သို့ ၂၅ ရာခိုင်နှုန်း ပေးသွင်းနေခြင်းဖြစ်၍ ငွေကျပ်သန်းပေါင်းများစွာရရှိနေကြောင်း သိရသည်။

ပထမပုဂ္ဂလိကဘဏ်တစ်ခုတည်းမှာပင် ဘဏ်အသားတင်အမြတ်မှာ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်အတွင်း ငွေကျပ် ၈၀၄၈ ဒသမ ၃၄ သန်းရှိခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၈၇၆၂ ဒသမ ၄၀သန်းရရှိခဲ့သဖြင့် အမြတ်မှာ ၈ ဒသမ ၈၇ အထိတိုးတက်ခဲ့ကြောင်း၊ နိုင်ငံတော်သို့ဝင်ငွေခွန်အဖြစ် ငွေကျပ် ၂၁၈၉ ဒသမ ၃၅ သန်း ပေးဆောင်နိုင်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ပြီး ပုဂ္ဂလိကဘဏ်အမျိုးအမည်အားဖြင့် ၂၇ ခုရှိပြီဖြစ်၍ပုဂ္ဂလိကဘဏ်လုပ်ငန်းများမှ နှစ်စဉ်ဝင်ငွေခွန် သန်းပေါင်းများစွာဝင်ငွေရရှိနေကြောင်း သိရသည်။ ပုဂ္ဂလိကဘဏ်များအနေဖြင့် နှစ်စဉ်ဘဏ်ထည့်ဝင်ပြီး မတည်ရင်းနှီးငွေများ၊ ဘဏ်အပ်ငွေများ၊ ချေးငွေများ နှင့် အမြတ်ငွေများ နှစ်စဉ်တိုးတက်လျက်ရှိကြောင်း သိရသည်။

(၉၅)နှစ်မြောက်

အမျိုးသားနေ့

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်

(၆-၁၂-၂၀၁၅)

# တယ်လီဖုန်းအသုံးပြုနိုင်မှုသည် ၂၀၁၀-၁၁ ခုနှစ်တွင် ငါးရာခိုင်နှုန်းအောက်ရှိခဲ့ရာမှ ယနေ့အချိန်တွင် ၆၀ ရာခိုင်နှုန်းကျော်အထိ သုံးစွဲလာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၉**

စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် (၁၅)ကြိမ်မြောက် အာဆီယံ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်၍ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ တယ်လီဖုန်းအသုံးပြုနိုင်မှုသည် ၂၀၁၀-၁၁ ခုနှစ်တွင် ငါးရာခိုင်နှုန်းအောက်သာ ရှိခဲ့ရာမှ ယနေ့အချိန်တွင် ၆၀ ရာခိုင်နှုန်းကျော်အထိ တိုးတက်သုံးစွဲလာနိုင်ပြီဖြစ်ကြောင်းနှင့် ဈေးနှုန်းများသည်လည်း အများပြည်သူ အလွယ်တကူသုံးစွဲနိုင်သည့် ဈေးနှုန်းဖြစ်လာသဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများအား ပြည်သူအများ အလွယ်တကူ ရယူသုံးစွဲလာနိုင်ပြီဖြစ်ကြောင်း၊ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၏ နောက်ဆက်တွဲအဖြစ် ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုများ၏ အကျိုးကျေးဇူးများကို ပြည်သူများ ရရှိခံစားနေရပြီဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် (၁၅)ကြိမ်မြောက် အာဆီယံသတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်စဉ်။

အဆိုပါ အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ ဒါနန်းမြို့၌ နိုဝင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံများမှ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဝန်ကြီးများနှင့် အာဆီယံဆက်သွယ်ရေးကဏ္ဍ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုးရီးယားနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာကြေးနန်းအဖွဲ့ချုပ် (ITU)တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံနိုင်ငံများအတွင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြောင်းလဲတိုးတက်လာသည့် နည်းပညာဆိုင်ရာကိစ္စရပ်များအပေါ် အမြင်များဆွေးနွေးဖလှယ်ခြင်း၊ ဆောင်ရွက်ခဲ့သည့် AIM 2015 (ASEAN ICT Master Plan 2015)နှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ ဆက်လက်ဆောင်ရွက်မည့် AIM 2020 (ASEAN ICT Master Plan 2020) စပ်လျဉ်း၍ ဆွေးနွေးအတည်ပြု ထုတ်ပြန်ခြင်း၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်း၊ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU) နှင့် အာဆီယံနိုင်ငံများအကြား ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း၊ ဒါနန်းကြေညာစာတမ်းထုတ်ပြန်ခြင်းနှင့် ASEAN ICT Award 2015 အတွက် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်အား အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာဝန်ကြီးများနှင့်အတူ တွေ့ဆုံခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဆက်သွယ်ရေးဝန်ကြီး၊ ဂျပန်နိုင်ငံ ဆက်သွယ်ရေးနှင့် ပြည်တွင်းရေးရာ ဒုတိယဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာကြေးနန်းဆက်သွယ်ရေး အဖွဲ့ချုပ် (ITU)မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံကာ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပလတ်စတစ်ကင်းစင်ရေး ပြည်ပနိုင်ငံခြားခရီးသွားများ ပူးပေါင်းပါဝင်

**ညောင်ဦး နိုဝင်ဘာ ၂၉**

ညောင်ဦးခရိုင်ရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ၌ ပလတ်စတစ်အမှိုက်များ ကင်းစင်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် နိုဝင်ဘာ ၂၉ ရက်က စတင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်အသင်းများ၊ ပညာရေးဘော်ဒါဆောင်များမှ ကျောင်းသား ကျောင်းသူများ၊ ညောင်ဦးနှင့် ပုဂံမြို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုပေါင်းကာ မြို့နယ်အနှံ့ ပလတ်စတစ်အမှိုက်များကောက်သိမ်းခြင်း ဆောင်ရွက်ခဲ့ကြရာ ပြည်ပနိုင်ငံခြားခရီးသည်များပါ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။

ကောက်ယူရရှိသော ပလတ်စတစ်အမှိုက်များကို အစားထိုးအုတ်အဖြစ် ဖန်တီးပြုလုပ်ကုသိုလ်ယူလုပ်အားပေးနေသည့်အဖွဲ့ထံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ပလတ်စတစ်အုတ်များကို ဖန်တီးပြုလုပ်ကာ ကျောင်းစာကြည့်တိုက်တွင် အုတ်အစားထိုးအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ အသုံးပြုနည်း(ဆင့်ပွား)သင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့) မြို့နယ်ရှိ အဆင့်မြင့်မွမ်းမံလေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများကိုင်တွယ်အသုံးပြုနည်း(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၅/၂၀၁၅)ဆင်းပွဲကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေးက သင်တန်းဆင်းအမှာစကားပြောကြားကာ အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၆ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရှိ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့များမှ ရဲတပ်ဖွဲ့ဝင်အရာရှိ/အခြား အဆင့် ၄၀ အား လေ့ကျင့်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း(ရန်ကုန်)က ကြီးမှူး၍ လစဉ်ကျင်းပမြဲဖြစ်သော စိုက်ပျိုးရေးနည်းပညာဆိုင်ရာ အသိပညာပေး ဟောပြော ဆွေးနွေးပွဲကို ယခုလအတွက် နိုဝင်ဘာ ၂၈ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ် သင်တန်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိချိုက စပါးမျိုးကောင်း မျိုးသန့် စိုက်ပျိုးထုတ်လုပ်ရာတွင် အခြေခံရမည့် ဆောင်ရန်၊ ရှောင်ရန်များ၊ သွင်းအားစုများ၊ သဘာဝမြေသြဇာနှင့်ဓာတ်မြေသြဇာမှန်ကန်စွာ အသုံးပြုမှု၊ နည်းပညာများ ကူညီပေးနိုင်မှု စသည်တို့ကို “စပါးမျိုးကောင်း မျိုးသန့် စိုက်ပျိုးထုတ်လုပ်နည်း” ခေါင်းစဉ်ဖြင့် ဟောပြောပြီး သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါဟောပြောပွဲသို့ စပါးစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ဖောက်ကား သူများ၊ မှော်ဘီမြို့နယ် စပါးအထူးပြုလေ့လာသူသင်တန်းသား သင်တန်းသူများနှင့် စိတ်ဝင်စားသူများ တက်ရောက်လေ့လာဆွေးနွေးခဲ့ကြသည်။

**ကိုချစ်**

## ထူးခြားသည့်ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၂၉-** ထူးခြားသည့်ညအပူချိန်များမှာ ပင်လောင်းမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီနှင့် ခန္တီးမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာကော့သောင်းမြို့တွင် ၀ ဒသမ ၆၃ လက်မဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**(မိုး/ဇလ)**

# ပြင်သစ်နိုင်ငံတွင်းသို့ လုံခြုံရေးအရအန္တရာယ်ရှိနိုင်သော လူ ၁၀၀၀ကို ဝင်ရောက်ခွင့် တားမြစ်

**ပါရီ နိုဝင်ဘာ ၂၉**

နိုဝင်ဘာ ၁၃ ရက်က ပြင်သစ်နိုင်ငံ ပါရီတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လုံခြုံရေးအရ အန္တရာယ်ဖြစ်နိုင်သော လူ ၁၀၀၀ ခန့်အား ပြင်သစ်နိုင်ငံတွင်း ဝင်ရောက်မှုကို တားမြစ်လိုက်ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးက ပြောခဲ့သည်။

ပြင်သစ်နိုင်ငံလုံခြုံရေးကို ခြိမ်းခြောက်မှု ပြုလုပ်နိုင်သည့် စုစုပေါင်း လူ ၁၀၀၀ ခန့်အား နိုင်ငံတွင်းသို့ဝင်ရောက်ခွင့်ကို ငြင်းဆိုလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီး ဘားနက်ကာဆီနူဘာက နိုဝင်ဘာ ၂၈ ရက်က သတင်းထောက်များကိုပြောခဲ့သည်။

ပါရီတိုက်ခိုက်မှုဖြစ်ပြီးနောက် ပြင်သစ်အစိုးရသည် အရေးပေါ်အခြေအနေတစ်ခုကို ကြေညာလိုက်ပြီး နယ်စပ်လုံခြုံရေးများကို တင်းကျပ်လိုက်သည်။

ပြင်သစ်နိုင်ငံတွင် COP 21 ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ကျင်းပမည်ဖြစ်သောကြောင့် ပြည်ထဲရေးဝန်ကြီးက အကြမ်းဖက်တိုက်ခိုက်မှုသတိပေးတပ်လှန့်ခြင်းများကို တိုးမြှင့်လုပ်ဆောင်နေကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်အင်အား ၁၅၀၀၀နှင့် စစ်ဘက်ဆိုင်ရာလုံခြုံရေးအစောင့်များက နယ်စပ်ဒေသများကို ကာကွယ်ရန် ကင်းလှည့်စောင့်ကြည့်မှုများ ပြုလုပ်နေသည်။

နိုင်ငံပေါင်း ၁၅၀ နီးပါးမှ ခေါင်းဆောင်များသည် နိုဝင်ဘာ ၃၀ ရက်တွင်



ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပမည့် ကုလသမဂ္ဂအစည်းအဝေးကို တက်ရောက်မည်ဖြစ်သည်။

နိုဝင်ဘာ ၂၉ ရက် နှင့် ၃၀ ရက်တို့တွင် မြို့တော်ပါရီအနီးရှိ ယာဉ်ကြောများကိုလည်း တင်းတင်းကျပ်ကျပ်ထိန်းချုပ်မည်ဖြစ်သောကြောင့် နိုင်ငံသားများကို ကိုယ်ပိုင်ယာဉ်များအသုံးမပြုရန် တိုက်တွန်းထားကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# တူရကီအား စီးပွားရေးဒဏ်ခတ်ပိတ်ဆို့ရန် သမ္မတပူတင် အမိန့်ဒီကရီလက်မှတ်ရေးထိုး

**မော်စကို နိုဝင်ဘာ ၂၉**

တူရကီက ရုရှားစစ်လေယာဉ်တစ်စင်းကို ပစ်ချလိုက်ပြီး လေးရက်အကြာ ကရင်မလင်က အန်ကာရာကို အမျက်ဒေါသထွက်မှုပြင်းထန်လာချိန် နိုဝင်ဘာ ၂၈ ရက်က တူရကီကို စီးပွားရေးဒဏ်ခတ်ပိတ်ဆို့သည့် အမိန့်ဒီကရီတစ်ရပ်ကို သမ္မတဗလာဒီမာပူတင်က လက်မှတ်ရေးထိုးလိုက်သည်။ ချက်ချင်းအကျိုးသက်ရောက်မည့် အဆိုပါအမိန့် ဒီကရီအရ တူရကီသို့ ရုရှားမှစင်းလုံးငှားခရီးသည်တင် လေယာဉ်များပျံသန်းမှုကို ပိတ်ပင်လိုက်သည့်အပြင် တူရကီသွင်းကုန်များအပေါ် ကန့်သတ်လိုက်သည်။ တူရကီစီးပွားရေးလုပ်ငန်းများနှင့် တူရကီနိုင်ငံသားများအား စီးပွားရေးနယ်ပယ်များတွင် တင်းကျပ်ပိတ်ဆို့မှုများပါ ပြုလုပ်သွားမည်ဟုဆိုသည်။

"ဒီလိုအခြေအနေဖြစ်လာလိမ့်မယ်လို့ မမျှော်လင့်ပါဘူး။ ရုရှားနိုင်ငံက စီးပွားရေးအရ ပြန်လည်တုံ့ပြန်လိုက်တာပါ" ဟု ပူတင်၏ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီပတ်စကောဗ်က အဆိုပါအမိန့်ဒီကရီမထုတ်ပြန်မီ နာရီပိုင်းအလိုတွင် ပြောသည်။အဆိုပါအရေးယူပိတ်ဆို့မှုသည် မော်စကိုနှင့်အန်ကာရာတို့အကြား ရှေ့မတိုးနောက်မဆုတ်သာ ဆက်ဆံရေးကို ပို၍ဆိုးရွားစေမည်သာ ဖြစ်ကြောင်း တူရကီထိပ်တန်းတာဝန်ရှိသူတစ်ဦးကရိုက်တာသို့ပြောသည်။ တူရကီသမ္မတ တေရစ်အာဒိုဂန်အနေဖြင့် နိုဝင်ဘာ ၂၄ ရက်က ဆီးရီးယားနယ်စပ်အနီး ရုရှားစစ်လေယာဉ်ကို ပစ်ချခဲ့ခြင်းအပေါ် တောင်းပန်ခြင်းမရှိခဲ့သည့်အတွက် ယင်းကဲ့သို့ အရေးယူပိတ်ဆို့ရန်လုပ်ဆောင်ရခြင်းဖြစ်ကြောင်း သမ္မတပူတင်၏ ပြောခွင့်ရ ပုဂ္ဂိုလ်ကပြောသည်။ တူရကီကလည်း ၎င်း၏ဝေဟင်ပိုင်နက်ကို ကာကွယ်ခြင်းဖြစ်၍ တောင်းပန်ခြင်း မပြုလုပ်နိုင်ဟုဆိုသည်။

**(ရိုက်တာ)**



# ဆီးရီးယားသူပုန်များထံ တူရကီလက်နက်ခဲယမ်းများ ပိုမိုတင်ပို့နေဟုဆို

**ဘေရွတ် နိုဝင်ဘာ ၂၉**

တူရကီအနေဖြင့် ဆီးရီးယားနိုင်ငံအတွင်းရှိ သူပုန်များအား မကြာသေးမီက လက်နက်ခဲယမ်းနှင့် ထောက်ပံ့ရေးပစ္စည်းများ ပိုမိုတင်ပို့မှုပြုလုပ်လာကြောင်း ဆီးရီးယားအစိုးရတပ်မှ နိုဝင်ဘာ ၂၈ ရက်က ပြောကြားသည်။

"တူရကီအနေနဲ့ အကြမ်းဖက်သမားတွေကို လက်နက်ခဲယမ်းတွေ မကြာသေးမီက ပိုမိုတင်ပို့နေတယ်ဆိုတာ အသေအချာပြောနိုင်ပါတယ်" ဟု ဆီးရီးယားအစိုးရတပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဆီးရီးယားအစိုးရတပ်များအနေဖြင့် လေးနှစ်ခွဲအတွင်း သမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ခုခံတိုက်ခိုက်နေသည့် အုပ်စုအားလုံးကို အကြမ်းဖက်သမားအုပ်စုအဖြစ် မှတ်ယူထားချိန် ရုရှားက စက်တင်ဘာ ၃၀ ရက်တွင် ဒမတ်စကတ်လေကြောင်းတိုက်ခိုက်မှုဖြင့် စစ်ရေး၌ ပါဝင်လာသည်။

တူရကီက နိုဝင်ဘာ ၂၄ ရက်က ရုရှားဂျက်တိုက်လေယာဉ်ကိုပစ်ချပြီး ဆီးရီးယား တူရကီနယ်စပ်အခြေအနေမှာ တင်းမာလာသည်။ ရုရှားက တူရကီ၊ ဆော်ဒီအာရေဗျနှင့်အမေရိကန်တို့အပါအဝင် အာဆတ်၏ပြည်ပရန်သူများ ထောက်ခံသည့် သူပုန်များကို ရုရှားက လေကြောင်းမှ ဖိတိုက်လာသည်။ တူရကီသမ္မတအာဒိုဂန်က ယင်းနိုင်ငံအနေဖြင့် အိုင်အက်စ်တို့ထံမှ ရေနံဝယ်ယူသည်ဆိုသည်ကို ငြင်းဆိုထားသည်။

**(ရိုက်တာ)**

# အမေရိကန်၌နောက်ဆုံးသေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် လက်နက်ထိန်းချုပ်မှုပြုလုပ်ရန် အိုဘားမား တိုက်တွန်း

**ဝါရှင်တန် နိုဝင်ဘာ ၂၉**

အမေရိကန်နိုင်ငံအနောက်ဘက်ပြည်နယ်တစ်ခု၌ ပစ်ခတ်မှုတစ်ခုဖြစ်ပွားကာ လူသုံးဦးသေဆုံးခဲ့ပြီးနောက် တစ်ရက်အကြာ နိုဝင်ဘာ ၂၈ ရက်က ပြည်တွင်းလက်နက်ထိန်းချုပ်မှု ပြုလုပ်ရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက တိုက်တွန်းလိုက်သည်။



ပစ်ခတ်မှုများ ဖြစ်ပေါ်အောင် လက်နက်များအလွယ်တကူရရှိမှုနှင့် ပတ်သက်ပြီး တစ်ခုခုလုပ်ရမည်ဟု အမေရိကန်သမ္မတက ကြေညာချက်တစ်ခုတွင် ပြောခဲ့သည်။

ပြည်တွင်း ပစ်ခတ်မှုများ ရပ်တန့်ချိန်တန်ပြီ ဖြစ်ကြောင်း မစ္စတာအိုဘားမားက ပြောခဲ့သည်။ အမေရိကန်ပြည်ထောင်စု အနောက်ဘက် ပြည်နယ်တစ်ခုဖြစ်သော ကော်လိုရာဒို၌ နိုဝင်ဘာ ၂၇ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး လူသုံးဦးသေဆုံးကာ ကိုးဦးဒဏ်ရာရရှိခဲ့သည်။

ပစ်ခတ်မှုဖြစ်ပြီးနောက် တောင်ကာရိုလိုင်းနားဇာတိဖြစ်သူ အသက် ၅၇နှစ်ရှိ ရောဘတ်ဒီရာနှင့် အမေရိကန်ရေတပ် စစ်မှုထမ်းဟောင်း၏သားတစ်ဦးတို့သည် ရဲတပ်ဖွဲ့ထံအညံ့ခံလိုက်ကြသည်။

အဆိုပါပစ်ခတ်မှုသည် အားလပ်ရက်ဖြစ်သော ကျေးဇူးတော်နေ့ပြီးနောက် တစ်ရက်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းပစ်ခတ်မှုသည် ပုံမှန်မဟုတ်ကြောင်း၊ ဖြစ်ရိုးဖြစ်စဉ်အတိုင်းထား၍မရကြောင်း မစ္စတာအိုဘားမားကပြောသည်။ ပြည်တွင်းလက်နက်ထိန်းချုပ်မှုပြုလုပ်ခြင်းသည် အမေရိကန်နိုင်ငံရေးအသိုင်းအဝိုင်းကြား ကာလရှည်ကြာ ငြင်းခုံဆွေးနွေးနေသောကိစ္စဖြစ်သည်။ ၂၀၁၂ခုနှစ်တွင် နယူးတောင်းနှင့် ကွန်နက်တီကက်တို့၌ ပစ်ခတ်မှုများ ဖြစ်ပွားပြီး ကလေးငယ် ၂၀ အပါအဝင် လူ၂၈ ဦးသေဆုံးခဲ့ပြီးကတည်းက မစ္စတာအိုဘားမားသည် လက်နက်ထိန်းချုပ်ဥပဒေကိုပြဋ္ဌာန်းရန် ကြိုးစားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ရခြင်း ဖြစ်သည်။

**(ဆင်ဟွာ)**



**အမေရိကန် အနောက်ကော်လိုရာဒို သေနတ်ပစ်ခတ်မှုတွင် သံသယရှိသူ အသက် ၅၇ နှစ်ရှိ ရောဘတ် အယ်လ်ဒီရာကို တွေ့မြင်ရစဉ်။**

# ရုရှားအနောက်ပိုင်း ရဟတ်ယာဉ်တစ်စင်းပျက်ကျမှု လူလေးဦးသေဆုံး

ဘာသာပြန်-ဂျော်တီ



**မော်စကို နိုဝင်ဘာ ၂၉**

ရုရှားနိုင်ငံအနောက်ဘက် ခန်တီ-မန်စီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နိုဝင်ဘာ ၂၉ ရက်က အသေးစား ရဟတ်ယာဉ်(AS350) တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါသည့် လူလေးဦးစလုံး သေဆုံးခဲ့ကြောင်း ရုရှားပိုင် အင်တာဖက်စ် သတင်းအေဂျင်စီက သတင်းဖော်ပြသည်။

ဒေသတွင်းရှိ ရေနံမြေတစ်ခုသို့ ဦးတည်ပျံသန်းသည့် အဆိုပါရဟတ်ယာဉ်မှာ Kedrovoye မြို့ အနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်၍ လေယာဉ်ပေါ်စီးနင်းလိုက်ပါသည့် လေယာဉ်အမှုထမ်းနှစ်ဦးနှင့် ရေနံမြေကုမ္ပဏီလုပ်သားနှစ်ဦးတို့ သေဆုံးခဲ့ကြောင်းဖြင့် အင်တာဖက်စ်သတင်းအေဂျင်စီက ရုရှားအရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာန၏ ဒေသဆိုင်ရာရုံးခွဲမှ တာဝန်ရှိသူ ဗာဒိမ်းဆီမိုနင်ကို၏အဆိုကို ကိုးကားဖော်ပြသည်။

သေဆုံးသူများ၏ အလောင်းနှစ်လောင်းကို အဆိုပါရဟတ်ယာဉ်ပျက်ထဲတွင် ရှာဖွေတွေ့ရှိပြီး ကျန်နှစ်လောင်းကို ရဟတ်ယာဉ်ပျက်ရှာဖွေတွေ့ရှိရာနေရာမှ မီတာ ၅၀ ခန့်အကွာတွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း အခင်းဖြစ်ရာနေရာသို့ ရောက်ရှိနေသော ဒေသဆိုင်ရာရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

ပဏာမစုံစမ်းစစ်ဆေးချက်အရ အဆိုပါ ရဟတ်ယာဉ်မှာ စကောလ်လေကြောင်းလိုင်း ကုမ္ပဏီပိုင်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်သားများသည် အခင်းဖြစ်ရာ နေရာသို့ ဦးတည်ထွက်ခွာသွားကြပြီး အခင်းဖြစ်ပွားရာနေရာသို့ မရောက်သေးကြောင်း၊ ယင်းရဟတ်ယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို မသိရသေးကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

အလားတူပင် နိုဝင်ဘာ ၂၆ ရက်က ရုရှားနိုင်ငံမြောက်ဘက် Krasnoyarsk ဒေသတွင်လည်း စက်ချွတ်ယွင်းမှုကြောင့် Mi-8 ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါသည့် လူ ၂၅ ဦးအနက် ၁၀ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)




# နေ့သစ်တိုင်းဟာ အောင်မြင်ခြင်း

၂၉-၁၁-၂၀၁၅




စာရေးဆရာကြီး ချစ်နိုင်(စိတ်ပညာ)ရေးသားသော **"နေ့သစ်တိုင်းဟာအောင်မြင်ခြင်း"** စာအုပ်ထွက်ရှိလာသည်။ လက်ရွေးစင်ဆောင်းပါး ၁၄ ပုဒ်ပါရှိသည်။

စာရေးဆရာဖြစ်ချင်သူများအတွက် "စာရေးချင်သူများသို့"၊ ဗိုလ်ချုပ်အောင်ဆန်း၏ လေးစားအတုယူဖွယ်အကြောင်းအရာများရေးသားထားသော "လူဆိုသည်မှာ"၊ မိမိတို့၏ လုပ်ငန်းနယ်ပယ်အသီးသီးတွင် ခေါင်းဆောင်မှုပြုလိုသူများ၊ ခေါင်းဆောင်ဖြစ်ချင်သူများအတွက် "ခေါင်းဆောင်၏ အခန်းကဏ္ဍများ"၊ အောင်မြင်မှုကို ရှာဖွေလိုသူတို့အတွက် "နေ့သစ်တိုင်းဟာအောင်မြင်ခြင်း" အစရှိသည့် စိတ်ဓာတ်ခွန်အားပေးဆောင်းပါးများပါဝင်သည်။ လူငယ်များ၏ အနာဂတ်သာယာလှပရေးအတွက် ရည်ရွယ်ရေးသားထားသော ဆောင်းပါးများ ဖြစ်သည်။ တန်ဖိုး ငွေကျပ် ၁၀၀၀ ဖြစ်ပြီး "နိုင်" စာပေမှ ထုတ်ဝေခြင်းဖြစ်သည်။

# အရှေ့တောင်အာရှနိုင်ငံများသမိုင်း




ထင်အောင်ကျော် ဘာသာပြန်ဆိုထားသည့် **"အရှေ့တောင်အာရှနိုင်ငံများသမိုင်း"** စာအုပ်ထွက်ရှိလာသည်။ မြန်မာနိုင်ငံနှင့် ရေမြေယဉ်ကျေးမှုချင်းနီးစပ်သော အရှေ့တောင်အာရှနိုင်ငံများ၏ သမိုင်းဖြစ်စဉ် ပထဝီဝင်အနေအထား၊ ကိုလိုနီဘဝ သက်ဆင်းကျရောက်ရပုံများ၊ အမျိုးသားလှုပ်ရှားမှုများမှတစ်ဆင့် လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းကြပုံတို့ကို စိတ်ဝင်စားဖွယ် ရေးသားဖော်ပြထားသည်။ ထို့ပြင် မြန်မာနိုင်ငံအပေါ် ပြင်ပမှရှုမြင်သုံးသပ်မှုများကိုလည်း ဖတ်ရှုနိုင်သည်။ အရှေ့တောင်အာရှသမိုင်းကြောင်းကို ဖတ်ရှုနိုင်ပြီး အခြားသော အရှေ့တောင်အာရှနိုင်ငံများ နှင့် နှိုင်းယှဉ်၍ မြန်မာနိုင်ငံ၏ လက်ရှိအနေအထားကို ပို၍ တိုးတက်အောင် ကြိုးစားရန်လိုအပ်ကြောင်း ဤစာအုပ်က မီးမောင်းထိုးပြထားသည်။ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြစ်ပြီး ဘဝတက္ကသိုလ်စာပေမှ ထုတ်ဝေခြင်းဖြစ်သည်။

# ဘုမ္မာဝတီအရုပ်တော်ပုံ




စာရေးဆရာကြီး မင်းသိခ်ရေးသားသော **"ဘုမ္မာဝတီအရုပ်တော်ပုံ"** စာအုပ်ထွက်ရှိလာသည်။ တတိယအကြိမ်ထုတ်ဝေခြင်းဖြစ်ပြီး တန်ဖိုးငွေကျပ် ၂၅၀၀ ဖြစ်သည်။ ဆားပုလင်းနှင်းမောင်ပြောသော သရဲအကြောင်း၊ လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကတည်းက ထားရှိလာသည့် အိုးဂိုဏ်းနှင့် ကြိုးဂိုဏ်းကြားမှ ရန်ငြိုးရန်စများ၊ ထူးဆန်းသည့် မျက်လှည့်အတတ်ပညာ လျှို့ဝှက်ချက်များနှင့် ပြည့်နှက်နေသော ဘုမ္မာဝတီယုနီမာစတီ၊ ဖော်ထုတ်ရန်ခက်ခဲသော လူသတ်မှုကို ဆားပုလင်းနှင်းမောင်က ဖော်ထုတ်လိုက်သောအခါ. . .။ စုံထောက်ဝတ္ထုကြိုက်နှစ်သက်သူများအတွက် လက်မှမချစတမ်းဖတ်ရှုစရာကောင်းသော စာအုပ်တစ်အုပ်ဖြစ်သည်။ ဘုမ္မာဝတီစာပေမှ ထုတ်ဝေခြင်းဖြစ်သည်။

# ရှမ်းစု-မကျီးအင်း ကျေးရွာချင်းဆက်တံတားတည်ဆောက်



**ကျွန်းလှ နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ရှမ်းစု-မကျီးအင်း ကျေးရွာချင်းဆက်တံတား တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ တံတားကို ခွင့်ပြုရန်ပုံငွေကျပ် ၁၅၈၁၀၀၀ဖြင့် အရှည်ပေ ၂၀၊ အနံ ၇ ဒသမ ၆ ပေ၊ အမြင့်ခြောက်ပေ ကွန်ကရစ်တံတားကို ရှမ်းစုကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီက ဦးဆောင်ပြီး ပြည်သူများပူးပေါင်း၍ တည်ဆောက်ရာ ငွေကျပ် ၁၇ သိန်း ကုန်ကျကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ကျေးရွာတောင်သူတွေရဲ့ လယ်ယာမြေတွေက ရွာအနောက်ဘက်မှာ ရှိပါတယ်။ နေ့စဉ်သွားလာနေကြပြီး အရင်က တံတားပျက်စီးနေတဲ့အတွက် သွားလာရေးခက်ခဲပေမယ့် ကွန်ကရစ်တံတားတည်ဆောက်လိုက်တော့ ကျောင်းသား ကျောင်းသူတွေ၊ ဈေးသည်တွေ သွားလာရေးလွယ်ကူပြီး တောင်သူတွေ ကုန်ထုတ်လုပ်မှုအဆင်ပြေမှာ ဖြစ်ပါတယ်" ဟု တောင်သူတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ပုလဲမြို့နယ် သေတ္တရာကျေးရွာ၌ မူလွန်တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မည်

**ပုလဲ နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် သေတ္တရာကျေးရွာ အခြေခံပညာမူလွန်ကျောင်းအတွက် ရန်ကုန်မြို့နေ ဦးခင်မောင်ထွန်းမိသားစုက ငွေကျပ်သိန်း ၁၈၀ အကုန်အကျခံ၍ အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ နံကပ်တစ်ထပ်ကျောင်းဆောင်သစ်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အမီဆောက်လုပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်အလှူရှင်က "ကျွန်တော် ငယ်စဉ်က ဒီရွာကနေ စီးပွားရှာဖို့ မြို့ကြီးပြကြီး တက်သွားတဲ့အချိန်မှာ ကောင်းတဲ့ကျောင်းဆောင်က တစ်ဆောင်တည်းပါ၊ အခုရွာပြန်လာတော့လည်း ကျောင်းဆောင်က ကောင်းတာဆိုလို့ တစ်ဆောင်တည်းပဲရှိပါတယ်။ ကျေးရွာက ကိုယ့်အားကိုယ်ကိုးနဲ့ ဆောက်နေတဲ့ မတ်မိုးအဆင့် ပြီးစီးတဲ့ကျောင်းဆောင်သစ်တစ်ဆောင်တော့ ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့မိသားစုက အလျားပေ ၆၀၊ အနံ ပေ ၃၀ ၊ အမြင့် ၁၂ ပေရှိတဲ့ နံကပ်တစ်ထပ် ကျောင်းဆောင်သစ်လေးကို ဆောက်လုပ်လှူဒါန်းပေးခြင်း ဖြစ်ပါတယ်" ဟု ပြောကြားသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# ရန်ကုန်အသင်း မဲခေါင်ပြိုင်ပွဲမှ ထွက်ခဲ့ရ

**ဖနောင်ပင် နိုဝင်ဘာ ၂၉**

မဲခေါင်တိုယိုတာဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲကို ယနေ့ညပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ National Olympic ကွင်း၌ကျင်းပရာ ရန်ကုန်အသင်းမှာ ကမ္ဘောဒီးယားကလပ် အန်ကောအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရပြီ ဖြစ်သည်။

ရန်ကုန်အသင်းမှာ ယခုပွဲတွင် သရေကျရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်မည်ဖြစ်သော်လည်း ဂိုးပြတ်အရှုံးနှင့်အတူ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။ ရန်ကုန်အသင်းမှာ ပထမပိုင်းတွင် ခြေအသာရခဲ့ပြီး ဂိုးသွင်းခွင့်များစွာ ဖန်တီးနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ကစားပုံ သိသိသာသာဆိုးရွားကာ ဂိုးများ ပေးခဲ့ရခြင်းဖြစ်သည်။ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့သည့် အန်ကောအသင်းမှာ ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး ဗီယက်နမ်ကလပ် ဘင်ဒေါင်းအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရန်ကုန်အသင်းမှာ လာအိုတိုယိုတာအသင်းကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဖာနန်ဒို၊ ဇာနည်ထက်၊ ဇော်မင်းထွန်း၊ ခင်မောင်လွင်၊ ပြည့်ဖြိုးအောင်၊ ရန်အောင်ကျော်၊ ဒေးဗစ်ဒန်း၊ ဇွန်မိုးအောင်၊ ကြည်လင်း၊ ကျော်ကိုကို၊ အက်ဒီဆင်တို့ ပါဝင်လာသည်။ ပထမပိုင်းတွင် ရန်ကုန်အသင်းခြေအသာရခဲ့ပြီး ပိုမိုဖိကစားနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းခြင်း၊ ဂိုးကံခေခြင်းတို့ကြောင့် ဂိုးမရခဲ့ပေ။ ကျော်ကိုကို၏ ခေါင်းတိုက်ချက် တိုင်ထိထွက်သွားပြီး ကြည်လင်း၏ အနီးကပ်ကန်ချက်ဘားထိထွက်ခဲ့၍ ရန်ကုန်အသင်း နစ်နာခဲ့သလို ရန်အောင်ကျော်၊ ကျော်ကိုကိုတို့ အပိုင်အခွင့်အရေးများ အသုံးမချနိုင်ခဲ့ပေ။ ပထမပိုင်းပြီးခါနီးတွင် အန်ကောတိုက်စစ်မှူး မာသာနာကာ အပိုင်ကန်ခွင့်ရခဲ့သော်လည်း ရန်ကုန်ဂိုးသမား ဖာနန်ဒို ကာကွယ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်း ကစားကွက်ပျက်သွားပြီး ဂိုးများဆက်တိုက်ပေးခဲ့ရသည်။ အန်ကောအတွက် အနိုင်ဂိုးများကို ၅၂ ၊ ၈၇ မိနစ်တွင် အိုမော့ဘာ၊ ၆၃ မိနစ်တွင် ဂျီဘင်ဂါတို့က သွင်းယူခဲ့သည်။ ရန်ကုန်အသင်းမှာ ဒုတိယပိုင်းတွင် ကစားပုံဆိုးရွားခဲ့ပြီး ခံစစ်ပိုင်းအမှားအယွင်းများမှုကြောင့် ပေးဂိုးများခဲ့ခြင်းဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း**

# အာဆီယံနှင့် ဂျပန် ၁၁ နိုင်ငံတို့မှ တက္ကသိုလ်ကျောင်းသားလူငယ်မောင်မယ်များ ရွှေတိဂုံစေတီတော်အား လာရောက်လေ့လာဖူးမြော်



ရွှေတိဂုံစေတီတော်၌ ဘုရားဖူးပြည်သူများ၊ လာရောက်လေ့လာကြသည့် ပြည်ပခရီးသွားဧည့်သည်များအား တွေ့ရစဉ်။

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံသားတို့၏ အထွတ်အမြတ်ထားရာ ပြည်တွင်း ပြည်ပ ခရီးသွားများ အထူးစိတ်ဝင်စားစရာ၊ လေ့လာစရာများဖြင့် ပြည့်နှက်နေသော ရွှေတိဂုံစေတီတော်သို့ နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန် လူငယ်သင်္ဘောခရီးစဉ်ဖြင့် လိုက်ပါလာသော အာဆီယံနှင့်ဂျပန် ၁၁ နိုင်ငံတို့မှ တက္ကသိုလ်ကျောင်းသား လူငယ်မောင်မယ် ၃၃၀ လာရောက်လေ့လာဖူးမြော်ကြသည်။ ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ နိုင်ငံခြားသားခရီးသွားများနှင့် တက္ကသိုလ်ကျောင်းသားလူငယ်မောင်မယ်တို့ဖြင့် စေတီတော်ရင်ပြင်တွင် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

"သမီးက ထိုင်းနဲ့ လာအိုကျောင်းသူနှစ်ဦးကို တာဝန်ယူရတာပါ။ ရန်ကုန်တက္ကသိုလ်အပါအဝင် ဆရာ ဆရာမတွေ၊ ကျောင်းသူ ကျောင်းသားတွေခွဲပြီး အိမ်ရှင်မိသားစုအနေနဲ့ ကြိုဆိုရတာပါ။ ဒီနေ့ ရွှေတိဂုံစေတီကို လိုက်ပို့တော့ ပျော်နေကြတယ်။ ရွှေရောင်ဝင်းပြီး ကြီးမားတဲ့စေတီကို မမြင်ဖူးလို့ အံ့သြရတယ်လို့ပြောပါတယ်။ အခုလိုလိုက်ပို့ရတာ နိုင်ငံအတွက်လည်း ဂုဏ်ယူတယ်။ အာရှတိုက်သား ကျောင်းသူချင်း တစ်ညအိပ်နှစ်ရက် ဆုံစည်းခွင့်ရလို့ ဝမ်းသာပီတိလည်းဖြစ်ရတယ်။ ဒီနေ့မွန်းတည့် ၁၂ နာရီမှာ သူတို့ကို သင်္ဘောပေါ်လိုက်ပို့ရမယ်။မွန်းလွဲ ၁ နာရီ သင်္ဘောပြန်ထွက်မယ်လို့ ပြောတယ်" ဟု ရန်ကုန်တက္ကသိုလ်မှ ဒုတိယနှစ်ကျောင်းသူ မချမ်းမြေ့သူက ပြောသည်။

ရုံးပိတ်ရက်ဖြစ်၍ ဘုရားဖူးကုသိုလ်ယူသူများ၊ ပုဆိုး၊ လုံချည် ကပိုကရို အလှဖြင့် ရင်ပြင်တော်တွင် လေ့လာဖူးမြော်နေသော နိုင်ငံခြားသား ခရီးသွားတို့ဖြင့် စည်ကားလျက်ရှိပြီး ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးကလည်း "ဒီနှစ်လည်း နိုင်ငံခြားသားခရီးသွား မနှစ်ကထက်များနိုင်ပါတယ်။ မနှစ်က ငါးသိန်းနီးပါး ရွှေတိဂုံစေတီတော်ကို ဖူးမြော်လေ့လာတယ်။ ဒီနှစ် ခြောက်သိန်းကျော်လာမယ်လို့ ခန့်မှန်းရပါတယ်။အရှေ့တောင်အာရှကဆိုရင်တော့ ဒီနှစ် ထိုင်းနိုင်ငံကလာတာများတယ်" ဟု ပြောသည်။

ဂျပန်အစိုးရ၏အစီအစဉ်ဖြင့် အရှေ့တောင်အာရှနိုင်ငံများသို့ (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်တွင် အာဆီယံနှင့် ဂျပန်နိုင်ငံတို့မှ ကျောင်းသား ကျောင်းသူ ၃၃၀ လိုက်ပါလာပြီး မြန်မာနိုင်ငံကိုယ်စားပြု လူငယ်ခေါင်းဆောင်များက (၂၅) ကြိမ်မြောက် ခရီးစဉ်တွင် စတင်ပူးပေါင်းဆောင်ရွက်ခဲ့ရာ မြန်မာလူငယ် ၅၀၀ ကျော်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှုသည် အာဆီယံအသိုက်အဝန်း ထူထောင်ရေးအတွက် အထောက်အပံ့ဖြစ်စေကြောင်း၊ ယနေ့နံနက်ပိုင်း ကျောင်းသားများ ရွှေတိဂုံစေတီတော်အား ဖူးမြော်လေ့လာခြင်း၊ မြန်မာ့ရိုးရာအစားအစာများကို စွဲစွဲမက်မက်စားသောက်ခြင်း၊ မြန်မာလူမျိုးတို့၏ ရင်းနှီးဖော်ရွေမှုကို အသိအမှတ်ပြုလက်တွေ့သိရှိခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ခရီးစဉ်အုပ်ချုပ်သူအရာရှိ Mr. Hideki UEMURA နှင့်အတူ အရှေ့တောင်အာရှနှင့်ဂျပန် (၁၁) နိုင်ငံတို့မှ တက္ကသိုလ်ကျောင်းသား လူငယ်မောင်မယ်များ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**(၁၆၄)**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂၉** နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။**(မိုး/ဇလ)**

---

*စာမျက်နှာ ၆ မှ*

၉။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၌ (၁၅-၁၁-၂၀၁၅) ရက်နေ့အထိ ပြန်လည်စွန့်လွှတ်မြေများကို သက်ဆိုင်သူများထံသို့ လွှဲပြောင်းပေးအပ်ပြီးစီးမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | စုစုပေါင်း စွန့်လွှတ်မြေ | | သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း | | | | လွှဲအပ်ရန် ကျန်မြေဧရိယာ (ဧက) |
|---|---|---|---|---|---|---|---|---|
| | | | | စိုက်ပျိုးမြေ ပြန်လည် လွှဲပြောင်းပေးအပ်ခြင်း | | စိုက်ပျိုးမြေမဟုတ်သော အခြားမြေများကို သက်ဆိုင်ရာသို့ လွှဲပြောင်းခြင်း(ဧက) | စုစုပေါင်း လွှဲပြောင်းပြီး မြေဧရိယာ(ဧက) | |
| | | အမှု | ဧက | တောင်သူ | ဧက | | | |
| ၁ | နေပြည်တော် | ၁၄ | ၉၉၇.၁၇၀ | ၁၁၉ | ၃၁၀.၇၉၀ | ၆၈၆.၃၈၀ | ၉၉၇.၁၇၀ | - |
| ၂ | ကချင် | ၆၈ | ၄၃၈၈၅.၃၂ | ၁၃၃၄ | ၇၄၁၂.၆၂၀ | ၃၆၄၃၅.၃၅၀ | ၄၃၈၄၇.၉၇ | ၃၇.၃၅၀ |
| ၃ | ကယား | ၁၁ | ၃၄၁၆.၃၁၀ | ၉၅၃ | ၂၇၆၇.၈၁၀ | ၆၄၈.၅၀၀ | ၃၄၁၆.၃၁၀ | - |
| ၄ | ကရင် | ၂၇ | ၂၈၃၄.၆၈၁ | ၂၁၉ | ၁၆၆၇.၃၂၀ | ၈၁၁.၉၅၁ | ၂၄၇၉.၂၇၁ | ၃၅၅.၄၁၀ |
| ၅ | ချင်း | ၁၄ | ၂၀၃၂.၀၄၀ | ၄၄၅ | ၁၅၃၇.၆၆၁ | ၁၀၇.၁၃၉ | ၁၆၄၄.၈၀၀ | ၃၈၇.၂၄၀ |
| ၆ | စစ်ကိုင်း | ၁၆၄ | ၅၁၃၇၂.၄၄၃ | ၂၇၇၈ | ၁၉၄၀၀.၈၁၀ | ၃၁၉၇၁.၆၃၃ | ၅၁၃၇၂.၄၄၃ | - |
| ၇ | တနင်္သာရီ | ၄၉ | ၃၁၆၈.၈၉၆ | ၂၃၉ | ၁၃၄၄.၈၄၀ | ၁၆၀၈.၇၀၆ | ၂၉၅၃.၅၄၆ | ၂၁၅.၃၅၀ |
| ၈ | ပဲခူး | ၁၂၇ | ၃၇၂၆၂.၂၁၀ | ၅၂၈၀ | ၂၈၅၆၃.၇၅၀ | ၈၅၁၆.၄၀၀ | ၃၇၀၈၀.၁၅၀ | ၁၈၂.၀၆၀ |
| ၉ | မကွေး | ၅၉ | ၁၈၀၂၁.၆၀၇ | ၂၂၆၇ | ၇၃၀၆.၂၁၀ | ၉၉၁၅.၃၉၇ | ၁၇၂၂၁.၆၀၇ | ၈၀၀.၀၀၀ |
| ၁၀ | မန္တလေး | ၆၂ | ၃၀၁၅၂.၃၆၆ | ၂၇၅၃ | ၁၀၃၁၃.၆၈၄ | ၆၃၆၈.၂၉၇ | ၁၆၆၈၁.၉၈၁ | ၁၃၄၇၀.၃၈၅ |
| ၁၁ | မွန် | ၆၈ | ၃၇၆၃.၁၂၁ | ၄၃၄ | ၂၇၂၈.၂၈၀ | ၉၉၅.၄၆၀ | ၃၇၂၃.၇၄၀ | ၃၉.၃၈၁ |
| ၁၂ | ရခိုင် | ၂၈၈ | ၂၈၀၅၀.၃၆၃ | ၄၁၇၉ | ၁၃၅၄၇.၅၅၀ | ၁၄၅၀၂.၈၁၃ | ၂၈၀၅၀.၃၆၃ | - |
| ၁၃ | ရန်ကုန် | ၇၆ | ၆၉၄၅.၆၅၁ | ၂၈၆ | ၂၇၁၄.၂၉၀ | ၂၇၇၀.၇၅၀ | ၅၅၂၅.၀၄ | ၁၄၂၀.၆၁၁ |
| ၁၄ | ရှမ်း | ၂၁၂ | ၅၈၂၇၀.၂၄၇ | ၅၅၅၀ | ၁၉၉၉၇.၄၉၉ | ၃၈၀၈၉.၀၂၈ | ၅၈၀၈၆.၅၂၇ | ၁၈၃.၇၂ |
| ၁၅ | ဧရာဝတီ | ၂၄၄ | ၈၆၈၂၀.၈၀၉ | ၉၇၇၁ | ၇၆၇၄၁.၆၂၄ | ၁၀၀၇၉.၁၈၅ | ၈၆၈၂၀.၈၀၉ | - |
| | စုစုပေါင်း | ၁၄၈၃ | ၃၇၆၉၉၃.၂၃၄ | ၃၆၆၀၇ | ၁၉၆၃၉၄.၇၃၈ | ၁၆၃၅၀၆.၉၈၉ | ၃၅၉၉၀၁.၇၂၇ | ၁၇၀၉၁.၅၀၇ |

၁၀။ သို့ပါ၍ မြေသိမ်းဆည်းခံရ၍ အမှန်တကယ် နစ်နာသူပြည်သူများအနေဖြင့် မိမိတို့ သိမ်းဆည်းခံခဲ့ရသည့် မြေများသည် ပြန်လည်စွန့်လွှတ်သော မြေများတွင်ပါဝင်ခြင်း ရှိ/မရှိ သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများတွင်စုံစမ်းပြီး ပြန်လည်စွန့်လွှတ်မြေများတွင် ပါဝင်ပါက သက်ဆိုင်ရာ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများထံမှ မြေပိုင်ဆိုင်ခွင့် အထောက်အထားများနှင့်တကွ ခိုင်ခိုင်မာမာလွှဲပြောင်းရယူကြရန်ဖြစ်ပါသည်။

၁၁။ မြေကိစ္စရပ်များဖြေရှင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ဘဝင်မကျမှုများရှိ၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများသို့ ပေးပို့ခဲ့သော အကြံပြုချက်များကိုလည်း အလေးထား ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါကြောင်း ဖော်ပြအပ်ပါသည်။

၁၂။ ထို့အပြင် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် စိစစ်ဖြေရှင်းရန်ကျန်ရှိသော မြေကိစ္စများနှင့် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်မှ ထပ်မံပေးပို့လာသည့်မြေကိစ္စများကို စိစစ်၍ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူလူထုထံသို့ ရှင်းလင်းတင်ပြနိုင်ရေး အလေးထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ဆက်လက်စိစစ်ရရှိလာသော စွန့်လွှတ်မြေများကိုလည်း သက်ဆိုင်သူများထံသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ**

---

## (၂၆) ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**သရက်ချောင်း နိုဝင်ဘာ ၂၉**

သရက်ချောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း မြက်ခင်းပြင်၌ နိုဝင်ဘာ ၂၈ ရက်က (၂၆)ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဇုန်မန်နေဂျာကိုယ်စားညှိနှိုင်းရေးမှူးက (၂၆)ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများနေ့ သဝဏ်လွှာကို ဖတ်ကြားပေးခဲ့သည်။

အခမ်းအနားတွင် ကလေးငယ်များက အထိမ်းအမှတ်သံချပ်ဖြင့် သရုပ်ဖော်ပြသပြီး အခြေခံမူလေးချက်ကို သရုပ်ဖော်ထားသော ဇာတ်လမ်းတိုများကို သရုပ်ဖော်ပြသသည်။ ဆက်လက်၍ စွမ်းရည်ဖော်ထုတ်ခြင်း အစီအစဉ်တွင် ပါဝင်သော ကလေးများကို လက်ဆောင်ပစ္စည်းများပေးအပ်သည်။ အခမ်းအနားသို့ သရက်ချောင်းမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအတွင်းရေးမှူး နှင့်အဖွဲ့ဝင်များ၊ ဝေါလ်ဗီးရှင်း (မြန်မာ)သရက်ချောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးစီမံကိန်း အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**



---

## ကောလင်းမြို့၌ စက်ပြင်ဆင်မှုသင်တန်းဆင်းပွဲကျင်းပ

**ကောလင်း နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရန်ပုံငွေအထောက်အပံ့ဖြင့် ဖွင့်လှစ်သော ကောလင်းမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ လက်တွန်း ထွန်စက်နှင့် စက်ပြင်ဆင်မှုသင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်သမဝါယမအသင်းစုရုံး အစည်း အဝေးခန်းမ၌ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံယူသည်။ အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၅ ရက်မှ ၂၉ ရက် အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၂၅ ဦး တက်ရောက်၍ သင်တန်းနည်းပြများက စာတွေ့ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**အောင်ကျော်စိုး(ကောလင်း)**

# သဘာဝဘေးသင့်ခဲ့သည့် တမူးခရိုင်အတွင်း ထူထောင်ရေးလုပ်ငန်းများ လူအင်အား စက်အင်အားဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိ



တမူးဒေသ ခမ်းပါတ် (၁)၊ (၂) ရပ်ကွက်၌ အိမ်ရာများ ပြန်လည်တည်ဆောက် ထားမှုကို တွေ့ရစဉ်။



တမူးဒေသ ကနန်ကျေးရွာ၌ အိမ်ရာများ အစီအရီဆောက်လုပ်ထားမှုကို တွေ့ရစဉ်။



ထင်းဇင်ကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် အိမ်ရာများ ဆောက်လုပ်ထားမှုကို တွေ့ရစဉ်။



မင်းသမီးကျေးရွာ ပြည်သူများလုပ်ကိုင်စားသောက်ရန်အတွက် စက်ယန္တရားဖြင့် မြေယာဖော်ထုတ်နေမှုကို တွေ့ရစဉ်။



ထင်းဇင်ကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် အိမ်ရာများဆောက်လုပ်ထားမှုကို တွေ့ရစဉ်။



ကနန်ကျေးရွာ၌ စနစ်တကျ ဆောက်လုပ်ထားသည့် အိမ်ရာများကို တွေ့ရစဉ်။

# အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ် ကျောင်းသားလူငယ်များယဉ်ကျေးမှုဖလှယ်ပွဲတက်ရောက်ပြီး ပြန်လည်ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၉**

(၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များခရီးစဉ် ၂၀၁၅ ယဉ်ကျေးမှုဖလှယ်ပွဲနှင့် ညစာစားပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆူးလေချန်ဂရီလာဟိုတယ်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက တက်ရောက်လာကြသည့် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ ခရီးစဉ်တွင် ပါဝင်သူများကို ညစာစားပွဲ အကြိုနှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr . Tateshi Higuchi က နှုတ်ခွန်းဆက်စကားပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်သင်္ဘောအုပ်ချုပ်ရေးမှူးတို့ အပြန်အလှန်လက်ဆောင်ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက မလေးရှား၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ National Leader တစ်ဦးချင်းစီကို လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

သင်္ဘောခရီးစဉ်တွင် လိုက်ပါလာကြသည့်လူငယ်များသည် အုပ်စုအလိုက်ခွဲ၍ ရန်ကုန်မြို့ပေါ်ရှိတက္ကသိုလ်ရှစ်ခုသို့ သွားရောက်လေ့လာခဲ့ကြရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အမှတ်တရလက်ဆောင်များပေးအပ်ကာ တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံစကားပြောကြားကြသည်။

မြန်မာနိုင်ငံ၌ သုံးရက်တာရောက်ရှိနေသည့် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များလိုက်ပါလာသော သင်္ဘောခရီးစဉ်သင်္ဘောကြီးသည် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်မြို့ပေါ်ရှိတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြပြီး ကျောင်းသား ကျောင်းသူများက တေးသီချင်း၊ အကများဖြင့် ဖျော်ဖြေနှုတ်ဆက်ဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။




**(မြန်မာ့အလင်း)**

# မြန်မာ-ဂျပန် ထရန်စဖော်မာများ ပူးပေါင်းထုတ်လုပ်မှုစတင်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ဂျပန် နည်းပညာကုမ္ပဏီကြီး ဟီတာချီကုမ္ပဏီနှင့် ပြည်တွင်း ထရန်စဖော်မာကုမ္ပဏီတစ်ခုဖြစ်သည့် SOE Electric & Machinery တို့က ထရန်စဖော်မာများကို ပူးပေါင်း ထုတ်လုပ်မှု စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ပြည်တွင်း လိုအပ်ချက်သာမက အာဆီယံဒေသတွင်း နိုင်ငံများသို့ ပါထုတ်လုပ်တင်ပို့ရန် ရည်ရွယ်ထားပြီး ပြည်တွင်း၌ ထုတ်လုပ်သွားမည်ဖြစ်သောကြောင့် ပြည်ပမှတင်ပို့နေမှုကိုလည်း လျှော့ချသွားနိုင်မည်ဟု သိရသည်။

ကုမ္ပဏီနှစ်ခု ပူးပေါင်းဆောင်ရွက်မှု သဘောတူညီမှုစာချုပ်ကို ယခုနှစ် ဇူလိုင်လအတွင်းက လက်မှတ်ရေးထိုးခဲ့ပြီး အောက်တိုဘာ ၁ ရက်မှစတင်ကာ လုပ်ငန်းများစတင်လည်ပတ်နေကြောင်း သိရသည်။

ဟီတာချီကုမ္ပဏီသည် ဂျပန်နိုင်ငံအခြေစိုက် ကမ္ဘာကျော်ကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး အီလက်ထရွန်နစ်စွမ်းအင် အခြေခံအဆောက်အအုံ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးစနစ်များ ဆောက်လုပ်ရေးနှင့်နည်းပညာ အရည်အသွေးမြင့် စက်ပစ္စည်းများ၊ စက်အစိတ်အပိုင်းများစသည့်ကဏ္ဍများကို လုပ်ကိုင်ဆောင်ရွက်နေသည့် ကုမ္ပဏီကြီးဖြစ်သည်။ SOE Electric & Machinery ကုမ္ပဏီကြီးအနေဖြင့် လျှပ်စစ်ထုတ်ဝေဖြန့်ဖြူးရေးဆိုင်ရာ ထရန်စဖော်မာများ ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ချိနေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၁၃ ခုနှစ်က ကမ္ဘာကျော် နယ်သာလန်နိုင်ငံမှ ထရန်စဖော်မာထုတ်လုပ်မှု ထောက်ခံချက်ပေးသောအဖွဲ့က အသိအမှတ်ပြုခံထားရသော ကုမ္ပဏီဖြစ်ကြောင်း သိရသည်။




ဂျပန်မှ ဟီတာချီကုမ္ပဏီနှင့် SOE Electric & Machinery တို့ ပူးပေါင်းလုပ်ကိုင်သည့် ထရန်စဖော်မာထုတ်လုပ်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ကုမ္ပဏီနှစ်ခု အကျိုးတူပူးပေါင်းဆောင်ရွက်မှုတွင် အမေရိကန်ဒေါ်လာ ၄၅ သန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ပြီး ဟီတာချီကုမ္ပဏီက ၅၁ ရာခိုင်နှုန်းနှင့် စိုးအီလက်ထရွန်နစ်ကုမ္ပဏီက ၄၉ ရာခိုင်နှုန်းဖြင့် Hitachi SOE Electric & Machinery ကုမ္ပဏီထူထောင်ကာ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် Power & Distribution ထရန်စဖော်မာများ ထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်း၊ ၄ားရမ်းခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း Swith Gear နှင့်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်တွင်းပြည်ပကုမ္ပဏီနှစ်ခု ပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတကာအတွေ့အကြုံနှင့် နည်းပညာများလည်း ရရှိလာနိုင်မည်ဖြစ်ကာ လက်ရှိတွင် ဝန်ထမ်းပေါင်း ၄၀၀ ကျော်အား အလုပ်အကိုင် အခွင့်အလမ်းများ ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်းကျောင်း စက်ချုပ်သင်တန်းဆင်း

**မောင်တော နိုဝင်ဘာ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးလေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းသင်တန်း အမှတ်စဉ်(၄၅)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၄၁) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၈ ရက်က အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင်မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး**(အောက်ပုံ)** အိမ်တွင်းမှုကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် အိမ်တွင်းမှုသင်တန်းကျောင်းပေါင်း ၃၇ကျောင်းရှိပြီး တစ်ဖက်နိုင်ငံမှရောက်ရှိလာသော တိုင်းရင်းသားများ၏ သားသမီးများကို သင်တန်းဖွင့်လှစ်ပေးပြီး ရခိုင်တိုင်းရင်းသူ မြို၊ ခမီ၊ သက်၊ ဒိုင်းနက် အမျိုးသမီးတိုင်းရင်းသူများ တက်ရောက်ခဲ့သည်။ မိသားစုဝင်ငွေတိုးတက်ပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အထည်ချုပ်စက်ရုံများ၌ အလုပ်အကိုင်များ ရှာဖွေပေးနိုင်ခဲ့သည့် သင်တန်းသူ စုစုပေါင်း ၅၀ ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**




# အမျိုးသမီးများ အခြေခံအိမ်တွင်းမှုနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်း

**တီးတိန် နိုဝင်ဘာ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (တီးတိန်)၏ ၂၀၁၅ -၂၀၁၆ ပညာသင်နှစ်အတွက် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၃၆/၂၀၁၅)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၃၀/၂၀၁၅) သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက ချင်းပြည်နယ် တီးတိန်မြို့ အိမ်တွင်းမှုသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မောင်မောင်က အမှာစကားပြောကြားပြီး ဆုရရှိသူများအားဆုချီးမြှင့်ရာ အခြေခံအိမ်တွင်းမှုသင်တန်း ထူးချွန်ဆုရရှိသူ မလာလ်ဗျက်ဘူးမော်ရီအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း ထူးချွန်ဆုရရှိသူ မကျိန်မွမ်းဇိုအား မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကလည်းကောင်း၊ စံပြသင်တန်းသူဆုရရှိသူ မမန်းလမ်းလွန်းအား မြို့နယ်မိခင်နှင့် အသင်းဥက္ကဌကလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# မြန်မာနိုင်ငံအထက်အောက် စာပေချစ်သူများ တွေ့ဆုံခွင့်ရခဲ့သည့် လူထုဒေါ်အမာ နှစ် (၁၀၀)ပြည့်မွေးနေ့ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၉

**သတင်းစာဆရာ စာရေးဆရာမကြီး လူထုဒေါ်အမာ နှစ် (၁၀၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အမရပူရမြို့နယ် တောင်သမန်အင်း ဖောင်းမယ်ဇင်ပင်တန်းအနီးရှိ တောင်လေးလုံးကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။**



**သတင်းစာဆရာ စာရေးဆရာမကြီး လူထုဒေါ်အမာ နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပစဉ်။**

ရှေးဦးစွာ တက်ရောက်လာကြသော သတင်းစာဆရာကြီးများ၊ စာရေးဆရာကြီးများနှင့် မိသားစုဝင်များက ဆရာတော် သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာစာ ဂုဏ်ထူး ဦးသိန်းနိုင်၊ ကိုလေး(အင်းဝဂုဏ်ရည်) BOWMAN VICKY ဦးထွန်းအောင်ကျော် တရားရုံးချုပ်ရှေ့နေ၊ NILAR JAME SAM၊ ဦးအုံ့မောင်၊ ဒေါက်တာစိုးတင်၊ ညီပုလေးတို့က သတင်းစာဆရာ စာရေးဆရာမကြီး လူထုဒေါ်အမာ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် အမှတ်တရစကား ပြောကြားခဲ့ကြသည်။

ဆရာမကြီး၏ မွေးနေ့ပွဲသို့ တက်ရောက်လာကြသော မြန်မာပြည်အနှံ့အပြားမှ စာပေမိတ်ဆွေများနှင့် တပည့်သားမြေးများက အချင်းအချင်း တွေ့ဆုံ၍ အားပါးတရ ပြောကြားသွားခဲ့သော ဂုဏ်ပြုအမှတ်တရစကားသံများကို မျှဝေခံစားဖော်ပြပေးလိုက်ပါသည်။



ဆရာနေဝင်းမြင့်



ဆရာကျော်ရင်မြင့်



စာရေးဆရာမနီနီနိုင်(သထုံ)



ဆရာကိုရိုးကွန့်



ဦးစိုးဝင်းမြင့် (စာပေချစ်သူ)

**ဆရာနေဝင်းမြင့်**

အမေကကျွန်တော့်အတွက်တော့ ဘဝနှစ်ခုအတွက် အားကိုးခဲ့ရတာပါ။ မိသားစုဘဝအတွက် အားကိုးခဲ့ရသလို စာပေကလည်း အမေ့အရိပ်အောက်မှာ လုပ်ကိုင်ကြိုးစားခဲ့ရတာဆိုတော့ အမေ့ကျေးဇူးက ဆပ်ရင် ကုန်နိုင်ဖွယ်မရှိပါဘူးဗျာ။ ဒီနေ့ မြင်ကွင်းကြီးကိုတွေ့ရတာ ဝမ်းသာလိုက်တာ နှစ်ပေါင်းများစွာမတွေ့ရတဲ့ ရေးဖော်ရေးဖက်တွေကို တစုတဝေးတည်း အမေ့ရဲ့မွေးနေ့ပွဲကြီးကို အကြောင်းပြုပြီးတွေ့ရတာ အခုရင်ခုန်နေတယ်ဗျာ။

**ဆရာကျော်ရင်မြင့်**

ဒေါ်ဒေါ်က ဒီလိုသူ့ရဲ့ မွေးနေ့ပွဲလုပ်တာကို သိပ်ပြီးသဘောမကျဘူး။ ဒါပေမယ့် ကျွန်တော်တို့ကတော့ ဒေါ်ဒေါ့်မွေးနေ့ကို အကြောင်းပြုပြီး အထက်အောက်စာပေ မိတ်ဆွေတွေ တွေ့ဆုံကြပြီး ရင်းနှီးခင်မင်ခွင့်ရကြလို့ ဒေါ်ဒေါ်ကို မွေးနေ့ပွဲလုပ်ပေးခွင့်ပြုပါလို့ ခွင့်တောင်းပြီး ဒေါ်ဒေါ်ရဲ့ အသက် ၇၀ ပြည့်နှစ်က စလို့ လုပ်ခဲ့ကြတာပါ။ ဒါကြောင့် လုပ်ခွင့်ပြုတဲ့ ဒေါ်ဒေါ်ကိုလည်း ကျေးဇူးတင်ပြီး သတိရနေပါတယ်။ နောက်တစ်ခုက သူ့မွေးနေ့ကို သူ့သား သမီးတွေ၊ စာပေသမားတွေက အခုလိုကျင်းပရတာဟာ သူကိုယ်တိုင်လုပ်သွားတဲ့ အလုပ်တွေပေါ်မှာ ဂုဏ်ပြုတဲ့သဘောပါ။ ဒေါ်ဒေါ်ကို နမူနာယူပြီး ပြည်သူ့ဘက်ကရပ်တည်ကာ နိုင်ငံကောင်းကျိုးတွေ လုပ်ကြမယ်ဆိုရင် ဒေါ်ဒေါ်ဝမ်းသာနေမှာ ဖြစ်ပါတယ်လို့ပြောလိုပါတယ်။ အခုလို တကူးတက ကုန်ကျစရိတ်တွေ ဘေးဖယ်ထားပြီး ဒေါ်ဒေါ်ကိုချစ်တဲ့ စိတ်နဲ့လာကြတာဖြစ်လို့ ဝမ်းသာတဲ့အပြင် ကျေးဇူးလည်းတင်ပါတယ်။

**ဆရာကိုရိုးကွန့်**

ဒေါ်ဒေါ်ရဲ့ နှစ် (၁၀၀)ပြည့်ကတော့ မြန်မာပြည်အနှံ့မှာရှိတဲ့ စာရေးဆရာတွေ၊ စာပေချစ်သူတွေ၊ အားလုံး အလေးထားလာရောက်ကြတဲ့ ပွဲလေးဖြစ်ပါတယ်။ သူ့ကိုချစ်ခင်ယုံကြည်အားကိုးစိတ်နဲ့ ဒီပွဲလေးကို လုပ်တာဖြစ်ပါတယ်။ ဒေါ်ဒေါ်ဟာ စာပေလောကမှာတင်မက လူမှုရေးပိုင်းမှာလည်း မန္တလေးဖြဟ္မစိုရ်အသင်းကြီးကို တည်ထောင်ဖို့ စတင်ခဲ့သူဖြစ်ပါတယ်။ ဒီနေ့မှာဆို ဒေါ်ဒေါ်ရဲ့မွေးနေ့ကို အမှီပြုပြီး ကျွန်တော်တို့ အနယ်နယ်အရပ်ရပ်က ဆုံဖြစ်ဖို့မလွယ်လှတဲ့ စာပေသမားအချင်းချင်း တွေ့ဆုံဖြစ်တဲ့အတွက် ဒါဟာ ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင် မှန်အောင်ပစ်နိုင်လိုက်တဲ့ ပွဲလေးတစ်ခုလို့ပဲ တင်စားလိုက်ပါရစေ။ အခုအချိန်မှာ ရာသီဥတုကလည်း အေးချမ်းသာယာနေပြီ ဖြစ်တဲ့အတွက် အားလုံးရဲ့ ရင်ထဲမှာလည်း အေးအေးချမ်းချမ်းနဲ့ နိုင်ငံအကျိုး၊ စာပေအကျိုးကို ပူးပေါင်းပြီး ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုပါရစေ။

**စာရေးဆရာမနီနီနိုင်(သထုံ)**

ကျွန်မက ရန်ကုန်ကနေ အမေ့ရဲ့ မွေးနေ့ပွဲကို လာတက်တာပါ။ ၁၉၇၆ ခုနှစ်ကတည်းက အမေရဲ့အရိပ်ကို ခိုခဲ့ရပြီး အမေ့ရဲ့စာတွေနဲ့ ကြီးပြင်ခဲ့တာပါ။ မေ့ရေးခဲ့တဲ့ စာတွေက အကုန်လုံးမှတ်သားစရာတွေကြီးပါပဲ။ ရန်ကုန်ကလာတဲ့ လမ်းတစ်လျှောက် ကားပေါ်မှာ အမေ့အတွက် အမှတ်တရ ကဗျာတွေစပ်ပြီး သီဆိုပေးကြပါတယ်။ အခုလို အချိန်မှာ အမေဖြစ်ချင်တဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်နေပြီမို့ အမေဝမ်းသာနေမှာပါ။

**ဦးခင်မောင်ငြိမ်း (မြန်ဂုဏ်ဆောင်) ကောလင်း**

မန်းမှာမွေး မန်းမှာနေ မန်းမှာသေခဲ့သော်လည်း ကမ္ဘာတည်သရွေ့ မမေ့နိုင်ခဲ့ပါဘူး။ ရန်ကုန်တက္ကသိုလ်ကျောင်းသူဘဝမှာ ကမ္ဘာလှည့်၍ ဒိန်းမတ်၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ ရုရှား၊ ဂျာမနီ၊ ပိုလန်နဲ့ တရုတ် နိုင်ငံတွေမှာ စာပေဝတ်မှုန်ကူးပြီး မြန်မာစာဖတ်ပရိသတ်တွေအား သုတ၊ ရသတွေကို ဖြန့်ဝေခဲ့သူပါ။ ခေတ်ပညာတတ် အမျိုးသမီးဖြစ်ပေမယ့် မြန်မာဆန်ဆန် မြန်မာမှုကိုချစ်မြတ်နိုးသူ ဖိမ်ခံကားစီး၍ ဆိုရှယ်ကျပိုင်ခွင့်ရှိပေမယ့်လည်း ကြုံရာကားစီး၍ လမ်းမပေါ်လျှောက်ကာ အောက်ခြေလူသားများနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့သူ လူထုဒေါ်အမာကို ကျွန်တော်တို့ လေးစားအားကိုးခဲ့ရပါတယ်။ ဒီနေ့ ဆရာမကြီးရဲ့ ရာပြည့်မွေးနေ့ပွဲမှာ စာပေပီတိဝေဖြာမှုနဲ့ ကြုံခွင့်ဆုံခွင့် ဆောင်ရွက်နိုင်ခွင့်များကို လိုက်လှဲကြည်နူး အထူးဝမ်းသာနေရပါပြီ။

**ဦးစိုးဝင်းမြင့် (စာပေချစ်သူ)**

နှစ်ပေါင်းများစွာ အိမ်နီးချင်းအဖြစ်သာမက နံနက်ခင်းလမ်းလျှောက်ဖော်အနေနဲ့ပါ နေခဲ့ရတဲ့အတွက် တရင်းတနှီး ဒေါ်ဒေါ်လို့ပဲ ခေါ်ခဲ့တာပါ။ နံနက်ခင်း လမ်းလျှောက်တဲ့အခါ လမ်းတစ်ဝက်မှာ ပြန်လှည့်တတ်လွန်းလို့ ဖွဲ့ရှိရှိနဲ့ လျှောက်မှ ပန်းတိုင်ကိုရောက်မှာပါ။ သူလျှောက်တဲ့အထိ ကြိုးစားပြီး လျှောက်စမ်းပါလို့ ပြောခဲ့တဲ့စကားတစ်ခွန်းကြောင့် နောက်ပိုင်းမှာ ဒေါ်ဒေါ်နဲ့အတူ မင်္ဂလာတံတားအထိ လျှောက်ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် လမ်းလျှောက်ရင်း ဆုံးမခဲ့တဲ့ စကားတွေနဲ့ ဒေါ်ဒေါ်ရေးသားခဲ့တဲ့ အမေ့ရှေးစကားစာပေတွေကြောင့် ကျွန်တော့်သမီးနှစ်ယောက်ကို မြန်မာအမျိုးသမီးပီသအောင် ထိန်းကျောင်းပေးနိုင်ခဲ့ပါတယ်။ ဒေါ်ဒေါ်ရဲ့မွေးနေ့တွေကို မလာဖြစ်ခဲ့တာကြာပေမယ့် အခုနှစ် (၁၀၀)ပြည့်မှာတော့ သတိတရနဲ့ ဒေါ်ဒေါ်ရဲ့ ကျေးဇူးတရားတွေကို ဂုဏ်ပြုရင်း အမှတ်တရား စကားတွေကို ကြားနိုင်ပြောနိုင်ဖို့ ဒီပွဲလေးကို လာဖြစ်ခဲ့တာပါ။

**ဆရာညီပုလေး**

အမေ့ရဲ့မွေးနေ့ကို အနယ်နယ်အရပ်ရပ်က တကူးတကလာရောက်ကြတဲ့ စာပေမိတ်ဆွေရောင်းရင်းတွေကို အထူးကျေးဇူးတင် ဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့မောင်နှမ ငါးဦးရှိပေမယ့် မိဘတွေရဲ့မွေးနေ့ပွဲကို မောင်နှမတွေ စုံစုံညီညီနဲ့ လုပ်နိုင်ခွင့်မရခဲ့ပါဘူး။ ဒီနေ့မှာ အဝေးကိုရောက်နေတဲ့ ကျွန်တော့်ရဲ့အစ်ကိုကိုတော့ ကျွန်တော်တို့မောင်နှမတွေ အထူးတလည်သတိရနေကြပါတယ်။ ဝိုင်းဝန်းလုပ်ကိုင်ပေးကြတဲ့ နယ်ခံစာပေမိတ်ဆွေတွေနဲ့ ဆွေမျိုးသားချင်းအားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

**တင်မောင်(မန်းကိုယ်ပွား)**
**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နောက်ပိုင်းမိုး ရွာသွန်းမှုနည်းသောကြောင့် ဝါအထွက်နှုန်းကျ

ရမည်းသင်း နိုဝင်ဘာ ၂၉

ယခုနှစ်တွင် နောက်ပိုင်းမိုးရွာသွန်းမှုနည်းသောကြောင့် ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဝါအထွက်နှုန်းနည်းသောကြောင့် ဝါစိုက်တောင်သူများ ဝင်ငွေနည်းကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်အတွင်း၌ မိုးနှောင်းသီးနှံအဖြစ် ဝါကို အများအပြားစိုက်ပျိုးကြပြီး အများအားဖြင့် ငွေချည်(၆) ဝါမျိုးကို အဓိကစိုက်ပျိုးကြသည်။ တန်ဆောင်မုန်းလအတွင်း၌ ဝါပွင့်လှိုင်လှိုင်ကောက်ယူနိုင်မည်ဖြစ်သော်လည်း ယခုနှစ်တွင် နောက်ပိုင်းမိုးရွာသွန်းမှုနည်းသောကြောင့် ဝါပင်များမှာ လက်ရင်းသီးသာ အောင်မြင်မှုရ၍ ခေါင်သီး၊ အဖျားသီးမှာ အောင်မြင်ဖြစ်ထွန်းမှုနည်း၍ ဝါပွင့်ကောက်ယူမရနိုင်ဟု သိရသည်။

ဝါစိုက်တောင်သူများမှာ စိုက်ပျိုးစရိတ်နှင့် အခြားကုန်ကျစရိတ်များ စုပေါင်းတွက်လျှင် ဝါစိုက်တောင်သူများ အရှုံးများရှိကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**



# လူမှုရေး၊ စီးပွားရေး ကြော်ငြာများကို အနယ်နယ်အရပ်ရပ်ရှိ အောက်ပါလိပ်စာများတွင် ထည့်သွင်းကြော်ငြာနိုင်ပါသည်

| | | |
|---|---|---|
| * **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်**<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊<br>ဖုန်း-၀၆၇-၄၁၂၁၁၈ | * **ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)**<br>လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊<br>မန္တလေးမြို့။ ဖုန်း-၀၂-၃၂၇၂၉ ၊ ၀၂-၃၂၅၅၀ | * **ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)**<br>ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၊ မိန်းစက်ကြီးအနီး၊<br>မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း-၀၄၃-၂၃၀၆၈ |
| * **နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း)**<br>ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။<br>ဖုန်း-၀၆၇-၃၆၁၄၈၊ ၀၆၇-၃၆၁၂၉ | * **ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)**<br>ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။<br>ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇ | * **ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)**<br>ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း(၁၂)ရပ်ကွက်၊<br>မန်ဆူဘုရားရှေ့၊ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇ |
| * **မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)**<br>အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊<br>ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈ | * **ကိုယ်ပွားသတင်းစာတိုက်(မကွေး)**<br>နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်ဈေးအနီး၊ မကွေးမြို့။<br>ဖုန်း-၀၆၃-၂၃၇၁၂။ | * **ကိုယ်ပွားသတင်းစာတိုက်(မြိတ်)**<br>မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။<br>ဖုန်း-၀၅၉-၄၂၁၈၃ |
| * **ကြေးမုံသတင်းစာတိုက်(ရန်ကုန်)**<br>အမှတ်(၇၇) ၊ ၅၂ လမ်း၊ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀ | * **ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)**<br>မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊<br>ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂ | * **ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)**<br>ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။<br>ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆ |
| * **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်**<br>အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၁-၂၄၈၁၀၁၊ ၀၁-၂၄၈၁၀၂ | * **ကိုယ်ပွားသတင်းစာတိုက်(ကလေး)**<br>အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊<br>ကလေးမြို့။<br>ဖုန်း-၀၇၃-၂၂၁၃၃ | * **ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)**<br>နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။<br>ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃ |
| * **မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်)**<br>အမှတ်(၅၈) ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊<br>ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉ | * **ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)**<br>အမှတ်(၄၁) ဈေးရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။<br>ဖုန်း ၀၇၄-၂၂၄၆၂ | |


## ကချင်ပြည်နယ် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့မှ ယာယီတိုက်ပွဲရှောင်စခန်းများသို့ ဆန်နှင့်ထောက်ပံ့ငွေများလှူဒါန်း

**မြစ်ကြီးနား နိုဝင်ဘာ ၂၉**

အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)မှ ယာယီတိုက်ပွဲရှောင်စခန်းများသို့ ပေးပို့လှူဒါန်းသော ဆန်နှင့် ထောက်ပံ့ငွေများကို ကချင်ပြည်နယ် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး အဖွဲ့ကဦးစီးပြီး နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက ဝိုင်းမော်မြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ သာဂရ သရက်တော ယာယီတိုက်ပွဲရှောင်စခန်း၌ သွားရောက်လှူဒါန်းခဲ့ကြသည်။



သာဂရ သရက်တော ယာယီတိုက်ပွဲရှောင်စခန်း၌ ဝိုင်းမော်မြို့နယ် ကျေးရွာ ၁၁ ရွာမှ ခေတ္တရွှေ့ပြောင်းနေထိုင်လျက်ရှိသော အိမ်ထောင်စု ၈၉ စု၊ လူဦးရေ ၄၇၈ ဦးတို့အတွက် ဆန်အိတ် ၄၀၊ ထောက်ပံ့ငွေကျပ် ၁၄၃၄၀၀၀ တို့ကို ကချင်ပြည်နယ် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမုနိန္ဒက စခန်းတာဝန်ခံ ဦးစိုးသိန်းထံ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ ခတ်ချိုယာယီတိုက်ပွဲရှောင်စခန်းရှိ အိမ်ထောင်စု ၁၁၁ စု၊ လူဦးရေ ၅၁၂ ဦးတို့အတွက် ဆန် ၄၃ အိတ်၊ ထောက်ပံ့ငွေကျပ် ၁၅၃၉၀၀၀၊ မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်ရှိ ဝန်သို ယာယီတိုက်ပွဲရှောင်စခန်း၌ အိမ်ထောင်စုခြောက်စု၊ လူဦးရေ ၃၆ ဦးအတွက် ဆန်သုံးအိတ်၊ ထောက်ပံ့ငွေကျပ် ၁၁၁၀၀၀ တို့ကို ကချင်ပြည်နယ် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် အဖွဲ့ဝင်များက စခန်းတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။ **မင်းမင်း(မြစ်ကြီးနား)**



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း၌ လူမှုရေးအသိအမှတ်ပြု ဂုဏ်ထူးဆောင် Certificate ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၆ ရက်က ကျင်းပရာ လူမှုရေးဆိုင်ရာ ပါဝင်ဆောင်ရွက်ခဲ့သော နန္ဒာအောင်မြေကျောင်းဆရာတော် ဘဒ္ဒန္တနိမလကို ထိုင်းနိုင်ငံ WMC နိုင်ငံတကာအင်တာနေရှင်နယ်ဆေးရုံမှ ဆရာဝန်ကြီးများ ဆက်ကပ်စဉ်။ (မြန်မာ့အလင်း)

## ဆေးရုံ၌ကုသလျက်ရှိသော ချို့တဲ့လူနာများအတွက် အလှူငွေပေးအပ်

**တာချီလိတ် နိုဝင်ဘာ ၂၉**

တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသလျက်ရှိသော ချို့တဲ့လူနာများအတွက် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ၂၇ ရက်က အဆိုပါဆေးရုံကြီး၌ ကျင်းပခဲ့သည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးအောင်ဖြိုးရှိန်၊ (တူ) ဦးအောင်သန်းစိုး (တာချီလိတ်ခရိုင်ပြည်သူ့ဆေးရုံကြီး)၊ (သမီး) မနှင်းလဲ့ရည်အောင် (YUFL) သူရိယသက်န်းတိုက် မိသားစုက ချို့တဲ့လူနာများအတွက် အလှူငွေကျပ် ငါးသိန်းနှင့် ပြင်ပလူနာဌာနတွင် ဆေးဝါးများ သိုလှောင်ရန်အတွက် ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ ရေခဲသေတ္တာ တစ်လုံး၊ မိခင်ကြီး ဒေါ်နုနုဝင်းအား အမှူးထား၍ သီတာမြနန်း ကျောက်မျက်ကုမ္ပဏီ(၂)နှင့် ဗယ်လင်တိုင်း-နိုင်းနိုင်းစားသောက်ဆိုင် မိသားစုက ချို့တဲ့လူနာများအတွက် ငွေကျပ် ငါးသိန်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **မောင်ယဉ်ကျေး**



## ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက် လူတစ်ဦးပွဲချင်းပြီးသေဆုံး

**သုဝဏ္ဏဝတီ နိုဝင်ဘာ ၂၉**

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်-ဝီယော် ကားလမ်းမပေါ်၌ နိုဝင်ဘာ ၂၈ ရက်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ တစ်ဦး ပွဲချင်းပြီးသေဆုံးကာ သုံးဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သိမ်ဆိပ်တိုက်နယ်ဆေးရုံမှ လူနာကြည့်ပြီးပြန်လာသော သထုံမြို့နယ် ပိန္နဲတောအထက်ရွာနေ မောင်ဇင်မင်းဦးက ဒေါ်ကေသီကို တင်ဆောင်၍ မောင်းနှင်လာပြီး တစ်ဖက်ယာဉ်ကြောမှ သုဝဏ္ဏဝတီမြို့ တောင်ကြားရပ်ကွက် စော်ကဲစုနေ စောပုတ်လုတ်(၂၀ နှစ်) မောင်းနှင်၍ မောင်မင်းဆိုင် လိုက်ပါလာသော ဆိုင်ကယ်ကို ကားလမ်းအလယ်ကောင်တွင် တိုက်မိကြရာ စောပုတ်လုတ်သည် နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့သည်။

မောင်ဇင်မင်းဦး၊ ဒေါ်ကေသီ၊ မောင်မင်းဆိုင်တို့မှာ ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့သဖြင့် မောင်မင်းဆိုင်ကို ရန်ကုန်ပြည်သူ့ဆေးရုံသို့ လည်းကောင်း၊ မောင်ဇင်မင်းဦးကို သထုံ ပြည်သူ့ဆေးရုံသို့ လည်းကောင်း၊ ဒေါ်ကေသီကို သိမ်ဆိပ်တိုက်နယ်ဆေးရုံသို့ လည်းကောင်း သက်ဆိုင်ရာက ပို့ဆောင်ကုသပေးခဲ့ပြီး ဆိုင်ကယ်မဆင်မခြင် မောင်းနှင်သူများကို စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## အများပြည်သူသုံး လူနာတင်ယာဉ်လှူဒါန်းပွဲကျင်းပ

**ဖြူး နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျဝတီမြို့ ဟိန္ဒူကလျာဏသဟာယအဖွဲ့ကကြီးမှူး၍ အသက် ၈၀ နှင့်အထက် အဘိုးအဘွားများ သက်ကြီးပူဇော်ပွဲနှင့်ရန်ကုန်မြို့နေ ဒေါ်ရှာ(မ်)ကလီဒေဝီ(ခ)ဒေါ်စန်းမြင့် မိသားစုတို့က ကွယ်လွန်သူ ခင်ပွန်း ဦးချန်ဒရာဒေပရာကပ်(ရှ်) (ခ) ဦးမောင်မောင် အား ရည်စူး၍ ဒေါ်လာ တစ်သိန်းတန် AMBULANCE ယာဉ်ကို အများပြည်သူများ အသုံးပြုရန်အတွက် လူနာတင်ယာဉ် တစ်စီးလှူဒါန်းပွဲကို ဇေယျဝတီမြို့ ဟိန္ဒူဘုရားရှိခိုးကျောင်းခန်းမ၌ နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။

အစီအစဉ်အရ ဖြူးမြို့ ဘိုးဘွားရိပ်သာမှ အသက် ၈၀ နှစ်အထက် အဘိုး လေးဦး၊ အဘွား ၁၉ ဦး၊ ဇေယျဝတီမြို့မှ အသက် ၈၀ နှင့်အထက် ဟိန္ဒူအဘိုး ၉၁ ဦး၊ အဘွား ၁၀၀ စုစုပေါင်း အဘိုးအဘွား ၂၁၄ ဦးတို့ကို စောင်၊ ခြင်ထောင်၊ ဖိနပ်၊ အင်္ကျီ၊ လုံချည်၊ ဆေးဝါးနှင့် ငွေကြေးများကို လှူဒါန်းကန်တော့ကြကြောင်း သိရသည်။ **(၁၁၃)**

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ၂၀၁၆ ခုနှစ်အတွက် မိတ္ထီလာကန်၌ စိုက်ပျိုးရေနှင့်သောက်သုံးရေ အလုံလောက်ရှိနေ

**မိတ္ထီလာ နိုဝင်ဘာ ၂၉**

မိတ္ထီလာ(မြောက်) ကန်ကြီးမှာ သဲနုန်းပို့ချမှုကြောင့် တိမ်ကောလာပြီး စိုက်ပျိုးရေနှင့် သောက်သုံးရေ အခက်အခဲများရှိကာ ကန်အတွင်း၌ ဒိုက်ပင်များ နှင့် ရေခန်းခြောက်ကာ ကျွန်းများပေါ်နေခဲ့ရာ မိတ္ထီလာ (မြောက်)ကန်ကြီး ပြန်လည်တူးဖော်ရေးအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ၂၀၁၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လများတွင် စက်ယန္တရားအစီး ၄၀၀ ဖြင့် နုန်းမြေများ ဧက ၉၀၀၀၀ ကျော် တူးဖော်ပေးခဲ့သည်။ ယခုအခါ မိတ္ထီလာ(မြောက်) ကန်မှာ ရေများဖြင့် ပြည့်နေပြီး စိုက်ပျိုးရေနှင့် သောက်သုံးရေအလုံအလောက်ရရှိနေပြီဖြစ်သည်။

မိတ္ထီလာ(မြောက်)ကန်ကြီး ရေဝင်နေမှုနှင့် စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိနေမှုကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်သည် နိုဝင်ဘာ ၂၅ ရက်က လာရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ မိတ္ထီလာခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမင်းထွန်းက ယခုလက်ရှိ မိတ္ထီလာကန်နှင့် မုန်တိုင်ဆည်တို့တွင် အသုံးပြုနိုင်သောရေများ ၂၀၃၈၈ ဧကပေ ရှိနေကြောင်းနှင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလအထိ လိုအပ်သောမြို့လူထုသောက်သုံးရေ ဧကပေ ၁၁၀၀၀ ဖြစ်ပြီး မိုးစပါးရေပေးဝေရန် ၁၆၇၈ ဧကပေဖြစ်၍ရေလက်ကျန်မှာ ၇၇၀၉ ဧကပေဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**

ယခု မိတ္ထီလာကန်တော်ကြီး ပြန်လည် တူးဖော်ပြီးနောက်တွင် ယခင်ကထက် ရေ ဧကပေ ၁၃၀၀၀ ပိုမိုသိုလှောင်ထားကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ကျန်ရေ ၇၇၀၉ ဧကပေကို ၂၀၁၅-၂၀၁၆ ခုနှစ် နွေနှမ်းနှင့် မိုးစပါးအတွက် ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မိတ္ထီလာ(မြောက်) ကန်ကြီး ပြုပြင်ပြီးစီးသွားပြီဖြစ်၍ တောင်သူလယ်သမားများသီးနှံစိုက်ပျိုးရေးအတွက် ရေအလုံအလောက်ရရှိကာ မြို့လူထုသောက်သုံးရေများလည်း အလုံအလောက်ရရှိနေပြီဖြစ်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**






◆ ကျောဖုံးမှ

ငြိမ်းသတ်ခဲ့ကြရာ နံနက် ၄ နာရီ ၂၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးစတင်လောင်ကျွမ်းချိန်တွင် မီးသတ်ဆေးဘူးများဖြင့် ကနဦး မီးငြိမ်းသတ်ခဲ့ကြောင်း တာဝန်ရှိသူများက စစ်ဆေးတွေ့ရှိရပြီး မီးလောင်မှုတွင် တာဝန်ရှိသူ ဦးအောင်မင်းအား မြိတ်မြို့နယ် ရဲတပ်ဖွဲ့စခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

**မြိတ်မြို့ မြစ်ငယ်ရပ်ကွက် ဗဟိုလမ်း ခြောက်ထပ်အဆောက်အအုံတွင်ရှိ ပစ္စည်းဂိုဒေါင်(စတိုခန်း) မီးလောင်ကျွမ်းပြီးနောက် တွေ့ရစဉ်။**

# ကယားပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် လူ့အခွင့်အရေးဆိုင်ရာ သင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကယားပြည်နယ်ရဲတပ်ဖွဲ့နှင့် (UNOHCHR)တို့ ပူးပေါင်း၍ ဖွင့်လှစ်သည့် လူ့အခွင့်အရေးဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲက ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး မွမ်းမံသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်တိုးနှင့် UNOHCHR မှ Human Right Officer Ms.Sarah Toner တို့က သင်တန်းဖွင့်အမှာစကားများ ပြောကြားသည်။

အဆိုပါသင်တန်းသို့ ကယားပြည်နယ်ရဲတပ်ဖွဲ့မှ သင်တန်း သားအရာရှိ ၅၀တက်ရောက်ပြီး နိုဝင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ကြောင်း သိရသည်။

**ကိုရဲ**

❖ ရှေ့ဖုံးမှ

တို့ဖြင့် ဈေးအတွင်း ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်း၊ ရှေးဦးပြုစုခြင်းနှင့် အပြင်းအထန်ဒဏ်ရာရလူနာအား လူနာတင်ယာဉ်ဖြင့် ဆေးရုံပို့ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ဈေးအရှေ့ဘက် ဗိုလ်ချုပ်လမ်းနှင့် တောင်ဘက် နာရီစင်လမ်းတို့တွင် မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်း ဦးစီးလျက် မီးငြိမ်းသတ်ယာဉ် ၁၅ စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ လူနာတင်ယာဉ်တစ်စီးတို့ဖြင့် သန္နွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၅ ဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ၁၄ ဦးတို့ဖြင့် မီးငြိမ်းသတ် သရုပ်ပြလေ့ကျင့်ကြရာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး ဈေးတာဝန်ခံရုံးခန်းတွင် တာဝန်ရှိသူများက မီးငြိမ်းသတ် လေ့ကျင့်မှုတွင် အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ အကျဉ်းဦးစီးဌာန မြိတ်အကျဉ်းထောင် တွင်လည်း မီးဘေးကြိုတင် ကာကွယ်ရေး လက်တွေ့သရုပ်ပြ ဆောင်ရွက်မှုကို အကျဉ်းထောင် ဝန်ထမ်းများနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးသတ်ဆေးဘူးများ၊ မီးငြိမ်းသတ်ရေယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ် သရုပ်ပြလေ့ကျင့်မှု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ်၌ မီးလောင်မှုဖြစ်ပွား နေအိမ်ခုနစ်လုံးဆုံးရှုံးပြီး ကလေးငယ်တစ်ဦးသေဆုံး

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက်၌ နိုဝင်ဘာ ၂၉ ရက် နံနက် ၁ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ အဆိုပါရပ်ကွက် သပြေခြံဝင်း (ကျူးကျော်)နေ ဒေါ်သန်းသန်းဝင်း၏ နေအိမ် ပေ(၁၀×၄၀) သွပ်မိုး၊ ထရံကာ ပျဉ်ခင်းတစ်ထပ်အိမ်အတွင်း ရေစုပ်စက် မော်တာအဝင် ဝိုင်ယာကြိုး အပူလွန်ကဲပြီး လျှပ်စစ်မီးရှော့ခ်ဖြစ်ကာ ထရံအကာသို့ မီးကူးစက်သဖြင့် ယနေ့ နံနက် ၀၀း၄၅ နာရီက မီးစတင်လောင်ကျွမ်းကြောင်း တိုင်းဒေသကြီး မီးသတ်ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါက ပြောကြားသည်။

ဆက်လက်၍ မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၁၂ စီး၊ အုပ်ချုပ်မှုယာဉ်လေးစီး၊ လူနာတင်ယာဉ်နှစ်စီး၊ သန္နွေမီးသတ် ၇၂ ဦး၊ အရန်မီးသတ် ၃၅ ဦး၊ တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၀ တို့ဖြင့် ငြိမ်းသတ်ရာ နံနက် ၁ နာရီ ၁၅ မိနစ်တွင် လုံးဝမီးငြိမ်းသွားခဲ့ကြောင်း၊ သွပ်မိုး ထရံကာ ပျဉ်ခင်းတစ်ထပ်အိမ်ခုနစ်လုံး တစ်ခြမ်းလောင်ကျွမ်းခဲ့ပြီး ဦးဝင်းမြိုင်၏ ကိုးနှစ်အရွယ်သမီး မကေသီချိုမှာ အိပ်ပျော်နေစဉ် မီးလောင်သေဆုံးခဲ့ကြောင်း၊ မီးပေါ့ဆမှုဖြင့် ဒေါ်သန်းသန်းဝင်းကို မြောက်ဥက္ကလာပမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**





# လမ်းတံတားများတည်ဆောက်မှုကြောင့် သရေခေတ္တရာပျူမြို့ဟောင်းသို့ လာရောက်ကြမည့်ခရီးသွားများ အဆင်ပြေမည်

**ပြည် နိုဝင်ဘာ ၂၉**

ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်မြို့နယ် မှော်ဇာကျေးရွာအုပ်စု နတ်မောက်-ကျောင်းကုန်း-လင်းရွာ-မှော်ဇာ ရှေးဟောင်းယဉ်ကျေးမှုပြတိုက်အဝင် ကတ္တရာလမ်းခင်းခြင်းနှင့် ယင်းလမ်းမပေါ်ရှိ တံတားတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၇ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းကတ္တရာခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် ဒေသတွင်းပြည်သူများနှင့် မှော်ဇာကျေးရွာအုပ်စုတွင်ရှိသော ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်သရေခေတ္တရာ ပျူမြို့ဟောင်းသို့ လာရောက်လေ့လာသည့် နိုင်ငံခြားခရီးသွားဧည့်သည်များ ယခင်ထက် သွားလာရေး လွယ်ကူအဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# ပရီမီယာလိဂ် ပွဲစဉ် (၁၄) လန်ဒန်ဒါဘီပြိုင်ဘက် စပါးနှင့် ချယ်လ်ဆီးတို့ သရေတစ်မှတ်စီခွဲယူ

သီဟ-ရေးသည်

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၄) နိုဝင်ဘာ ၂၉ ရက် တနင်္ဂနွေနေ့ညပွဲစဉ်အဖြစ် စပါးနှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားကြရာ **(ယာပုံ)** ဂိုးမရရှိဘဲ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာကြပြီး စပါးတွင် ဟယ်ရီကိန်း၊ ဒမ်ဘီလီ၊ မင်ဆန်ဟောင်၊ မာဆင်၊ အဲရစ်ဆန်၊ ဒန်နီရို၊ ဗာတွန်ဂန်၊ အယ်ဒါဝိုင်ရတ်၊ ဝေါလ်ကာနှင့် ဂိုး-ဟူဂိုလိုရစ်တို့ ပါဝင်ခဲ့သည်။ ဧည့်သည်ချယ်လ်ဆီးအသင်းတွင် ဟာဇတ်၊ အော်စကာ၊ ဝီလီယံ၊ ဖာဘရီဂက်စ်၊ မာတစ်၊ ပက်ဒရို၊ ဂယ်ရီကာဟေး၊ ဇူးမား၊ အိုင်ဗန်နိုဗစ်၊ ဆီဆာနှင့် ဂိုး-ဘီဂိုဗစ်တို့ ပွဲထွက်ခဲ့သည်။ ယင်းပွဲတွင် ဒါဘီပြိုင်ဘက်ဖြစ်သည်နှင့်အညီ နှစ်သင်းစလုံး အပြန်အလှန် တန်ပြန်တိုက်စစ်ဆင်ခဲ့သော်လည်း ဂိုးမရရှိပေ။ အိမ်ရှင်စပါးအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ခုနစ်ကြိမ်ရရှိသည့်အနက် လေးကြိမ်ဂိုးပေါက်တည့်ခဲ့ကာ ချယ်လ်ဆီးအသင်းမှာ ငါးကြိမ်ကန်သွင်းခွင့်ရခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။ ပွဲပြီးချိန်တွင် ဂိုးမရှိသရေဖြစ်ခဲ့သဖြင့် တစ်မှတ်စီဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပွဲစဉ်(၁၄ )အပြီးတွင် အိမ်ရှင်စပါးအသင်း ရမှတ် ၂၅ မှတ်ဖြင့် အဆင့်(၅)တွင် ရပ်တည်နေပြီး ချယ်လ်ဆီးအသင်းမှာ ၁၅ မှတ်သာ ရရှိထားသည်။

စနေညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဇယားထိပ်ပိုင်းမှ လက်စတာနှင့်မန်ယူတို့ပွဲမှာလည်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။ ယင်းပွဲတွင် လက်စတာတိုက်စစ်မှူး ဗာဒီက ဦးဆောင်ဂိုးသွင်းပြီး ၎င်းအနေဖြင့် ၁၁ ပွဲဆက်တိုက်ဂိုးသွင်းယူနိုင်သည့်စံချိန်ကို တင်နိုင်ခဲ့သည်။ မန်ယူအတွက် ချေပဂိုးကို စတိုင်ဂါက ခေါင်းတိုက် သွင်းယူခဲ့သည်။ **(အောက်ပုံ)** လက်စတာက ၂၉ မှတ်၊ မန်ယူက ၂၈ မှတ် ရရှိထားသည်။



## အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၁၄) ရလဒ်များ

| | | |
|---|---|---|
| အက်စ်တွန်ဗီလာ | ၂-၃ | ဝက်ဖို့ဒ် |
| ဘုန်းမောက် | ၃-၃ | အဲဗာတန် |
| ပဲလေ့စ် | ၅-၁ | နယူးကာဆယ် |
| မန်စီးတီး | ၃-၁ | ဆောက်သမ်တန် |
| ဆန်းဒါးလန်း | ၂-၀ | စတုတ်စီးတီး |



## ပြင်သစ်လီဂူး ပွဲစဉ် (၁၅) ရလဒ်များ

| | | |
|---|---|---|
| ပီအက်စ်ဂျီ | ၄-၁ | ထရိုင်ယက်စ် |
| အန်ဂါးစ် | ၂-၀ | လိုင်လီ |
| အဂျာစီယို | ၁-၁ | လော်ရီယန့် |
| နန့်တက်စ် | ၀-၀ | ဘတ်စ်တီယာ |
| ရိမ်းစ် | ၂-၂ | ရန်းနက်စ် |
| တူးလော့စ် | ၂-၀ | နိုက်စ် |
| စိန့်အက်တီယန် | ၃-၀ | ဂူအင်ဂမ့် |

## အီတလီစီးရီးအေ ပွဲစဉ် (၁၄) ရလဒ်များ

| | | |
|---|---|---|
| တိုရီနို | ၂-၀ | ဘိုလော့ဂ်နာ |
| အေစီမီလန် | ၄-၁ | ဆမ်ဒိုးရီးယား |
| ချီယေဗို | ၂-၃ | အူဒီးနိစ် |
| ဖရိုစီနိုနီ | ၃-၂ | ဗီရိုနာ |
| ရိုးမား | ၀-၂ | အတ္တလန္တာ |
| ဂျီနိုအာ | ၁-၂ | ကာပီ |

## ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၁၄) ရလဒ်များ

| | | |
|---|---|---|
| ဘိုင်ယန်မြူးနစ် | ၂-၀ | ဟာသာဘာလင် |
| ဝါဒါဘရီမင် | ၁-၃ | ဟမ်းဘတ် |
| ဟန်နိုဗာ | ၄-၀ | အင်ဂိုစတက် |
| ဟော်ဖန်ဟိမ်း | ၃-၃ | ဂလာဘတ် |
| မိန့်ဇ် | ၂-၁ | ဖရန့်ဖတ် |
| ဒေါ့မွန် | ၄-၁ | စတုဂတ် |

## စပိန်လာလီဂါပွဲစဉ် (၁၃) ရလဒ်များ

| | | |
|---|---|---|
| ဘာစီလိုနာ | ၄-၀ | ဆိုစီဒက် |
| အက်သလက်တီကို | ၁-၀ | အက်စ်ပန်ညို |
| မာလာဂါ | ၂-၂ | ဂရန်နာဒါ |
| လက်စ်ပါးမက်စ် | ၀-၂ | ဒီပို့တီဗို |
| ဆယ်လ်တာဗီဂို | ၂-၁ | ဂီဂျွန် |
| ဂီတာဖေး | ၂-၀ | ဗီလာရီးရဲလ် |
| အီဘာ | ၀-၂ | ရီးရဲ |

❐ ကျောဖုံးမှ

တောင်းဆိုမှုကြောင့် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၅ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်းတွင် ကျင်းပမည်ဖြစ်သည်။ အာဆီယံအမျိုးသမီးပြိုင်ပွဲကို ၂၀၀၄ ခုနှစ်ကတည်းကစတင်ကျင်းပခဲ့ပြီး အာဆီယံထိပ်သီးအသင်းများဖြစ်သည့် မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်အသင်းတို့မှာ ချန်ပီယံဆုနှစ်ကြိမ်စီရရှိထားကာ ဒုတိယဆုသုံးကြိမ်ရရှိထားသည့်မြန်မာအသင်းမှာ အအောင်မြင်ဆုံးအသင်းအဖြစ်ရပ်တည်လျက်ရှိသည်။ မြန်မာအသင်းမှာ အအောင်မြင်ဆုံးအသင်းအဖြစ်ရပ်တည်နေသော်လည်း ၂၀၀၇ ပြိုင်ပွဲနောက်ပိုင်း ချန်ပီယံဆုရယူနိုင်ခြင်းမရှိတော့ပေ။ မြန်မာအသင်းသည် နောက်ဆုံးလေးကြိမ်တွင် သုံးကြိမ်အထိဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သော်လည်း သုံးကြိမ်စလုံးဒုတိယနေရာဖြင့်သာကျေနပ်ခဲ့ရသည်။

မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက်ပြင်ဆင်ချိန် ခုနစ်လကျော်ရရှိမည်ဖြစ်ပြီး ယင်းကာလအတွင်း ပြည်ပနိုင်ငံများသို့ သွားရောက်လေ့ကျင့်ရန်စီစဉ်ထားသည်။ မြန်မာအမျိုးသမီးအသင်းသည် နိုင်ငံတကာပြိုင်ပွဲများ၌အောင်မြင်မှုမရသည်မှာ ရှစ်နှစ်ရှိနေပြီဖြစ်ပြီး လာမည့်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် မျှော်မှန်းထားရာ ပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်သည်။

အာဆီယံပြိုင်ပွဲယှဉ်ပြိုင်ရန်ဖွဲ့စည်းလိုက်သည့် မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ်-ဒေါ်သက်သက်ဝင်း၊ နည်းစနစ်ဒါရိုက်တာ-ဦးအေးမောင်ကြီး၊ လက်ထောက်နည်းပြဒေါ်စန်းစန်းသိမ်း၊ ဂိုးနည်းပြ-ဦးကိုကိုအောင်၊ အားကစားသမားများအဖြစ် **ဂိုး**-မြဖူးငုံ၊ ခင်သီတာအေး၊ မေဇင်နွယ်၊ သန္တာဦး၊ **နောက်တန်း**-ဇာခြည်ဦး၊ ဝေဝေအောင်၊ ဖူးပွင့်ခိုင်၊ ဇင်မာဝင်း၊ အေးအေးမို့၊ ခင်ပြည့်လင်း၊ လဲ့လဲ့လှိုင်၊ ဥဝါသဲ၊ ဇင်မာထွန်း၊ ငယ်ငယ်ထွေး၊ ခင်သန်းဝေ၊ **အလယ်တန်း**-ခင်မာလာထွန်း၊ သင်းသင်းယု၊ အေးမျိုးမြတ်၊ ရူပါခိုင်၊ မေစံပယ်ဖူး၊ ခင်မိုမိုထွန်း၊ အိရတနာဖြိုး၊ **ရှေ့တန်း**-ခင်မိုးဝေ၊ ရီရီဦး၊ နော်အားလိုဝါးဖော၊ လှယဉ်ဝင်း၊ ဝင်းသီဂီထွန်း၊ ဂျူလိုင်ကျော်၊ မေသူကျော်နှင့် နီလာဝင်းတို့ ပါဝင်ကြသည်။

တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

လှည်းတန်းကျောင်းခွဲ

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 10 - 11:30 | (Mon ~ Thurs) | 30 Nov |
| 3:30 - 5 | (Mon ~ Thurs) | 14 Dec |
| 9 - 12:00 | (Sat + Sun) | 20 Dec |
| 7:30 - 9 | (Mon ~ Thurs) | 28 Dec |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 23 Nov |
| 12 - 3:00 | (Sat + Sun) | 5 Dec |
| 3:30 - 5 | (Mon ~ Thurs) | 7,21 Dec |
| 6 - 7:30 | (Mon ~ Thurs) | 7 Dec |
| 7:30-10:30 | (Sat + Sun) | 12,19 Dec |
| 7:30 - 9 | (Mon ~ Thurs) | 14 Dec |
| 10-11:30 | (Mon ~ Thurs) | 14,28 Dec |

| BASIC GRAMMAR | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 30 Nov |
| 10-11:30 | (Mon ~ Thurs) | 14 Dec |

| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 30 Nov |
| 6 - 7:30 | (Mon ~ Thurs) | 30 Nov |
| 1 - 4:00 | (Sat + Sun) | 5 Dec |
| 7:30 - 9 | (Mon ~ Thurs) | 7 Dec |
| 10-11:30 | (Mon ~ Thurs) | 14 Dec |
| 1 - 2:30 | (Mon ~ Thurs) | 21 Dec |

| INTERMEDIATE (ACADEMIC ENGLISH) | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 7 Dec |
| 9 - 12:00 | (Sat + Sun) | 13 Dec |

| VOCAB ENRICHMENT | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 30 Nov |
| 3:30 - 5 | (Mon ~ Thurs) | 14 Dec |

| BASIC WRITING | | |
|---|---|---|
| 10-11:30 | (Mon ~ Thurs) | 28 Dec |

| INTEMEDIATE GRAMMAR | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 28 Dec |

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 7 Dec |
| 10-11:30 | (Mon ~ Thurs) | 14 Dec |
| 1 - 2:30 | (Mon ~ Thurs) | 14 Dec |

| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 30 Nov |
| 4:30-7:30 | (Sat + Sun) | 26 Dec |
| 7:30-10:30 | (Sat + Sun) | 2 Jan |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 10-11:30 | (Mon ~ Thurs) | 30 Nov |
| 1 - 2:30 | (Mon ~ Thurs) | 30 Nov |
| 2 - 5:00 | (Sat + Sun) | 13 Dec |
| 1 - 2:30 | (Mon ~ Thurs) | 14 Dec |
| 3:30 - 5 | (Mon ~ Thurs) | 14 Dec |
| 10-11:30 | (Mon ~ Thurs) | 21 Dec |

| INTERMEDIATE (ACADEMIC ENGLISH) | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 7 Dec |

| IELTS (Preparation) | | |
|---|---|---|
| 7:30-9:30 | (Mon ~ Thurs) | 30 Nov |
| 1 - 4:30 | (Sat + Sun) | 26 Dec |

| IELTS (Writing) | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 21 Dec |
| 7:30-10:30 | (Sat + Sun) | 2 Jan |

| IELTS (Speaking) | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 28 Dec |

| IELTS (Reading) | | |
|---|---|---|
| 1 - 3:00 | (Mon ~ Thurs) | 30 Nov |

| IELTS (Grammar) | | |
|---|---|---|
| 10-11:30 | (Mon ~ Thurs) | 23 Nov |

## အာစရိယပူဇော်ပွဲ (စလင်းမြို့)

စလင်း၊ အထက၊ အလကတို့တွင် တာဝန်ထမ်းဆောင်ဖူးသော အငြိမ်းစားယူထားသည့် အသက် (၆၅)နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီး ၉၄ ဦးတို့အား စလင်းမြို့ မြတ်ရတနာဓမ္မာရုံကြီးတွင် ၅-၁၂-၂၀၁၅ ရက်၌ (၁၃)ကြိမ်မြောက်အဖြစ် ပူဇော်ကန်တော့မည် ဖြစ်ပါကြောင်း။

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

**ဆက်သွယ်လှူဒါန်းရန်** - (ရန်ကုန် ဦးစန်းညိုအောင် ဖုန်း-၀၉-၂၅၀၁၅၄၀၄၈)၊ (နေပြည်တော် ဦးခင်မောင်သန်း ဖုန်း-၀၉-၉၇၀၆၁၀၉၀၃)၊ (မကွေး ဦးတင်အောင် ဖုန်း-၀၉-၄၀၁၅၃၉၂၀၇)၊ (ပွင့်ဖြူ ဦးစန်းလွင် ဖုန်း-၀၆၃-၆၀၀၅၅)၊ (စလင်း ဦးဗိုလ်တင်ဌေး ဖုန်း-၀၉-၉၇၃၀၉၇၃၁၈)

## ပျောက်ဆုံးကြောင်း

ကျွန်မ မယမင်းသူ ၃/မဝတ(နိုင်)၀၁၃၇၀၀ ၏ ယာဉ်အမှတ် 2H-2909 Honda Partner GJ3 သည် ၂၀-၁၁-၂၀၁၅ ရက် နံနက် ၅ နာရီ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ သံသုမာလမ်း၊ မြင်သာအိမ်ရာရှေ့တွင် ရပ်ထားရာမှ ပျောက်ဆုံးသွားပါသဖြင့် တောင်ဥက္ကလာပရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားပါသည်။ အဆိုပါကားနှင့်ပတ်သက်၍ ပေါင်နှံခြင်း၊ ရောင်း/ဝယ်ခြင်း၊ လက်ခံထားရှိခြင်း တစ်စုံတစ်ရာပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း။ အဆိုပါကားနှင့်ပတ်သက်၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ အသိပေးအကြောင်းကြားသူကို ကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၆၂၆၃၁၄၈၊ ၀၉-၇၉၉၂၆၆၁၀၅**

## အဏ္ဏဝါရေလုပ်ငန်းဦးပိုင်လီမိတက် အအေးခန်းစက်ရုံတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်

၁။ **အအေးခန်းစက်ရုံဝန်ထမ်း (အမျိုးသား) (၁၀၀)ဦး**
၂။ **ပြုပြင်/ထုတ်လုပ်ဝန်ထမ်း (အမျိုးသမီး) (၁၀၀)ဦး**

လျှောက်ထားလိုသူများသည် လိုင်စင်ဓာတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့နှင့်အတူ ညောင်တန်းအိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းဝင်း၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

## တောင်ငူမြို့ယွန်းရွှေစင်ရွှေဆိုင်အား အနူးအညွတ်တောင်းပန်ခြင်း

တောင်ငူမြို့တွင် နိုဝင်ဘာ ၁၃ ရက်က ဖြစ်ပွားခဲ့သော ကျောင်းအုပ်ဆရာမကြီး လုယက်ခံရမှုသတင်း၌ တောင်ငူမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ ပွဲစားလမ်းရှိ ယွန်းရွှေစင်ရွှေဆိုင်မှ နိုဝင်ဘာ ၁၈ရက် မွန်းလွဲပိုင်းအချိန် မသင်္ကာဖွယ် ရွှေရောင်းချသူများကို တွေ့ရှိရ၍ ရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့ခြင်းအား မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများတွင် ည ၁၁နာရီအချိန်ဟု မှားယွင်းရေးသားမိသည့်အတွက် ယွန်းရွှေစင်ရွှေဆိုင်၏ ဂုဏ်သိက္ခာကို ထိခိုက်စေခဲ့ခြင်း၊ သတင်းအမှန်ထုတ်ပြန်ရန် နောက်ကျခဲ့ရခြင်းအတွက် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**ကိုလွင်(ဆွာ) ၇/ရတရ(နိုင်)၀၇၁၈၄၉**
**မြို့နယ်သတင်းထောက်**
**ရေတာရှည်မြို့နယ်၊ ဆွာမြို့**

# နွေစပါးအတွက် ရေတံခါးတပ်ဆင် ဖျာပုံတစ်ခွင်

သပြေထွန်း

"အောက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းဝင် စပါး(၁)၊ စပါး(၂) စီမံကိန်းကာလတုန်းက တည်ဆောက်ခဲ့တဲ့ ကျွန်းပတ်တာတွေ၊ ရေငန်တား တာတွေနဲ့ ရေတံခါးတွေက နှစ် ၃၀ ကျော်ခဲ့ပြီမို့ ပြောင်းလဲမှုတွေ ရှိလာလို့ပဲလား။ ဒါမှမဟုတ် သဘာဝချောင်းတွေ၊ တူးဖော်ထားတဲ့ မြောင်းတွေက အကြောင်းအမျိုးမျိုးကြောင့် တိမ်ကောလာလို့ပဲလားမသိဘူး။ ဒီအခြေအနေတွေကြောင့် ပင်လယ်ရေငန်တားတာတစ်ခုဖြစ်တဲ့ ဘုရားကြီးရိုးဇင်းဘောင်တာအတွင်း နွေပိတ်၊ မိုးချိုး၊ ချောင်းပိတ်စနစ်နဲ့ စိုက်ပျိုးကြတဲ့လယ်တွေ ဒီနှစ်မိုးစပါး၊ နွေစပါးစိုက်ပျိုးရေး အဆင်ပြေပါ့မလားတောင် မသိဘူး"ဟု ၂၀၁၄ ခုနှစ် နှစ်ဦးပိုင်းက သမိန်ထော-သိမ်ကုန်းကျေးရွာမှ လယ်သမားကြီး ဦးစံသိန်း၏ စိုးရိမ်သံကို ပြန်လည်ကြားယောင်မိသည်။

လယ်သမားကြီး ဦးစံသိန်းတစ်ယောက် ထိုသို့ညည်းမည်ဆိုလည်း ညည်းချင်စရာ။ သပြေကန်-သိမ်ကုန်းဧရိယာတွင် ယခင်နှစ်များအတွင်းက အချိန်အခါမဲ့ ပင်လယ်ရေငန်တက်၍ မိုးစပါးခင်းတော်တော်များများ ပျက်စီးခဲ့ရဖူးပြီ။ ရှိရင်းစွဲ ရေထုတ်အဆောက်အအုံများ၏ ကြံ့ခိုင်မှုအားနည်းလာသဖြင့်လည်း နွေစပါးအောင်ရေအတွက် အခက်ကြုံခဲ့ရဖူးပြီ မဟုတ်ပါလား။

သပြေကန်-သိမ်ကုန်းဧရိယာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် သမိန်ထော-သိမ်ကုန်းကွင်းသည်ပင်လျှင် တောင်သူလယ်သမားကြီးများ ယခုကဲ့သို့ ညည်းတွားစိုးရိမ်ပူပန်မှုဖြစ်ရသည်အထိ စိုက်ပျိုးရေးအတွက် အဘက်ဘက်မှ အခက်အခဲဖြစ်ပေါ်ခဲ့ရပါသည်။ ထို့ကြောင့်ပင် ထိုဒေသ၏ စိုက်ပျိုးရေးကဏ္ဍ မြန်ဆန်စွာပြောင်းလဲတိုးတက်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရန် ဒေသခံလယ်သမားများက သက်ဆိုင်ရာသို့ တောင်းဆိုလာရာ ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာနက သဘာဝချောင်းတစ်ခုဖြစ်သည့် ဦးလုံချောင်းပေါ်တွင် ဦးလုံရေတံခါး လေးပေပတ်လည် ငါးပေါက်ကို ဇွန်လအတွင်းက စတင်တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ပါသည်။

"လုပ်ငန်းစတင်ဆောင်ရွက်တဲ့နေ့က ၂၀၁၅ ခုနှစ် ဇွန် ၁၆ ရက်ပါ။ လေးပေ ပတ်လည် ငါးပေါက်၊ Sill Level က RL(-3)ft above M.S.L ထားရှိပြီး Discharge (80)ft 3/sec နဲ့ ဒီဇိုင်းပုံစံထုတ်ပြီး တည်ဆောက်ပေးထားတာပါ။ ဒီရေတံခါးမှာ ထူးခြားတာက ဖိုင်ဘာဂလက်(စ်) ရေတံခါးရွက်ကိုအသုံးပြုပြီး သံချေးမတက်အောင် ဆောင်ရွက်ထားတာပါ။ ပင်လယ်ဆားငန်ရေကြောင့် သံချေးကိုက်ခြင်းက ကာကွယ်နိုင်ဖို့နဲ့ နှစ်ရှည်ခံနိုင်အောင် Fiber Glass ရေတံခါးရွက်များကို ရေငန်ဒေသမှာ ပထမဆုံး အသုံးပြုခြင်းဖြစ်ပါတယ်။ အခု ဦးလုံရေတံခါး တည်ဆောက်မှုအားလုံး ပြီးစီးသွားပါပြီ"ဟု ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်ဇော်က ပြောသည်။

ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် အောက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းဝင် ကျွန်းပတ်တာ(Polder)များဖြစ်သည့် ကြက်ဖမွေးဇောင်းကျွန်းပတ်တာ၊ ဘန့်ဘွေးစုကျွန်းပတ်တာ၊ ဇင်းဘောင်ကျွန်းပတ်တာ၊ ဒေါငြိမ်းကျွန်းပတ်တာ၊ မြို့ကုန်းကျွန်းပတ်တာ၊လက်ပန်ပင်ကျွန်းပတ်တာနှင့် ဒေးဒလူကျွန်းပတ်တာဟူ၍ လည်းကောင်း၊ ပင်လယ်ရေငန်တားတာတမံ (Embankment)များဖြစ်သည့် ဘုရားကြီးရိုးဇင်းဘောင်တာနှင့် ငါးကြီးရိုးတာတမံဟူ၍လည်းကောင်းရှိရာ ယခုဆောက်လုပ်ပြီးစီးခဲ့သည့် ဦးလုံရေတံခါးသည် ဘုရားကြီးရိုးဇင်းဘောင်တာ ဧရိယာရှိ သမိန်ထော-သိမ်ကုန်းကျေးရွာအုပ်စုတွင်ရှိပြီး (Flap Gate & Slide Gate)နှစ်မျိုးပါ ပင်လယ်ရေငန်တား၊ ရေချိုထိန်းနှင့် မိုးရာသီတွင် ကွင်းရေနုတ်စနစ်ပါသော ရေတံခါးတစ်ခုဖြစ်ပါသည်။

ဦးလုံရေတံခါးသည် အကျိုးပြုဧရိယာ ၂၀၀၀ ဧကခန့်ကို ရေကြီးနစ်မြုပ်ခြင်း၊ ပင်လယ်ရေငန်ဝင်ရောက်ခြင်းများမှ လျော့ချကာကွယ်သွားနိုင်စေရေးအပြင် နွေစပါးအောင်ရေ ထိန်းနိုင်စေရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကဦးတည်ချက်ကတော့ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် မိုးစပါး အောင်မြင်စွာစိုက်ပျိုးနိုင်ရေး ဦးစားပေးပေါ့။ နောက်တစ်ချက်ကတော့ ပြောင်းလဲလာနေတဲ့ သဘာဝဖြစ်စဉ်တွေ၊ တစ်နှစ်ထက်တစ်နှစ်ဆိုးရွားလာတဲ့ ရာသီဥတုဖြစ်စဉ်တွေ၊ တိမ်ကောလာနေတဲ့မြစ်တွေ၊ ချောင်းတွေ၊ နှစ်ကာလကြာမြင့်မှုအရ ပြောင်းလဲလာတဲ့ သဘာဝဖြစ်စဉ်တွေကြောင့် ရေငန်ကာကွယ်မှုလျော့ပါးလာတဲ့ တာတမံတွေ၊ ရေနုတ်နိုင်စွမ်းလျော့နည်းလာတဲ့ ရေထုတ်အဆောက်အအုံတွေနဲ့ အချိုးမညီတော့တဲ့ သဘာဝဂေဟဗေဒစနစ် (Eco-System)တွေရဲ့ အခြေအနေအရ တည်ဆောက်ပေးခဲ့တာပါ"ဟု ဦးဇော်ဇော်က ရှင်းပြသည်။



ဖျာပုံမြို့နယ် ဘုရားကြီးရိုးဇင်းဘောင်တာ ဧရိယာတွင် တည်ဆောက်ပြီးစီးနေသော (၄×၄)ပေ ငါးပေါက် ဦးလုံရေတံခါး။

ယခုအခါ ဦးလုံရေတံခါး တည်ဆောက်ပြီးစီးပြီဖြစ်၍ သမိန်ထော-သိမ်ကုန်းကျေးရွာအုပ်စုအပါအဝင် ကွန်ဒိုင်းကျေးရွာအုပ်စုများရှိ စိုက်ဧက ၂၀၀၀ ခန့်ကို နွေစပါးအတွက် အောင်ရေထိန်းပေးနိုင်မည့်အပြင် မိုးရာသီတွင် ရေကြီးနစ်မြုပ်ခြင်း၊ နွေရာသီတွင် ရေငန်ဝင်ရောက်ခြင်းများမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကျွန်းပတ်တာအပြင်ဘက်ရှိ ဇင်းဘောင်ချောင်းနှင့် ဦးလုံချောင်းများ တိမ်ကောလာသဖြင့် ရေပိုထုတ်လွှတ်မှု နှောင့်နှေးကြံ့ကြာရသည့်အခက်အခဲများမှလည်း လျော့ပါးသွားနိုင်မည်ဖြစ်ကြောင်း အဆိုပါ ရေတံခါးတည်ဆောက်ရေးတာဝန်ခံတစ်ဦးက ပြောပါသည်။

"ပြီးခဲ့တဲ့နှစ်တွေက ခုလိုရေတံခါးလည်းမရှိတော့ စပါးစိုက်ပျိုးဖို့အတွက် နွေပိတ်၊ မိုးချိုးစနစ်နဲ့သွားရတယ်။ ဒီစနစ်ကလည်း ရေရှည်အဆင်မပြေပါဘူး။ မြေကြီးက အနီးအနားမှာမရှိဘူး။ မြေယူဖို့ လယ်မြေကလည်း အဆင်မပြေတော့ဘူး။ ပြီးတော့ အလုပ်သမား၊ မျောတိုင်၊ အုန်းပင်၊ ထန်းပင်နဲ့ ဝါးစတာတွေက ဆောင်ရွက်ဖို့လိုသေးတယ်မဟုတ်လား။ လာမယ့်နှစ်တော့ မိုးများပြီး ရေကြီးနစ်မြုပ်တဲ့ဒုက္ခ၊ ရေငန်ရောက်လို့စပါးပျက်ရတဲ့ဒုက္ခတွေက သက်သာလာလိမ့်မယ်လို့ ပြောနိုင်ပါပြီဗျာ"ဟု လယ်သမားကြီး ဦးစံသိန်းက ဆိုသည်။

ယခု ဦးလုံရေတံခါး တည်ဆောက်ပြီးစီးသည့် သမိန်ထော-သိမ်ကုန်းကျေးရွာအုပ်စုကဲ့သို့ နွေရာသီတွင် တာပိတ်၍ မိုးရာသီတွင် တာချိုးကာ တုတ်တန်းရိုက်ချောင်းပိတ်စနစ်ဖြင့် နွေစပါးစိုက်ပျိုးနေရသည့် နေရာများဖြစ်သော ငါးကြီးရိုးချောင်း၊ ရွာလယ်ချောင်း၊ အဖောင်ပင်မချောင်း၊ အဖောင်လက်ဝဲချောင်း၊ အဖောင်လက်ယာချောင်းများတွင်လည်း လက်ရှိအချိန်တွင် ရေတံခါးဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော်လည်း တစ်နှစ်ချင်း ရေတံခါးများဆောက်လုပ်ပေးပါက လယ်သမားများအတွက် ရေငန်ဝင်ရောက်မည်ကို ပူစရာမလိုဘဲ နွေစပါးစိုက်ပျိုးနိုင်မည်ဖြစ်၍ ပံ့ပိုးကူညီပေးရန် အစိုးရကို မေတ္တာရပ်ခံလိုကြောင်းလည်း ဦးစံသိန်းက ဆက်ပြောသည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းလုပ်ငန်းများ စဉ်ဆက်မပျက်ဆောင်ရွက်ပေးနေရသည့် ဖျာပုံခရိုင်တွင် ကျွန်းပတ်တာအလျား စုစုပေါင်း ၃၅၅ ဒသမ ၁၆ မိုင်)၊ ရေတံခါး ၆၂ ခု၊ ရေထုတ်ပေါက် ၃၈၇ ပေါက်၊ ရေထိန်းတံခါးပေါက် ၁၄၉ ပေါက်၊ ကျွန်းတွင်းဆက်သွယ်ရေးအဆောက်အအုံ လေးခု၊ ရေနုတ်မြောင်းအလျား ၃၀၇ ဒသမ ၄၄ မိုင်နှင့် ရေဘေးကာကွယ်ဧရိယာ ၂၇၅၀၀၀ ဧကခန့်ရှိကြောင်း၊ ဖျာပုံခရိုင်အတွင်းမှ လယ်သမားများအနေဖြင့် မိုးစပါး၊ နွေစပါးများ အောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် ခရိုင်ဆည်မြောင်းဦးစီးဌာနက ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ။

# မြို့နယ်ပညာရေးမှူး(ဖလား) ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ



**တာချီလိတ် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ မြို့နယ်ပညာရေးမှူး(ဖလား) အသက် (၁၆) နှစ်အောက်နှင့် အသက် (၁၂)နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို တာချီလိတ်မြို့မအားကစားကွင်း၌ နိုဝင်ဘာ ၂၇ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူးဦးစိန်ထွန်းလှက နိုင်ငံတော်အနေဖြင့် မြန်မာ့အားကစား အဆင့်အတန်းမြင့်မားရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာ့ဘောလုံးအားကစားအဆင့်အတန်းမြင့်မားရေးကို ဦးစားပေးအဖြစ် စီမံကိန်းများချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးဆက်သစ်လူငယ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာရေးအတွက် သက်တမ်းအလိုက် ပြိုင်ပွဲအမျိုးမျိုးကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် တာချီလိတ်နှင့် ဟောင်လိတ်အထကကျောင်းများမှ ကျောင်းသား ကျောင်းသူများက အေရိုးဗစ်နှင့် ရိုးရာသိုင်းသရုပ်ပြများဖြင့် ပြိုင်ပွဲစတင်ဖွင့်လှစ်ပြီး အသက် ၁၆ နှစ်အောက် အသင်းများဖြစ်သည့် အထကတာလေနှင့် အထကနားအွန်အသင်းတို့ စတင်ယှဉ်ပြိုင် ကစားခဲ့ကြသည်။

ဘောလုံးပြိုင်ပွဲသို့ တာချီလိတ်မြို့နယ်နှင့် တာလေမြို့များရှိ အခြေခံပညာကျောင်းများမှ အသက် ၁၂ နှစ်အောက် ဘောလုံးအသင်း ၁၅ သင်းနှင့် အသက် ၁၆ နှစ်အောက် ဘောလုံးအသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၂၇ မှ ဒီဇင်ဘာ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## သတင်းတို

### လျှပ်စစ်ကျွမ်းကျင်မှု သင်တန်းဆင်း

အင်းစိန်မြို့နယ်ရှိAGTI Society အသက်မွေး ပညာသင်ကျောင်း အစည်းအဝေးခန်းမ၌ လျှပ်စစ်ကျွမ်းကျင်မှုပညာ(ဒုတိယအကြိမ်)သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၇ ရက်က ကျင်းပခဲ့ရာ AGTI အသင်းဥက္ကဋ္ဌ ဦးငြိမ်းအောင်က အမှာစကားပြောကြားပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်ထွန်း၊ အသင်းဥက္ကဋ္ဌ၊ အသင်းဒုတိယဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် တာဝန်ရှိသူများက ထူးချွန်သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းအောင်လက်မှတ်များကို သင်တန်းဆင်းကျောင်းသားများထံ ပေးအပ်ခဲ့ကြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ပြည်ပချေးငွေနဲ့ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း ဆင်းရဲမှုလျှော့ချရေးရည်ရွယ်ချက်ကို အထမြောက်စေရဲ့လား

**ကျော်ဇော်(သမ)**

၂၀၁၁ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သော လက်ရှိအစိုးရသည် စတင်တာဝန်ယူခဲ့ချိန်မှစ၍ **"ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး"** လုပ်ငန်းစဉ်ကို အဓိကလုပ်ငန်းစဉ်တစ်ခုအဖြစ် မူဝါဒချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် **"သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး"** ဆိုသည့်အချက်လည်း တစ်ချက်အပါအဝင်ဖြစ်သည်။ ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် သမဝါယမဝန်ကြီးဌာနက အဓိကလုပ်ငန်းသုံးခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း၊ လယ်ယာသုံးနှင့် လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းလုပ်ငန်းနှင့် သမဝါယမအသင်းများကို အဆင့်မြှင့်တင်ပေးခြင်းလုပ်ငန်းတို့ဖြစ်သည်။

**အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်းသည် ပြည်သူကို တိုက်ရိုက် လက်ငင်းအကျိုးဖြစ်ထွန်းစေသော လုပ်ငန်းတစ်ခုဖြစ်သည်။ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း၏ ရည်ရွယ်ချက်မှာ (၁) အရင်းအနှီးအတွက် အခက်အခဲရှိသော ပြည်သူများ ပြင်ပမှအတိုးနှုန်းကြီးမြင့်စွာဖြင့် ငွေချေးယူနေရမှုမှ အတိုင်းအတာတစ်ခုအထိ သက်သာမှုရရှိအောင်၊ (၂) ဤသို့စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေခြင်းဖြင့် နောင်လေးငါးနှစ်ကြာလျှင် ပြင်ပမှငွေချေးစရာမလိုတော့ဘဲ မိမိခြေထောက်ပေါ်ရပ်တည်နိုင်ခြင်း၊ မိမိစုဆောင်းငွေ၊ မိမိကိုယ်ပိုင်ငွေဖြင့် လုပ်ငန်းများကို အလွယ်တကူလုပ်ကိုင်နိုင်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။**

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်သော ပြည်သူများဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင် အသက်မွေးနေကြသူများဖြစ်သည်။ ထို့အပြင် မြို့ပြနေပြည်သူများထဲတွင်လည်း လက်လုပ်လက်စား အခြေခံပြည်သူများ ပါဝင်နေသည်။ ကျေးလက်နေပြည်သူများနှင့် မြို့ပြနေအခြေခံပြည်သူအများစုသည် မိမိတို့၏ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကြေးအရင်းအနှီးများ လိုအပ်နေသည်။ လိုအပ်သော အရင်းအနှီးအတွက် ပြင်ပမှ အတိုးနှုန်းကြီးမြင့်စွာဖြင့် ငွေချေးယူ၍ ရင်းနှီးလုပ်ကိုင်ကြရသည်။ အပေါင်ပစ္စည်းမဲ့ ချေးယူပါက အတိုးနှုန်း ၁၀ ကျပ်၊ ၁၅ ကျပ်၊ ငွေကျပ် ၂၀၊ ငွေကျပ် ၃၀ အထိရှိသည်။ ပျမ်းမျှအတိုးနှုန်း ၁၀ ကျပ် ပေးရသည်ဟု ဆိုနိုင်သည်။

ပြည်သူများ ပြင်ပမှ အတိုးနှုန်းကြီးမြင့်စွာနှင့် ငွေချေးယူလုပ်ငန်းလုပ်ကိုင်နေရသည့် အခြေအနေမှ အတိုင်းအတာတစ်ခုအထိ သက်သာမှုရရှိအောင် သမဝါယမဝန်ကြီးဌာနက အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းဖြင့် ဝင်ရောက်ဖြေရှင်းပေးနေခြင်းဖြစ်သည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပထမခြောက်လအထိ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ သမဝါယမအသင်း/ ကျေးရွာ ၆၆၅၉ သင်း/ရွာမှ အသင်းသားမိသားစုပေါင်း ၇၆၈၂၂၀ (ခုနစ်သိန်းကျော်)ကို ချေးငွေကျပ်သန်းပေါင်း ၄၄၁၇၁ ဒသမ ၆၀၃ (လေးဆယ့်လေး ဘီလီယံကျော်)သာ ထုတ်ချေးဆောင်ရွက်ပေးနိုင်ခဲ့သည်။ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းအတွက် နိုင်ငံတော်အစိုးရ၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးနိုင်ခြင်းမရှိသဖြင့် သမဝါယမအသင်းများနှင့် အသင်းသားများပိုင်ဆိုင်သည့် ငွေကြေးများဖြင့်သာ ဆောင်ရွက်ပေးခဲ့သည့်ပမာဏဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်း နေထိုင်လျက်ရှိကြသည်။ ကျေးရွာတစ်ရွာလျှင် ပျမ်းမျှမိသားစု ၁၀၀ (အိမ်ခြေ ၁၀၀)ခန့်ရှိသည်။ မိသားစုတစ်စုကို အသေးစားအရင်းအနှီး ချေးငွေကျပ်တစ်သိန်း မတည်ထုတ်ချေးပေးလျှင်ပင် ကျေးရွာခြောက်သောင်းကျော်အတွက် အနည်းဆုံးငွေကျပ် ဘီလီယံ ၆၀၀ ကျော်ရှိရန်လိုအပ်သည်။ တစ်နိုင်ငံလုံးရှိ သမဝါယမအသင်းများနှင့် အသင်းသားများ ပိုင်ဆိုင်သည့်ငွေကြေးကို စုပေါင်းလိုက်လျှင် စုစုပေါင်း ၄၄ ဘီလီယံကျော်သာရှိသည်။ ဘီလီယံ ၅၅၀ ကျော် ထပ်မံလိုအပ်သည်။ နိုင်ငံတော်အစိုးရကလည်း ဤမျှလောက် ငွေကြေးပမာဏကို ဘတ်ဂျက်ရန်ပုံငွေ ခွဲဝေချပေးနိုင်ရန် အခက်အခဲရှိသည်။

ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းစဉ်၏ ရည်မှန်းချက်နှင့်အညီ လိုအပ်သည့်အရင်းအနှီးကို မျှော်ကိုးနေရသော ပြည်သူများ၏ အခက်အခဲကို ဖြေရှင်းပေးနိုင်ရန် နည်းလမ်းများရှာကြံခဲ့ကြသည်။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတော်အဆင့် ဆွေးနွေးဆောင်ရွက်သကဲ့သို့ သမဝါယမဝန်ကြီးဌာနကလည်း ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

သမဝါယမဝန်ကြီးဌာနသည် ၂၀၁၂ ခုနှစ် ဩဂုတ်လမှ စတင်၍ ၂၀၁၄ ခုနှစ်အထိ ပြည်ပနိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့် စုစုပေါင်း ၉၁ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည်။ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းအတွက် အတိုးနှုန်း ၄ ဒသမ ၅ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ နှစ်နှစ်၊ ပြန်ဆပ်ကာလ ရှစ်နှစ် စုစုပေါင်း ချေးငွေသက်တမ်း ၁၀ နှစ်ဖြင့် ငွေထုတ်ချေးမည့် China EXIM Bank မှလွဲ၍ ဒီထက်ပိုမိုသက်သာကောင်းမွန်သော အဆိုပြုချက်၊ ကမ်းလှမ်းချက်ဖြင့် ငွေကြေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံ/ အဖွဲ့အစည်းများမရှိဘဲ ၎င်းတို့တွက်ခြေမကိုက်သဖြင့် လှည့်ပြန်သွားကြသည်ချည်းသာ။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်အားပေးမှု၊ အစိုးရအဖွဲ့နှင့် လွှတ်တော်၏သဘောတူညီမှုတို့ဖြင့် China EXIM Bank ထံမှ ပထမချေးငွေ အမေရိကန်ဒေါ်လာသန်း ၅၀ ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် လည်းကောင်း၊ ဒုတိယချေးငွေ အမေရိကန်ဒေါ်လာသန်း ၅၀ ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် လည်းကောင်း၊ တတိယချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၀၀ ကို ၂၀၁၅ ခုနှစ် ဇွန်လတွင် လည်းကောင်း ချေးယူရရှိခဲ့ရာ စုစုပေါင်းချေးငွေ အမေရိကန်ဒေါ်လာသန်း ၄၀၀ ဖြစ်သည်။

အဆိုပါပြည်ပချေးငွေများဖြင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ပါ ပြည်သူများလိုအပ်လျက်ရှိသော အသေးစားအရင်းအနှီးချေးငွေများကို ပြင်ပထက်သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးပေးနိုင်ရေးလုပ်ငန်းတွင် ထပ်လောင်းအားဖြည့်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ပြည်ပချေးငွေ (**China EXIM Bank ချေးငွေ**) **ပထမဒေါ်လာသန်း ၅၀ ဖြင့် ဆောင်ရွက်ခဲ့သော အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း သက်တမ်း သည် နှစ်နှစ်ပြည့်တော့မည်။ ဒုတိယဒေါ်လာသန်း ၅၀ ၏ လုပ်ငန်းသက်တမ်းသည် တစ်နှစ်ပြည့်ခဲ့ပြီ။ တတိယဒေါ်လာသန်း ၃၀၀ ၏ လုပ်ငန်းသက်တမ်းသည် ခြောက်လပြည့်တော့မည်။ ခြုံကြည့်လျှင် ပြည်ပချေးငွေဖြင့် ဆင်းရဲမှုလျှော့ချရေးအထောက်အကူပြု အသေးစား အရင်းအနှီးချေးငွေလုပ်ငန်းသက်တမ်း သည် အကြာဆုံးနှစ်နှစ်မှ အတိုဆုံးခြောက်လအတွင်းသာရှိသေးသဖြင့် လွန်စွာမှ တိုတောင်းလှသည့်ကာလအတွင်း "အခြေခံတောင်သူလယ်သမားများ၊ ပြည်သူများအတွက် တကယ်အကျိုးရှိရဲ့လား"၊ "ဆင်းရဲမှုလျှော့ချရေးစီမံချက်အတွက် လက်တွေ့မှာ ရည်ရွယ်ချက်အထမြောက်ပါသလား" ဆိုသည်ကို အနည်းငယ်စောကြော ကြည့်ကြရအောင်ပါ။**

အောက်တိုဘာ ၃၁ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း သမဝါယမအသင်း/ ကျေးရွာ ၃၄၉၇၈ သင်း/ရွာ (သုံးသောင်းကျော်) အသင်းသားမိသားစုပေါင်း ၃၁၆၄၉၁၅ စု (သုံးသန်းကျော်)ထံသို့ အသေးစားအရင်းအနှီးချေးငွေ ကျပ်သန်းပေါင်း ၄၃၉၈၇၆ ဒသမ ၈၀၅ (ဘီလီယံလေးရာကျော်) ထုတ်ချေးပေးထားပါသည်။ အသင်းသားများက ၎င်းတို့၏အသင်းများသို့ ထည့်ဝင်ထားသည့် အစုငွေပေါင်းမှာ ကျပ်သန်းပေါင်း ၁၉၃၅၁ ဒသမ ၅၈၅ (တစ်ဆယ့်ကိုးဘီလီယံကျော်)ဖြစ်ပြီး ၎င်းတို့တစ်ဦးချင်း၏စုဆောင်းငွေပေါင်းမှာ ကျပ်သန်းပေါင်း ၁၀၀၁၀၆ ဒသမ ၉၄၃ (ဘီလီယံတစ်ရာကျော်) ရှိပြီဖြစ်ပါသည်။ ဆိုရလျှင် သမဝါယမအသင်းများနှင့် အသင်းသားများပိုင် ကိုယ်ပိုင်ငွေပေါင်းမှာ ကျပ်သန်းပေါင်း (၁၉၃၅၁ ဒသမ ၅၈၅ + ၁၀၀၁၀၆ ဒသမ ၉၄၃ ) ၁၁၉၄၅၈ ဒသမ ၅၂၈ (တစ်ရာတစ်ဆယ့်ကိုး ဘီလီယံကျော်) ဖြစ်ပါသည်။ အောက်ပါအတိုင်းဖြစ်ပါသည်-

- ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု
- မြို့နယ် ၃၀၇ မြို့နယ်
- အသင်း/ကျေးရွာ ၃၄၉၈၇၈ သင်း
- အသင်းမိသားစုပေါင်း ၃၁၆၄၉၁၅ စု
- အစုငွေ ၁၉၃၅၁. ၅၈၅ ကျပ်သန်း
- စုဆောင်းငွေ ၁၀၀၁၀၆. ၉၄၃ ကျပ်သန်း
- ထုတ်ချေးငွေပေါင်း ၄၃၉၈၇၆. ၈၀၅ ကျပ်သန်း

အထက်ပါအခြေအနေကိုကြည့်ပါက အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းသည် အလွန်တိုတောင်းသော အချိန်အတွင်း -

- **တစ်နိုင်ငံလုံး (မြို့နယ်ပေါင်း ၃၃၀ အနက် ၃၀၇ မြို့နယ်)ကို လွှမ်းခြုံပျံ့နှံ့ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့် ထိရောက်အောင်မြင်မှုကို တွေ့နိုင်ပါသည်။**
- **တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်အနက် ထက်ဝက်ကျော်သော ကျေးရွာပေါင်းသို့ လွှမ်းခြုံအောင်အထိ ထိရောက်အောင်မြင်ဆောင်ရွက်နိုင်မှုကို တွေ့နိုင်ပါသည်။**
- **ထို့အပြင် ကျေးလက်နေမိသားစုပေါင်း ရှစ်သန်းကျော်အနက် သုံးသန်းကျော်နှင့် မိသားစုဝင် ၁၄ သန်းနီးပါး (သန်းခေါင်စာရင်း ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် မိသားစုတစ်စု၏ ပျမ်းမျှမိသားစုဝင်ပါဝင်မှုမှာ ၄ ဒသမ ၄ ဦး ရှိသဖြင့် မိသားစုဝင်ပေါင်း = ၃၁၆၄၉၁၅ စု × ၄ ဒသ ၄ ဦး = ၁၃၉၂၁၂၂၆ ဦး)ကို လွှမ်းခြုံထောက်ပံ့နိုင်အောင်အထိ အောင်မြင်ထိရောက်မှုရှိခဲ့ပါသည်။**

ထို့အပြင် အထက်ပါအသေးစားအရင်းအနှီးချေးငွေများကို သမဝါယမဝန်ကြီးဌာနက ပြည်သူများသို့ တစ်လလျှင် ၁ ဒသမ ၁၅ ကျပ်အတိုးနှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ရာ ပြင်ပအတိုးနှုန်း ပျမ်းမျှ ၁၀ ကျပ်နှုန်းနှင့် နှိုင်းယှဉ်ပါက ချေးငွေ ကျပ် ၁၀၀ ပေါ်တွင် တစ်လလျှင် အတိုး ၈ ဒသမ ၈၅ ကျပ် သက်သာလျက်ရှိပါသည်။ ဖော်ပြပါ ချေးငွေပေါင်းကျပ်သန်း(၄၃၉၈၇၆ ဒသမ ၈၀၅ ကို ချေးငွေယူထားသည့် ပြည်သူများအတွက် ပြင်ပအတိုးနှုန်းထက် သက်သာမှုမှာ တစ်လလျှင် ကျပ်သန်းပေါင်း ၃၈၉၂၉ ဒသမ ၀၉၇ (သုံးဆယ့်ရှစ်ဘီလီယံကျော်) ဖြစ်ပါသည်။ အောက်ပါအတိုင်းဖြစ်ပါသည်-

| အသင်း | အသင်းသား | ထုတ်ချေးငွေ | အတိုး(၁ လစာ)(ကျပ်သန်း) | | |
|---|---|---|---|---|---|
| | | | ၁၀ကျပ်တိုး ပြင်ပက ချေးယူလျှင် ပေးရမည့် အတိုးပမာဏ | ၁.၁၅ကျပ်တိုး သမဝါယမသို့ ပေးရမည့် အတိုးပမာဏ | ပြင်ပထက် သက်သာမှု |
| ၃၄၉၇၈ | ၃၁၆၄၉၁၅ | ၄၃၉၈၇၆.၈၀၅ | ၄၃၉၈၇.၆၈၁ | ၅၀၅၈.၅၈၃ | ၃၈၉၂၉.၀၉၇ |

**တစ်နှစ်စာသက်သာမှုကို တွက်ချက်ကြည့်ပါက ၃၈၉၂၉ ဒသမ ၀၉၇ × ၁၂ လ = ကျပ်သန်းပေါင်း ၄၆၇၁၄၉ ဒသမ ၁၆၇ (လေးရာခြောက်ဆယ့်ခုနစ်ဘီလီယံကျော်)ရှိကြောင်း တွေ့ရပါသည်။ ပြင်ပသို့ အတိုးမပေးရဘဲ သက်သာသည့် ထိုမျှများပြားသော ငွေကြေးများသည် ချေးယူသူပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် လူမှုစီးပွားဘဝတိုးတက်မှုအတွက် များစွာအထောက်အကူပြုနိုင်သည်အထိ အောင်မြင်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။**

အလျဉ်းသင့်၍ ဖော်ပြလိုသည်မှာ သမဝါယမဝန်ကြီးဌာနသည် အသေးစားအရင်းအနှီးချေးငွေကိုသာမက ပြည်သူများလိုအပ်လျက်ရှိသော လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်း၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးအတွက် ပံ့ပိုးပေးခြင်းတို့ကိုပါ ဆောင်ရွက်လျက်ရှိရာ ထိုလုပ်ငန်းများ၏ စုစုပေါင်းငွေပမာဏမှာ ကျပ်သန်းပေါင်း ၅၁၂၇၃၅ ဒသမ ၁၁၇ (ငါးရာ့တစ်ဆယ်ဘီလီယံကျော်)ဖြစ်ပါသည်။ အသေးစိတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | ကျပ်သန်းပေါင်း |
|---|---|
| - အသေးစားအရင်းအနှီး ချေးငွေပေါင်း | ၄၃၉၈၇၆. ၈၀၅ |
| - စက်ကိရိယာများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသည့် ချေးငွေပေါင်း | ၇၁၀၆၆. ၂၂၂ |
| - သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေး အတွက် ချေးငွေပေါင်း | ၇၉၂. ၀၉၀ |

**ထို့ကြောင့် ဤစုစုပေါင်း ထုတ်ချေးထားငွေကျပ်သန်းပေါင်း ၅၁၂၇၃၅ ဒသမ ၁၁၇ (ငါးရာ့တစ်ဆယ်ဘီလီယံကျော်)အတွက် ပြင်ပမှချေးယူငွေထက် သက်သာမည့်အတိုးငွေကို တွက်ချက်ကြည့်ပါက တစ်လလျှင် ကျပ်သန်းပေါင်း ၄၅၃၇၇ ဒသမ ၀၅၇၇ (လေးဆယ့်ငါးဘီလီယံကျော်)ဖြစ်ပြီး တစ်နှစ်အတွက်ဆိုပါက ကျပ်သန်းပေါင်း ၅၄၄၅၂၄ ဒသမ ၆၉၂၄ (ငါးရာ့လေးဆယ်ဘီလီယံကျော်)ကို ပြည်သူများက ၎င်းတို့၏ လူမှုစီးပွားဘဝအတွက် ပြန်လည်အသုံးပြုခွင့်ရရှိနေကြောင်း၊ လက်တွေ့ခံစားနေရကြောင်းကို ဝမ်းမြောက်သောမနသဖြစ်ဖွယ် မျက်မြင်ဒိဋ္ဌတွေ့မြင်ရမည်ဖြစ်ပါသည်။**

**သို့ပါ၍ "ပြင်ပမှ အတိုးကြီးပေးချေးယူရခြင်းမှ လတ်တလောသက်သာစေရန်" ဟူသည့် အရင်းအနှီးချေးငွေလုပ်ငန်း၏ ပထမရည်မှန်းချက် အမှန်တကယ်အောင်မြင်မှုရနေကြောင်း တွေ့မြင်နိုင်ပါသည်။**

သမဝါယမချေးငွေရယူနေသည့် ပြည်သူများသည် ပြင်ပမှအတိုးကြီးပေး၍ ငွေချေးနေရမှုမှ အတိုင်းအတာတစ်ခုအထိ သက်သာမှုရရှိနေသည့်အပြင် ငွေချေးတိုင်း ငွေစုရသောကြောင့် ၎င်းတို့၏ စုဆောင်းငွေများလည်း တဖြည်းဖြည်းတိုးလျက်ရှိသည်။ သမဝါယမအသင်းက အသင်းသားများအား ငွေထုတ်ချေးရာတွင် China EXIM Bank ချေးငွေများအပြင် ယင်းအသင်းရှိ ငွေ၊ အသင်းသားများ၏ အစု၊ စုဆောင်းငွေများကိုလည်း ထည့်သွင်းပူးပေါင်း၍ ထုတ်ချေးသည်။ ထိုအခါ ချေးငွေတွင်ပါဝင်သည့် အသင်းနှင့် အသင်းသားများ၏ အစု၊ စုဆောင်းငွေများအတွက်ပါ

*စာမျက်နှာ ၁၇ သို့*



# ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၂၉**

၂၀၁၅ ခုနှစ် ပြင်ဦးလွင်တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ပိတ်ပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို မဟာအံ့ထူးကံသာ(ပြည်ချစ်) ဘုရားကြီးမီးပုံးပျံကွင်းအတွင်း နိုဝင်ဘာ ၂၇ ရက် ညက ကျင်းပခဲ့ကြောင်း သိရသည်။

ပွဲတော်၏ နောက်ဆုံးနေ့ဖြစ်သော အဆိုပါညတွင် ပြိုင်ပွဲဝင် မီးပုံးပျံများ ယှဉ်ပြိုင်လွှတ်အပြီး ဘုရားကြီးဦးစီးကော်မတီနှင့် ပိတ်ပွဲမီးပုံးအဖြစ် စိန်နားပန်မီးပုံးပျံကြီးကို နောက်ဆုံးလွှတ်တင်၍ ၂၀၁၅ ခုနှစ် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်ကြီးကို အောင်မြင်စွာ ပြီးဆုံးစေခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ညမီးကျည်အမျိုးအစား မီးပုံးပျံပြိုင်ပွဲတွင် မြန်မာပြည်သားမီးက ဆုဖလား၊ ငွေကျပ် ၅၅ သိန်းအပါအဝင် ပထမ၊ နယ်မြေ(၁) မီးက ဆုဖလား၊ ငွေကျပ်သိန်း ၄၀ ဒုတိယ၊ မြန်မာ့ရိုးရာမီးက ဆုဖလား၊ ငွေကျပ် သိန်း ၃၀ နှင့် တတိယ၊ စိန်နားပန်အမျိုးအစားပြိုင်ပွဲတွင် အနာဂတ်လူငယ်မီးက ဆုဖလား၊ ငွေကျပ်သိန်း ၂၀ နှင့် ပထမ၊ ရွှေမြန်မာမီး (ကော်ဖီလုပ်ငန်း)က ဆုဖလား၊ ငွေကျပ် ၁၅ သိန်းနှင့် ဒုတိယ၊ လယ်ဆည်မီးက ဆုဖလား၊ ငွေကျပ် ၁၀ သိန်းနှင့် တတိယ၊ နေ့အုပ်စုလိုက်ပြိုင်ပွဲတွင် ရကက(၇) ရွှေသုဒ္ဒရီမီးက ဆုဖလား၊ ငွေကျပ်ငါးသိန်းနှင့် ပထမ၊ သုတစံမီးက ဆုဖလား၊ ငွေကျပ်သုံးသိန်းနှင့် ဒုတိယ၊ တရားရုံးမီးက ဆုဖလား၊ ငွေကျပ် နှစ်သိန်းနှင့် တတိယအဖြစ်လည်းကောင်း၊ နေ့အရုပ်အလှခြေလေးချောင်းပြိုင်ပွဲတွင် စွမ်းအင်မီးက ဆုဖလား၊ ငွေကျပ် သုံးသိန်းနှင့် ပထမ၊ မြခွာညိုမီးက ဆုဖလား၊ ငွေကျပ် နှစ်သိန်းနှင့် ဒုတိယ၊ ရကက (၁၀) မီးက ဆုဖလား၊ ငွေကျပ် နှစ်သိန်းနှင့် တတိယကိုလည်းကောင်း၊ ခြေနှစ်ချောင်းပြိုင်ပွဲတွင် ရကက(၇) မီးက ဆုဖလား၊ ငွေကျပ်သုံးသိန်းနှင့် ပထမ၊ ရကက(၅)မီးက ဆုဖလား၊ ငွေကျပ် နှစ်သိန်းနှင့် ဒုတိယ၊ မြူခိုးမီးက ဆုဖလား၊ ငွေကျပ်တစ်သိန်းနှင့် တတိယဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲအမျိုးအစားအလိုက် ဒသမဆုအထိနှင့် နှစ်သိမ့်ဆုများကို ချီးမြှင့်ခဲ့ရာ ညမီးကျည်ပြိုင်ပွဲတွင် ဆုငွေ ၂၀၇၈၃၀၀၀ ကျပ်၊ စိန်နားပန်ပြိုင်ပွဲတွင် ၉၃၅၂၀၀၀ ကျပ်၊ နေ့အလှအုပ်စုတွင် ၁၇၁၈၀၀၀ ကျပ်၊ ခြေလေးချောင်းတွင် ၁၃၂၄၀၀၀ ကျပ်၊ ခြေနှစ်ချောင်းတွင် ၁၂၉၈၀၀၀ကျပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## သတင်းတို

### ကတ္တရာလမ်းသစ်ဖွင့်လှစ်

ရှမ်းပြည်နယ် နောင်ချိုမြို့ သပြေရေတောင်ရှိ သံသရာအေးစေတီတော်သို့သွားရာ အေးချမ်းသာယာကတ္တရာလမ်းသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၂၆ ရက်က ကျင်းပခဲ့ရာ ဟော်တော်ကျောင်းတိုက်ဆရာတော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ အဆိုပါ လမ်းသစ်သည် အရှည် ၁၆၀၀ ပေနီးပါးနှင့် အကျယ် ၁၂ ပေရှိပြီး နောင်ချိုမြို့နေပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် ၁၃၉ သိန်းကျော်ဖြင့် ခင်းကျင်းခဲ့ခြင်းဖြစ်သည်။ **စိုးဝင်း(နောင်ချို)**

# သီပေါမြို့မှ ရှမ်းရိုးရာ စားစရာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်တွင် ဟေမန္တဆောင်းရာသီကာလသို့ရောက်လျှင် မိသားစုဝိုင်းဖွဲ့ကာ နှင်းမှုန်များအောက်တွင် မီးလှုံကြပြီး ခေါပုပ်(ခေါ်)ခေါက်တန်ငါးကို မီးကင်၍လည်းကောင်း၊ ကြော်၍လည်းကောင်း စားသုံးကြသည်မှာ သီပေါဒေသခံ ရှမ်းတိုင်းရင်းသားများ၏ ရိုးရာဓလေ့တစ်ခု ဖြစ်သည်။

ခေါပုပ်များကို ရှမ်းပြည်နယ်တွင် ဒေသအများအပြား၌ ပြုလုပ်ရာ၌ နှမ်းအနည်းငယ်နှင့် ရေဖြင့်ထောင်းသော ခေါပုပ်နှင့် နှမ်းများများနှင့် ထောင်းသော (ရှမ်းနှမ်းထောင်းခေါပုပ်)ဟူ၍ရှိကာ ရှမ်းနှမ်းထောင်းခေါပုပ်ကို လူကြိုက်များသည်။ သီပေါနယ်မှ ရှမ်းနှမ်းထောင်းခေါပုပ်သည် အရသာကောင်းမွန်သဖြင့် သီပေါဒေသတွင်သာမက ရှမ်းပြည်နယ်အတွင်း အခြားမြို့ကြီးများနှင့် ရန်ကုန်၊ မန္တလေးအပါအဝင် မြို့ကြီးများမှပါ သီပေါမှ ခေါပုပ်များကို မှာယူ၍ စားကြသည်။

ခေါပုပ်ပြုလုပ်ရာတွင် ကောက်ညှင်းဆန်ချိတ်ကို ညက်နေအောင် ဆုံထဲထည့်၍ ထောင်းရပြီး ထောင်းထားသည့် ကောက်ညှင်းညက်တွင် ခေါပုပ်ထောင်းသည့် နှမ်းမည်းကို ဖြူးကာ ဆီအနည်းငယ်ဖျန်းပေးရသည်။ ထိုသို့ နာရီဝက်ခန့် ပြုလုပ်ပြီးပါက ခေါပုပ်ဖြစ်လာပြီး အစိတ်သား၊ ငါးဆယ်သား၊ တစ်ပိဿာ စသည်ဖြင့် အချပ်များကို လိုအပ်သလို ချိန်တွယ်ပြုလုပ်ရသည်။ ယခုနှစ်တွင် နှမ်းထောင်းခေါပုပ်များသည် တစ်ပိဿာလျှင် ကျပ်လေးထောင်ဈေးနှုန်းရှိနေပြီး ပိဿာချိန်အများအပြား လိုချင်ပါက ကြိုတင်မှာယူရကြောင်း သီပေါမြို့ရှိ ခေါပုပ်လုပ်ငန်းများမှ သိရသည်။

**စိုင်း(သီပေါ)**



# ကန့်ဘလူမြို့၌ မီးသင်္ဂြိုဟ်စက်တည်ဆောက်ပြီးစီး

**ကန့်ဘလူ နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့သုသာန်၌ မီးသင်္ဂြိုဟ်စက်(ဖို)၊ အခြားလိုအပ်သော အဆောက်အအုံများ၊ ဝင်းကာရံခြင်းနှင့် ကတ္တရာခင်းခြင်းတို့ကို ဆရာတော်၊ သံဃာတော်များ၊ ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)၊ မြို့မိမြို့ဖအလှူရှင်များ၊ မြို့သူ မြို့သားများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် နိုဝင်ဘာလမှစ၍ အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးသင်္ဂြိုဟ်စက်(ဖို)တည်ဆောက်ရန် လှည်းကူးမြို့မှ ပညာရှင်တစ်ဦးကို ခေါ်ယူတည်ဆောက်ခဲ့ရာ ငွေကျပ်သိန်း ၁၄၀ ကုန်ကျခဲ့သဖြင့် ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)က လှူဒါန်းခဲ့သည်ဟု သိရသည်။

မီးသင်္ဂြိုဟ်စက်ခန်းမကို မြို့နယ်စည်ပင်သာယာ၏ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်ဖြင့် ဆောက်လုပ်ခဲ့ပြီး အခြားလိုအပ်သော အဆောက်အအုံများဖြစ်သည့် အသုဘပို့လူများ နားခိုရန် (၃၆×၂၇) ပေရှိ ဇရပ်တစ်ဆောင်၊ ဆရာတော်များ၏ ယာဉ်ထားရန် (၃၆×၁၈) ပေရှိ အဆောက်တစ်ခု၊ အလျား (၅၀၀×၁၂) ပေရှိ ကတ္တရာလမ်း၊ အလျားပေ ၇၀၀ ရှိ ကွန်ကရစ်တိုင်နှင့် သံဆန်ခါဝင်း၊ အလျားပေ ၃၀၀ ရှိ ကွန်ကရစ်တိုင်နှင့် သံဆူးကြိုးကာဝင်း၊ (၁၈×၆) ပေရှိ သံတံခါးမကြီးနှင့် (၄×၆) ပေရှိ လူဝင်သံတံခါးတို့ကို ဆရာတော်သံဃာတော်များ၊ မြို့မိမြို့ဖအလှူရှင်များနှင့် မြို့သူမြို့သားများစုပေါင်းလှူဒါန်းမှုဖြင့် ဆောင်ရွက်ခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ အောက်တိုဘာလက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ဆေးဝါးဈေးနှုန်းအဆမတန်မြင့်တက်လာခြင်းကြောင့် ကျေးလက်နေပြည်သူများအခက်တွေ့

**ရေတာရှည် နိုဝင်ဘာ ၂၉**

နိုင်ငံခြားငွေဈေးမြင့်တက်ခြင်းနှင့်အတူ အိမ်သုံးဆေးဝါးဈေးနှုန်းများအဆမတန် မြင့်တက်လျက်ရှိရာ ကျေးလက်နေပြည်သူများမှာ ကျန်းမာရေးကုန်ကျစရိတ်ကြီးမားသည့်အတွက် ဆေးဝါးကုသရာတွင် အခက်အခဲများကြုံတွေ့ကြရကာ ဆေးဝါးအရောင်းဆိုင်များမှာလည်း ရင်းနှီးမြှုပ်နှံမှုပမာဏများပြားလာခြင်းကြောင့် ပစ္စည်းအမှာစာကို လျှော့ချနေရကြောင်း သိရသည်။

"အရင်က တစ်ကတ်မှာ လေးထောင်ပဲရှိတဲ့ဆေးက အခုတစ်သောင်းဖြစ်သွားပြီ။ တခြားဆေးတွေလည်း အကုန်တက်ကုန်တယ်။ ကုမ္ပဏီကလူတွေကိုမေးကြည့်တော့ ဝန်ထမ်းလစာ၊ စရိတ်တွေမြင့်လာတာကို ကာမိအောင် ဈေးနှုန်းတွေမြှင့်ရတာလို့ ပြောတယ်" ဟု ဆေးအရောင်းဆိုင်ရှင်တစ်ဦးက ပြောသည်။ ဆေးဝါးများဈေးနှုန်း မြင့်တက်လာခြင်းကြောင့် ကျေးလက်ဒေသမှ ဆေးခန်းသွားပြရသည့်အခါ ယခင်ထက်ကုန်ကျစရိတ်ပိုများလာသည့်အတွက် အချို့ဆိုလျှင် နေအိမ်၌ပင် ဆေးမီးတိုဖြင့် ကုသနေရကြောင်း သိရသည်။ "တောင်သူတွေဆိုတော့ ဒီနှစ် သီးနှံလေးတွေဈေးကောင်းလို့ အသက်ရှူချောင်မယ်အောက်မေ့တာ ကုန်ဈေးနှုန်းက အဆမတန်မြင့်တက်နေတော့ အရင်အတိုင်းပါပဲ" ဟု အထက်ပါဒေသခံကပင် ဆက်၍ပြောသည်။

**ကိုလွင်(ဆွာ)**

# မုံရွာခရိုင် အမျိုးသမီးအားကစားအဖွဲ့နာယကဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ချောင်းဦးမြို့၌ကျင်းပ

**ချောင်းဦး နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အမျိုးသမီးအားကစားအဖွဲ့နာယကဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာလ ၂၇ ရက် ညနေ ၃ နာရီက ချောင်းဦးမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် မုံရွာမြို့နယ်အသင်းနှင့် ချောင်းဦးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကြရာ မုံရွာမြို့နယ်အသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပထမဆု ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပထမဆုရရှိသော မုံရွာမြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ပထမဆုဖလားကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နမ့်သီတာချိုစင်နှင့်အဖွဲ့ကလည်းကောင်း၊ ဒုတိယဆုရရှိသော ချောင်းဦးမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ချောင်းဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသင်းနှင့် အဖွဲ့ဝင်များကလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

# စံချိန်တင်လစာကြောင့် ဝေခွဲရခက်နေတဲ့ ဂွာဒီယိုလာ

ဘိုင်ယန်မြူးနစ်နည်းပြ ဂွာဒီယိုလာကို မန်စီးတီးက ကမ္ဘာ့အမြင့်ဆုံးနည်းပြလစာဖြစ်တဲ့ တစ်နှစ်ပေါင် ၁၃ ဒသမ ၂ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းလိုက်ပြီလို့ ဆိုပါတယ်။ ရာသီအကုန်မှာ စာချုပ်သက်တမ်းကုန်ဆုံးတော့မယ့် နည်းပြ ဂွာဒီယိုလာဟာ စံချိန်တင်လစာကြောင့် ဘိုင်ယန်မြူးနစ်ကို ကျောခိုင်းရတော့မလိုဖြစ်နေပါတယ်။ ဘာစီလိုနာနည်းပြဟောင်း ဂွာဒီယိုလာကို ဂျာမန်ချန်ပီယံ ဘိုင်ယန်မြူးနစ်ကတော့ စာချုပ်သစ်ချုပ်ဆိုဖို့ မျှော်လင့်နေတာပါ။ ဘိုင်ယန်မြူးနစ်က ဂွာဒီယိုလာမထွက်ခွာရေး ပြင်ဆင်မှုတွေ ပြုလုပ်သွားမယ်လို့ ပြောဆိုလိုက်ပါတယ်။ ဂွာဒီယိုလာဟာ ဇူလိုင် ၁ ရက်က မန်စီးတီးကို လွှဲပြောင်းယူဖို့ မူအားဖြင့် သဘောတူညီထားတယ်လို့ ဆိုပါတယ်။ သို့ပေမယ့်လည်း ဘွန်ဒက်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်က မန်စီးတီးကပေးမယ့် လစာထက်မြင့်တဲ့လစာနဲ့ ထပ်မံစာချုပ်သွားမယ်လို့ ဆိုပါတယ်။

# မျိုးဆက်သစ်တွေမွေးထုတ်ဖို့ အကယ်ဒမီဖွင့်မယ်ဆိုတဲ့ ဗာဒီ

ပရီမီယာလိဂ်မှာ ၁၀ ပွဲဆက်တိုက် ဂိုးသွင်းယူခဲ့တဲ့ လီဆက်စတာတိုက်စစ်မှူး ဗာဒီက သူ့အနေနဲ့ ဂိုးသွင်းစွမ်းရည် ပြည့်ဝတဲ့ ကစားသမားတွေပေါ်ထွက်လာဖို့ သူ့နာမည်နဲ့ ဘောလုံးအကယ်ဒမီသင်တန်းကျောင်းတစ်ခု ဖွင့်လှစ်သွားမယ်လို့ ပြောဆိုလိုက်ပါတယ်။ ဒီသင်တန်းကျောင်းက လိဂ်မဟုတ်တဲ့ မျိုးဆက်သစ်ကစားသမားတွေ မွေးထုတ်ရာမှာ အထောက်အကူပြုမှာဖြစ်ပါတယ်လို့ ဗာဒီက ဆိုပါတယ်။ V9 Academy က သီတင်းတစ်ပတ်ကြာ ကစားသမားတွေ စုဆောင်းပြီး ဂိုးသွင်းစွမ်းရည်ပြသအောင် လေ့ကျင့်မှုတွေပြုလုပ်ပေးသွားမယ်လို့ ဆိုပါတယ်။ တိုက်စစ်မှူး ဗာဒီဟာ လီဆက်စတာအသင်းကို ပရီမီယာလိဂ်ရဲ့ ဇယားထိပ်ရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ဗာဒီဟာ လက်ရှိ ပရီမီယာလိဂ်မှာ ၁၀ ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူ့အနေနဲ့ အရည်အချင်းပြည့်ဝပြီး ဂိုးသွင်းစွမ်းရည်ထက်မြက်တဲ့ ကစားသမားသစ်တွေ ပေါ်ထွက်လာဖို့ ဒီသင်တန်းကျောင်းကို ဖွင့်လှစ်ရတာလို့ ဆိုပါတယ်။ ရာနဲ့ချီတဲ့ လူငယ်ကစားသမားတွေ တက်ရောက်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။







# မန်စီးတီး၊ လီဗာပူးတို့ ခြေစွမ်းကို စစ်ဆေးမယ့် ကတ်ပီတယ်ဝမ်းဖလား ကွာတားဖိုင်နယ်ပွဲစဉ်

မိုးမြင့်လင်းလက်

*ကတ်ပီတယ်ဝမ်းဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွေကို ဒီဇင်ဘာ ၁ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာတော့ ကတ်ပီတယ်ဝမ်းဖလားကိုရယူဖို့ ရေပန်းစားနေတဲ့ မန်စီးတီးဟာ ချန်ပီယံခြေစွမ်းပြပြီး အောင်ပွဲခံနိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်သလို အဲဗာတန်တို့ကလည်း အဝေးကွင်းမှာ မစ်ဒယ်ဘရော့နဲ့ ဆုံတွေ့ရမှာမို့ ပွဲမချောင်ပါဘူး။ လီဗာပူးတို့ကတော့ ဆောက်သမ်တန်နဲ့ အဝေးကွင်းမှာ ကစားရမှာမို့ စိတ်ပန်းလူပန်းဖြစ်ရဦးမှာ သေချာနေပြန်ပါတယ်။*

**မန်စီးတီးနှင့် ဟားစ်စီးတီး**

ဂျူဗင်တပ်စ်နဲ့ လီဗာပူးတို့ကို ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့ထားရတဲ့ မန်စီးတီးတို့က အခုလိုအရေးကြီးတဲ့ပွဲမှာတော့ အမှားအယွင်းခံမှာမဟုတ်ပါဘူး။ မန်စီးတီးတို့က ဗီလာကိုလည်း သရေပွဲဖြစ်ခဲ့ပေမယ့် ရလဒ်ကောင်းတွေကို မဖြစ်မနေပြန်လည်ဖော်ထုတ်ဖို့ လိုအပ်နေတာမို့ အခုပွဲမှာ ဟားစ်စီးတီးကို အနိုင်ရအောင် ကစားပါလိမ့်မယ်။ ဟားစ်စီးတီးတို့ကလည်း ဘရန့်ဖို့ဒ်၊ မစ်ဒယ်ဘရော့တို့ကို ဂိုးပြတ်သွင်းနိုင်ပွဲရခဲ့ပြီး ဘရစ်စတိုးကို တစ်ဂိုးစီ သရေဖြစ်ထားတာမို့ စိတ်ဓာတ်ခွန်အားရရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အိမ်ကွင်းဖြစ်ပေမယ့် မန်စီးတီးတို့ ပေါ့ဆဆကစားလို့မရပါဘူး။ လက်ရှိကစားအားအရ အိမ်ရှင်အားသာချက်ရှိနေပေမယ့် ဟားစ်စီးတီးတို့လည်း မျှော်လင့်ချက်ထားနိုင်တဲ့ပွဲပါပဲ။

**မစ်ဒယ်ဘရော့နှင့် အဲဗာတန်**

မန်ယူကို ဂိုးမရှိသရေကစားပြီး ချာလ်တန်၊ ရော့သာဟမ်၊ ကျူပီအာတို့ကို အနိုင်ကစားထားတဲ့ မစ်ဒယ်ဘရော့ကို အဲဗာတန်တို့ လျှော့တွက်ရင်မှားပါလိမ့်မယ်။ မစ်ဒယ်ဘရော့ဟာ ဟားစ်စီးတီးကို သုံးဂိုးပြတ်ရှုံးခဲ့ပေမယ့် နောက်ပွဲတွေမှာ အနိုင်ရလဒ်ကိုပြန်လည်ရှာဖွေနိုင်တဲ့ စွမ်းရည်ရှိပါတယ်။ အဲဗာတန်တို့ကလည်း လောလောဆယ်ခြေစွမ်းကိုကြည့်ရင် ဆန်းဒါးလန်းကို ခြောက်ဂိုး-နှစ်ဂိုးနဲ့ ပြတ်ပြတ်သားသားနိုင်ပွဲရထားပြီး ဗီလာကိုလည်း လေးဂိုးပြတ်နဲ့ အောင်ပွဲခံထားပါတယ်။ တိုက်စစ်စွမ်းရည်ထက်မြက်နေတဲ့ အဲဗာတန်ကို မစ်ဒယ်ဘရော့တို့ အိမ်ကွင်းမှာ ကစားရပေမယ့် ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် ခံစစ်ပိုင်းကျစ်လျစ်တဲ့ မစ်ဒယ်ဘရော့ကို အဲဗာတန်တိုက်စစ်မှူးတွေ ကျော်ဖြတ်ဖို့တော့မလွယ်ပါဘူး။ ဂိုးမပြတ်ပေမယ့် ဧည့်သည်ကို ပိုပြီးနှစ်သက်တာ အမှန်ပါပဲ။

**စတုတ်နှင့် ရှက်ဖီး**

စတုတ်တို့က အခုတလောပုံမှန်ခြေစွမ်းရနေပြီး ရလဒ်တွေလည်း ကောင်းအောင်အားထုတ်နိုင်စွမ်းရှိနေပါတယ်။ ဆောက်သမ်တန်နဲ့ ချယ်လ်ဆီးတို့ကို နိုင်ပွဲရအောင် ကစားထားတဲ့ခြေစွမ်းမျိုး စတုတ်ပြန်ရရင် ရှက်ဖီးတို့ မလွယ်ပါဘူး။ ရှက်ဖီးတို့က ဟက်ဒါဖီးလ်ကို အနိုင်ကစားခဲ့ပေမယ့် ချာလ်တန်ကို ရှုံးခဲ့တဲ့ခြေစွမ်းက စိတ်ပျက်စရာဖြစ်နေပါတယ်။ ဒါပေမယ့် အာဆင်နယ်လိုအသင်းကို သုံးဂိုးပြတ်နဲ့နိုင်ပွဲရအောင် စွမ်းဆောင်နိုင်ခဲ့တာက ချီးကျူးစရာပါပဲ။ ဒီပွဲမှာ စတုတ်တို့ ပုံမှန်ခြေစွမ်းရနေမှုက ရှက်ဖီးကို နိုင်ပွဲနဲ့ ဝေးစေမယ်လို့ ယုံကြည်ပါတယ်။

**ဆောက်သမ်တန်နှင့် လီဗာပူး**

နှစ်သင်းစလုံးခြေရည်တူနေတာမို့ အကြိတ်အနယ်ရှိမယ့် ပွဲပါပဲ။ ဘုန်းမောက်နဲ့ ဆန်းဒါးလန်းအသင်းတွေကို နိုင်ပွဲရအောင် ကစားနိုင်ခဲ့ပြီး စတုတ်ကိုရှုံးခဲ့တဲ့ ဆောက်သမ်တန်ရဲ့ ခြေစွမ်းက ယုံကြည်ဖို့ခက်ခဲနေပါတယ်။ လီဗာပူးတို့က ခရစ္စတယ်ပဲလေ့စ်ကို ရှုံးခဲ့ပေမယ့် မန်စီးတီးကို အနိုင်ကစားခဲ့တဲ့ ခြေစွမ်းပြန်ရရင်တော့ ဆောက်သမ်တန်တို့ ရင်မောရကိန်းဆိုက်သွားနိုင်ပါတယ်။ အကြိုက်က လီဗာပူးပါပဲ။ ။

# ဂျူဗင်တပ်စ်မှ ထွက်ခွာဖို့မရှိဘူးဆိုတဲ့ ပေါ့ဂ်ဘာ

ဇန်နဝါရီလအပြောင်းအရွှေ့ရာသီမှာ ဥရောပထိပ်သီးကလပ်တွေက ခေါ်ယူဖို့ ပစ်မှတ်ထားနေပေမယ့် ဂျူဗင်တပ်စ်မှ ထွက်ခွာမှာ မဟုတ်ဘူးလို့ လူငယ်ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာရဲ့ အေးဂျင့် ရိုင်ယိုလာက ပြောဆိုလိုက်ပါတယ်။ ပေါ့ဂ်ဘာကို ဥရောပထိပ်သီးကလပ်တွေက ခေါ်ယူဖို့ ကြိုးစားနေတာကြာပါပြီ။ အီတလီထိပ်သီးကလပ် ဂျူဗင်တပ်စ်နဲ့အတူ ခြေစွမ်းပြကစားလာတဲ့ ပေါ့ဂ်ဘာကို ချယ်လ်ဆီး၊ မန်ယူနဲ့ ဘာစီလိုနာတို့က ဇန်နဝါရီလ အပြောင်းအရွှေ့မှာ အပြိုင်ခေါ်ယူဖို့ ကမ်းလှမ်းမှုတွေ ပြုလုပ်နေတာကြာပါပြီ။ သို့ပေမယ့် အောင်မြင်မှုမရခဲ့ပါဘူး။

ထိပ်သီးကလပ်တွေအနေနဲ့ လာမယ့် ဇန်နဝါရီလအပြောင်းအရွှေ့မှာ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ခေါ်ယူဖို့ အခွင့်အလမ်းရှိမှာ မဟုတ်သေးဘူးလို့ အေးဂျင့် ရိုင်ယိုလာက ဆိုပါတယ်။ ပြီးခဲ့တဲ့ နွေရာသီက ချယ်လ်ဆီးနဲ့ မန်စီးတီးက စိတ်ဝင်စားမှုများ ရှိခဲ့ချိန်မှာ ဘာစီလိုနာက ပေါ့ဂ်ဘာကို ပေါင် ၅၆ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းခဲ့တယ်လို့ သတင်းတွေထွက်ပေါ်ခဲ့ပါတယ်။ အခုလည်း ဥရောပထိပ်သီးတွေ စိတ်ဝင်စားနေပေမယ့် ဂျူဗင်တပ်စ်မှာပဲ ဆက်ရှိနေမယ်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ ➤ ➤ စုသည်သည်။



# အိတ်ချ်အိုင်ဗွီ-အေအိုင်ဒီအက်စ်အန္တရာယ်ဝိုင်းဝန်းကာကွယ်

မေယု-မျိုးအောင် (MANA)

တောင်အာဖရိကတိုက်ရှိ တောတောင်များတွင် လူဝံ၊ မျောက်အစရှိသော သတ္တဝါများ၌ အိတ်ချ်အိုင်ဗွီပိုးရှိနိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆကြပါသည်။ ထိုသတ္တဝါများထံမှ ရောဂါပိုးသည် အသွင်ကူးပြောင်း၍ လူများထံ ရောက်ရှိလာပုံရသည်ဟု သိပ္ပံပညာရှင်များက ဖော်ပြကြပါသည်။ လူသူနည်းပါးသော တောတောင်များထဲတွင် အိတ်ချ်အိုင်ဗွီပိုးသည် လူတစ်ဦးကနေ တစ်ဦးသို့ အလွယ်တကူကူးစက်နိုင်ရန် အခွင့်အရေးမရရှိကြပါ။ ခေတ်မီနည်းပညာများ တိုးတက်ပြောင်းလဲလာပြီး ဆက်သွယ်သွားလာမှု လျင်မြန်လွယ်ကူလာသောအခါ လူများသည် တစ်နေရာမှတစ်နေရာသို့ တစ်နိုင်ငံမှအခြားတစ်နိုင်ငံသို့ နေ့ချင်းညချင်းအရောက် ကူးလူးသွားလာနိုင်ကြပါသည်။ လူများသည် နေပုံထိုင်ပုံပြောင်းလဲကာ လိင်မှုဆိုင်ရာအမူအကျင့်လည်း ပြောင်းလဲလာကြပါသည်။

အေအိုင်ဒီအက်စ်ရောဂါကို ၁၉၈၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် စတင်တွေ့ရှိဖော်ထုတ်ခဲ့ပါသည်။ ၁၉၈၁ ခုနှစ်မတိုင်မီကတည်းက အေအိုင်ဒီအက်စ်ရောဂါသည် ကမ္ဘာပေါ်ရှိနေရာဒေသအများအပြားတွင်ရှိနေခဲ့ပြီး နောက်ပိုင်းနှစ်များတွင် ကပ်ရောဂါအသွင်နှင့် အာဖရိက၊ အမေရိကနိုင်ငံများ အပါအဝင် နိုင်ငံအများအပြားတွင် ဖြစ်ပွားခဲ့ကြပါသည်။

လိင်တူဆက်ဆံမှုအများဆုံးဖြစ်သော အနောက်နိုင်ငံသားများတွင် အိတ်ချ်အိုင်ဗွီ ကူးစက်မှုအများဆုံးတွေ့ရသည်။ ဖိုမဆက်ဆံခြင်းနှင့် မူးယစ်ဆေးသုံးစွဲခြင်းတို့မှ အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ကြပါသည်။ အာရှနိုင်ငံများတွင် သွေးကြောထဲသို့ မူးယစ်ဆေးထိုးသွင်းသောလူများထဲတွင် ရောဂါပိုးစတင်တွေ့ခဲ့ကြောင်း သိရပါသည်။ ပြည့်တန်ဆာအမျိုးသမီးများ၊ ပြည့်တန်ဆာအမျိုးသမီးများမှတစ်ဆင့် လိင်အပျော်အပါးလိုက်စားသော အမျိုးသားများ၊ လိင်အပျော်အပါးလိုက်စားသော အမျိုးသားများမှတစ်ဆင့် ဇနီးမယားသို့ ကူးစက်လာပါသည်။ အမျိုးသမီးများ ရောဂါပိုးကူးစက်ခံရပြီး ကိုယ်ဝန်ရှိလာသောအခါ သန္ဓေသားကိုပါ ကူးစက်ကြပါသည်။

ကမ္ဘာပေါ်တွင် အဓိကကူးစက်ပျံ့နှံ့နေသောရောဂါမှာ အိတ်ချ်အိုင်ဗွီ-၁ ဖြစ်ပါသည်။ အိတ်ချ်အိုင်ဗွီ-၁၊ ၂ ဟူ၍နှစ်မျိုးရှိပါသည်။ အိတ်ချ်အိုင်ဗွီ-၂ ကို ၁၉၈၆ ခုနှစ်တွင် စတင်စမ်းသပ်တွေ့ရှိခဲ့ပါသည်။ အိတ်ချ်အိုင်ဗွီ-၁ နှင့် ပုံစံတူသော်လည်း အသေးစိတ်မှာ ကွဲပြားခြားနားပါသည်။ အိတ်ချ်အိုင်ဗွီ-၂ သည် အိတ်ချ်အိုင်ဗွီ-၁ လောက် ကူးစက်မှုတွင် မြန်ဆန်ခြင်းမရှိကြောင်း တွေ့ရသည်။ ရောဂါလက္ခဏာများလည်း အိတ်ချ်အိုင်ဗွီ-၁ လောက် ပြင်းထန်မှုမရှိကြောင်း သိရသည်။ အိတ်ချ်အိုင်ဗွီ-၂ ကို မြန်မာနိုင်ငံတွင် တွေ့ရှိခြင်းမရှိကြောင်း သိရပါသည်။ အနောက်အာဖရိကနိုင်ငံအချို့မှာသာလျှင် တွေ့ရှိရကြောင်း သိရှိရပါသည်။

အိတ်ချ်အိုင်ဗွီပိုးရှိ မရှိမှာ လူတစ်ဦးချင်းစီ၏ အပြုအမူနှင့်သက်ဆိုင်ပါသည်။ နိုင်ငံခြားတွင်နေနေ၊ ပြည်တွင်းတွင်နေနေ ရောဂါကူးနိုင်သည့် နည်းလမ်းများ၊ အပြုအမူများသည် အတူတူပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီပိုးကို နိုင်ငံခြားပြန်တစ်ဦးထံမှ ၁၉၈၈ ခုနှစ်က စတင်တွေ့ရှိခဲ့ကြောင်း မှတ်သားရပါသည်။ ယနေ့တွင် နိုင်ငံခြားပြန်မှ မဟုတ်တော့ပါ။ ကိုယ့်အရပ်ကိုယ့်ဒေသမှာလည်း အိတ်ချ်အိုင်ဗွီပိုးရောက်ရှိနေပြီး သာမန်အရပ်သားအချင်းချင်း ကူးစက်နေကြပြီဖြစ်ပါသည်။

ဘိန်းဖြူပေါ်လာသောအခါ ဘိန်းဖြူကို သွေးကြောထဲထိုးသွင်း သုံးစွဲကြပါသည်။ ဘိန်းဖြူထိုးသောအခါ ဆေးထိုးအပ်များကို အတူတူမျှဝေသုံးစွဲမှုကြောင့် အဆိုပါ ဆေးထိုးအပ်ပြွန်များတွင် ကပ်ကျန်ခဲ့သောသွေးမှတစ်ဆင့် အိတ်ချ်အိုင်ဗွီပိုးသည် အလွယ်တကူ ကူးစက်ပျံ့နှံ့ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူမှတစ်ဆင့် ဇနီးမယားများ၊ လိင်ဆက်ဆံဘက်များ၊ ပြည့်တန်ဆာများသို့ ကူးစက်ကြပါသည်။ မူးယစ်ဆေးသုံးစွဲသူများထဲတွင် ပြည့်တန်ဆာအလုပ်လုပ်နေသူများရှိနေသဖြင့် ထိုသူတို့မှတစ်ဆင့် လူအများကို ကူးစက်နိုင်ပါသည်။ အိတ်ချ်အိုင်ဗွီကူးစက်နည်းသည် တစ်နည်းတည်းမဟုတ်ဘဲ တစ်နည်းနှင့်တစ်နည်းဆက်နွှယ်ပြီး ကူးစက်မှုပိုမိုတွင်ကျယ်လာပါသည်။ တစ်နေရာမှာရှိသော ရောဂါပိုးသည် အခြားနေရာအများအပြားသို့ ရောက်ရှိသွားပြီး ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးကို အိတ်ချ်အိုင်ဗွီပိုးကူးစက်ပျံ့နှံ့လျက်ရှိပါသည်။

အေအိုင်ဒီအက်စ်ရောဂါဖြစ်စေသည့် ရောဂါပိုးကို အင်္ဂလိပ်လိုအတိုကောက် အိတ်ချ်အိုင်ဗွီဟုခေါ်ပါသည်။ မြန်မာလိုလူ့ကိုယ်ခံစွမ်းအားကျ ကူးစက်ရောဂါပိုးဟု အဓိပ္ပာယ်ရပါသည်။ အိတ်ချ်အိုင်ဗွီပိုးသည် အလွန်သေးငယ်နုနယ်သောကြောင့် သာမန်မျက်စိဖြင့်မမြင်နိုင်ပါ။ အလွန်အားကောင်းသော ခေတ်မီအဏုကြည့်မှန်ဘီလူးများဖြင့်သာ မြင်နိုင်ပါသည်။

A = Acquired = မွေးရာပါမဟုတ် ကူးစက်ခြင်းမှရရှိလာသော
I = Immune = ခုခံအား(ကိုယ်ခံအား)
D = Deficiency = လျော့နည်းကျဆင်းမှု
S = Syndrome = ရောဂါလက္ခဏာစု

ထို့ကြောင့် အေအိုင်ဒီအက်စ်ကို မြန်မာလို ခုခံအားကျဆင်းမှုကူးစက်ရောဂါဟု ခေါ်ပါသည်။ အချို့သောဒေသများမှာမူ "လေးလုံး" ရောဂါ (သို့မဟုတ်) အေဝမ်းဒီဖိုက်ဟု အရပ်အခေါ် ခေါ်ဝေါ်ကြပါသည်။ အေအိုင်ဒီအက်စ်ရောဂါဟု ရေးကြပြောကြသော်လည်း နိုင်ငံတကာတွင်စာလုံးလေးလုံးပေါင်းစပ်ပြီး "အေ့ဒ်စ်" ရောဂါဟု အသံထွက်ခေါ်ဆိုကြပါသည်။

လူ့ပတ်ဝန်းကျင်တွင် လူသားများအားဒုက္ခပေးနိုင်သော ရောဂါပိုးအများအပြားရှိနေကြောင်း သိရှိရပါသည်။ နေ့စဉ်သွားလာလှုပ်ရှား၊ စားသောက်ရာမှ ရောဂါပိုးများသည် လူ့ခန္ဓာကိုယ်ထဲရောက်လာတတ်ပါသည်။ ကိုယ်ခံအားကောင်းသောသူများမှာ မည်သည့်ရောဂါမှ မကူးစက်နိုင်ပါ။ အအေးမိချောင်းဆိုး၊ ဖျားနာမှုခဏသာဖြစ်တတ်၍ ရက်ပိုင်းအတွင်း ပျောက်ကင်းသွားနိုင်ပါသည်။ သွေးမှာရှိသော သွေးဖြူဥများက အပြင်ကဝင်လာသော ရောဂါပိုးများကို တိုက်ခိုက်ဖျက်ဆီးပေးနေပါသည်။ သွေးဖြူဥများနှင့်ဖွဲ့စည်းထားသော ခုခံမှုစွမ်းအားစနစ်ကြောင့် ခုခံအားကောင်းသူများမှာ တော်ရုံတန်ရုံရောဂါမဖြစ်နိုင်ပါ။

**အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူများ၏ ၅၀ ရာခိုင်နှုန်းသည် အသက် ၁၀ နှစ်မှ ၂၄ နှစ်ကြား လူငယ်လူရွယ်များဖြစ်ကြောင်း မှတ်တမ်းအရ သိရှိရပါသည်။ အများစုမှာ လူကြီးမိဘပြောသောစကားများထက် သူငယ်ချင်းအပေါင်းအသင်းပြောသောစကားကို ပိုမိုယုံကြည်ကြပါသည်။ မကောင်းမှန်းသိလျက်နှင့် အပေါင်းအသင်းများမှ မြှောက်ပင့်ပေးလျှင် သောက်စားပျော်ပါးကာ မူးယစ်ဆေးဝါးသုံးစွဲခြင်း ဖြစ်တတ်ပါသည်။ ဆယ်ကျော်သက်အရွယ်တွင် ပြုလုပ်မိသောအမှားတစ်ခုကြောင့် ဘဝတစ်ခုလုံး အညွန့်တုံးနိုင်ပါသည်။**

အိတ်ချ်အိုင်ဗွီပိုးသည် သွေးဖြူဥထဲဝင်ရောက်ကာ မျိုးတူအိတ်ချ်အိုင်ဗွီပိုးများစွာထုတ်ပေးပြီး သွေးဖြူဥများကို ပျက်စီးစေပါသည်။ သွေးဖြူဥများ အပျက်အစီးများလာသောအခါ ဝင်လာသောအခြားရောဂါပိုးများကို တိုက်ဖျက်နိုင်စွမ်းမရှိကြောင်း တွေ့ရပါသည်။ ခုခံစွမ်းအားစနစ် ပျက်စီးသွားပြီး




ခုခံအားများလျော့ကျသွားပါသည်။ ကိုယ်ခံအားလျော့ကျသောလူများမှာ အဆုတ်တီဘီရောဂါ၊ ဝမ်းပျက်ဝမ်းလျောရောဂါ၊ အပြင်းစားရေယုန်၊ ဦးနှောက်ရောင်ရောဂါစသော စိုးရိမ်စရာကောင်းသောရောဂါများသည် အလွယ်တကူဝင်ရောက်လာကြပါသည်။ သုတေသနပြုချက်အရ အိတ်ချ်အိုင်ဗွီပိုးသည် သွေး၊ သုတ်ရည်နှင့် အမျိုးသမီးလိင်အင်္ဂါမှထွက်သော အရည်များတွင် အဓိကအများဆုံး ပါရှိပါသည်။

အိတ်ချ်အိုင်ဗွီရောဂါပိုးရှိသူများသည် အပေါ်ယံကြည့်လျှင် ပုံမှန်ကျန်းမာနေသည်ဟု ထင်ရပါသည်။ လူတစ်ယောက်၏ ရုပ်ရည်ကိုကြည့်ပြီး ရောဂါပိုးရှိ မရှိခန့်မှန်းရန် မလွယ်ကူပါ။ လူသားများ၏ ခန္ဓာကိုယ်ထဲမှာ အိတ်ချ်အိုင်ဗွီပိုးသည် လက္ခဏာမပြဘဲ နှစ်ပေါင်းများစွာ ရှိနေနိုင်ပါသည်။ သွေးဖြူဥများစွာပျက်စီးပြီးမှ စဖျားတတ်ပါသည်။ အိတ်ချ်အိုင်ဗွီပိုးရှိမရှိ လူကိုကြည့်ရုံနှင့် မပြောနိုင်ပါ။ ကျန်းကျန်းမာမာကြံ့ခိုင်သန်စွမ်းသည်ဟု ထင်ရသူများတွင်လည်း ရောဂါပိုးရှိနေနိုင်ပြီး အခြားသောသူများသို့ အိတ်ချ်အိုင်ဗွီပိုး ကူးစက်နိုင်ပါသည်။ အိတ်ချ်အိုင်ဗွီပိုးရှိသောသူနှင့် ဖိုမဆက်ဆံပါက ကူးစက်နိုင်ပါသည်။ ယောကျ်ားချင်း လိင်တူဆက်ဆံပါကလည်း ကူးစက်နိုင်ပါသည်။ လိင်ဆက်ဆံသော အဖော်များစွာရှိသူများတွင် အိတ်ချ်အိုင်ဗွီပိုး ကူးစက်ရန် အခြေအနေများပြားပါသည်။

**အိတ်ချ်အိုင်ဗွီရောဂါပိုးရှိသူများသည် အပေါ်ယံကြည့်လျှင် ပုံမှန်ကျန်းမာနေသည်ဟု ထင်ရပါသည်။ လူတစ်ယောက်၏ ရုပ်ရည်ကိုကြည့်ပြီး ရောဂါပိုးရှိမရှိခန့်မှန်းရန် မလွယ်ကူပါ။ လူသားများ၏ ခန္ဓာကိုယ်ထဲမှာ အိတ်ချ်အိုင်ဗွီပိုးသည် လက္ခဏာမပြဘဲ နှစ်ပေါင်းများစွာ ရှိနေနိုင်ပါသည်။ သွေးဖြူဥများစွာပျက်စီးပြီးမှ စဖျားတတ်ပါသည်။ အိတ်ချ်အိုင်ဗွီပိုးရှိမရှိ လူကိုကြည့်ရုံနှင့် မပြောနိုင်ပါ။ ကျန်းကျန်းမာမာကြံ့ခိုင်သန်စွမ်းသည်ဟု ထင်ရသူများတွင်လည်း ရောဂါပိုးရှိနေနိုင်ပြီး အခြားသောသူများသို့ အိတ်ချ်အိုင်ဗွီပိုး ကူးစက်နိုင်ပါသည်. . .**

ယနေ့ရောဂါပိုးမရှိသော်လည်း နောင်ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံခဲ့သော် ရောဂါပိုးကူးစက်နိုင်ပါသည်။ ကိုယ်ခန္ဓာထဲသို့ ရောဂါပိုးဝင်ခါစတွင် သွေးစစ်ကြည့်လိုက်လျှင် ချက်ချင်းမပေါ်ပါ။ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများ၏သွေးထဲတွင် ရောဂါပိုးကို တန်ပြန်ရန်ထုတ်ထားသည့် ပဋိပစ္စည်းတစ်မျိုးရှိပါသည်။ ထိုပစ္စည်းကို"ပဋိပစ္စည်း"ဟု ခေါ်ပါသည်။ အဆိုပါပစ္စည်းသည် ရောဂါပိုးကိုကိုယ်စားပြုသော သင်္ကေတဖြစ်ပါသည်။ အိတ်ချ်အိုင်ဗွီပိုးရှိမရှိ သွေးစစ်ဆေးခြင်းသည် အဆိုပါပဋိပစ္စည်းကို စစ်ဆေးခြင်းဖြစ်ပါသည်။ ပဋိပစ္စည်းသည် ရောဂါပိုး ခန္ဓာကိုယ်ထဲသို့ရောက်ရှိပြီး သုံးလခန့်ကြာမှ သွေးတွင် ပေါ်လာခြင်းဖြစ်ပါသည်။ ရောဂါပိုးဝင်ဝင်ချင်း သွေးစစ်မည်ဆိုလျှင် ရောဂါပိုးရှိမရှိကို သိရှိရန်ခက်ခဲပါသည်။

လူတစ်ယောက်အိတ်ချ်အိုင်ဗွီရောဂါပိုးရှိသည်ဟုသံသယဖြစ်ပါက အခြားတစ်ယောက်ကိုမကူးစက်ရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် သွေးစစ်ထားသင့်ပါသည်။ အိတ်ချ်အိုင်ဗွီပိုးရှိသော်လည်း ချက်ချင်း အေအိုင်ဒီအက်စ်မဖြစ်နိုင်ပါ။ ဆရာဝန်များနှင့်တိုင်ပင်ပြီး အိတ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ရောဂါအကြောင်း ပိုမိုနားလည်အောင် ကြိုးစားသင့်ပါသည်။ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းသည် ငါးနှစ်မှ ၁၀ နှစ်အတွင်း ဆိုးရွားသောအေအိုင်ဒီအက်စ်ရောဂါဖြစ်ပြီး အသက်ဆုံးရှုံးလေ့ရှိပါသည်။

အေအိုင်ဒီအက်စ်၏ အဓိကလက္ခဏာမှာ ကိုယ်အလေးချိန် ၁၀ ရာခိုင်နှုန်းထက် ပိုလျော့ကျခြင်း၊ ပိန်ကျသွားခြင်းဖြစ်ပါသည်။ တစ်လထက်ပို၍ ဆက်တိုက်ဝမ်းသွားခြင်း၊ တစ်လထက်ပို၍ဆက်တိုက်အဖျားတက်နေခြင်း၊ တစ်လထက်ပို၍ ချောင်းဆိုးခြင်း၊ ရေယုန်များ ခန္ဓာကိုယ်အနှံ့ပေါက်ခြင်း၊ အကြိတ်များ တစ်ကိုယ်လုံး အနှံ့အပြားထွက်ခြင်း၊ ပါးစပ်ထဲတွင် မှက္ခရုများထွက်ခြင်း၊ တစ်ကိုယ်လုံးအရေပြားများ ယားယံရောင်ရမ်းခြင်းတို့သည် အေအိုင်ဒီအက်စ်၏ လက္ခဏာများဖြစ်ကြပါသည်။

ရောဂါရှိ မိခင်မှ သန္ဓေသားသို့ ကူးစက်ရာတွင် ကလေးရှစ်လခန့်အရွယ်တွင် ရောဂါလက္ခဏာ စတင်ဖြစ်ပေါ်လာတတ်ပြီး တစ်ခါတစ်ရံ မွေးစအချိန်ကတည်းကပင် စတင်ဖြစ်ပေါ်တတ်ပါသည်။ ကလေးကြီးထွားမှုမရှိခြင်း၊ ကြီးထွားမှုနှေးကွေးခြင်း၊ အသည်း၊ ဘေလုံး၊ အကြိတ်များကြီးထွားခြင်း၊ မကြာခဏဖျားနာခြင်း၊ ကူးစက်ရောဂါခံစားရခြင်းစသည့် လက္ခဏာများ ဖြစ်ပေါ်လာတတ်ပါသည်။

အိတ်ချ်အိုင်ဗွီပိုး မိမိထံကူးစက်မခံရအောင် ဂရုစိုက်နေထိုင်ရသကဲ့သို့ မိမိတွင် အိတ်ချ်အိုင်ဗွီပိုးရှိသည်ဟု သေချာစွာသိရှိလျှင်သော်လည်းကောင်း၊ မိမိအနေနှင့် ရောဂါပိုးရနိုင်သည့် အပြုအမူပြုလုပ်မိခဲ့၍ မိမိမှာ အိတ်ချ်အိုင်ဗွီပိုးဝင်သည်ဟု သံသယဖြစ်လျှင်လည်းကောင်း သူတစ်ပါးဆီသို့ မကူးစက်အောင် ဂရုစိုက်နေထိုင်ရပါမည်။

လိင်ဆက်ဆံတိုင်း ကွန်ဒုံးသုံးပါ၊ ဆေးထိုးအပ်ဆေးထိုးပြွန်နှင့် အရေပြားဖောက်သော ပစ္စည်းများကို အခြားသူများနှင့် မျှဝေအသုံးပြုခြင်းကို ရှောင်ကြဉ်ရပါမည်။ မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေများ၏ပံ့ပိုးမှုနှင့် အားပေးမှုကို ပြည့်ပြည့်ဝဝရရှိသူများသည် ပိုပြီးနေကောင်းကြပါသည်။ စိတ်ဓာတ်ကျပြီး ရောဂါကြောင့် လောကကိုအရှုံးပေးချင်စိတ်များ လွှမ်းမိုးမသွားရအောင် ပတ်ဝန်းကျင်၏ ပံ့ပိုးအားပေးမှု အရေးတကြီးလိုအပ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသော တိုင်းဒေသကြီး၊ ပြည်နယ်ဆေးရုံကြီးများ၊ ကာလသားရောဂါတိုက်ဖျက်ရေးဌာနများ၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မူးယစ်ဆေးစွဲကုသရေးဌာနနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)၊ ကြက်ခြေနီအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ လူမှုရေးအသင်းများနှင့် ဘာသာရေးအဖွဲ့များတွင် နှစ်သိမ့်ဆွေးနွေးပညာပေးမှုများ ပြုလုပ်နေကြပါသည်။

လိင်တူလိင်ကွဲဆက်ဆံရာမှ ကူးစက်သောရောဂါများကို လိင်ဆက်ဆံမှုကြောင့်ကူးစက်သောရောဂါများဟု ခေါ်ကြပါသည်။ ကာလသားရောဂါဟု လူသိများပါသည်။ ကာလသားရောဂါ အမျိုးမျိုးရှိပါသည်။ ဆစ်ဖလစ်ရောဂါ၊ ဂနိုရောဂါ၊ ရှန်ကရွိုက်၊ လိင်အင်္ဂါရေယုန်၊ လိင် အင်္ဂါမှက္ခရု၊ လိင်အင်္ဂါဝဲ၊ အဖြူဆင်းရောဂါနှင့် အေအိုင်ဒီအက်စ်ရောဂါအပါ အဝင် ရောဂါအမျိုးပေါင်း ၂၀ ကျော်ရှိပါသည်။ လိင်တန်ဆာအနီးတစ်ဝိုက်တွင် လှိုက်စားနာ၊ ပွန်ပဲ့နာ၊ အဖု၊

စာမျက်နှာ ၂၁ သို့



# ဘိုးဘွားရိပ်သာ စတင်တည်ဆောက်

**ကန့်ဘလူ နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ ဘိုးဘွားရိပ်သာသစ်ကို ကန့်ဘလူမြို့မှ ကျွန်းလှမြို့သို့အထွက် လမ်းအနောက်ဘက်၊ အင်ကြင်းဥယျာဉ်၏ အနောက်ဘက် မြေအကျယ် ၁၉ ဧကတွင် စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်လျက်ရှိသည့် ဘိုးဘွားရိပ်သာသစ်တွင် လေးဦးနေထိုင်နိုင်သည့် အဘွားဆောင်သုံးဆောင်၊ အဘိုးဆောင် သုံးဆောင်၊ ဓမ္မာရုံတစ်ဆောင်၊ စားဖိုဆောင်(စား+ချက်)တစ်ဆောင်၊ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးခန်းတစ်ဆောင်၊ အုပ်ချုပ်ရေးတစ်ဆောင်တို့ပါဝင်သည်။ ယင်းအဆောင်များသည် လုံးချင်းအာရ်စီတစ်ထပ်ဖြစ်ကာ အလျား ၃၄ ပေ၊ အနံပေ ၄၀ ရှိ အဆောက်အအုံဖြစ်သည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီက အဆောင်ကူးလမ်း၊ စိမ်းလန်းစိုပြည်သာယာလှပရေးနှင့် ပန်းခြံ၊ တံတားများကို ဆောင်ရွက်ပြီး ရိပ်သာအဝင်အထွက်လမ်းများ ဂျင်းခင်းခြင်းကို ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်မည်ဖြစ်သည်။

အနာဂတ်တွင်သက်ကြီးဘိုးဘွား များပြားလာနိုင်မှု၊ သားထောက်သမီးခံ မရှိမှုနှင့် သားသမီးများရှိသော်လည်း စားဝတ်နေရေးနှင့် စီးပွားရေးချို့တဲ့မှုများကြောင့် မှီခိုရာမဲ့နေသည့် ဘိုးဘွားများအတွက်ရည်ရွယ်၍ ဘိုးဘွားရိပ်သာကို တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ဘိုးဘွားရိပ်သာတည်ဆောက်မှုလုပ်ငန်းများကို ငွေကျပ် ၁၉၉၆ ဒသမ ၁၈ သိန်း အကုန်အကျခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘိုးဘွားရိပ်သာတည်ဆောက်ရေးကော်မတီမှ သိရသည်။ ယင်းအဆောက်အအုံများကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်ပြည်သူများ၏ ပါဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး ၂၀၁၆ နှစ်ဆန်းပိုင်းတွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရေနစ်မြုပ်ပြီး ပြန်လည်စိုက်ပျိုးခဲ့သောစပါးခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**စစ်ကိုင်း နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းမှ ရေကြီးနစ်မြုပ်၍ ပျက်စီးခဲ့သော စပါးစိုက်ခင်းများတွင် မိုးစပါးများ ပြန်လည်အစားထိုးစိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းခဲ့ပြီး နိုဝင်ဘာ ၂၇ ရက်က ရိတ်သိမ်းခဲ့သော မိုးစပါးစံကွက်တွင် တစ်ဧက ၁၀၆ တင်းနှုန်းအထိ ထွက်ရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ကလေးမြို့နယ် နတ်ချောင်းကျေးရွာအုပ်စု စည်ပင်ကျေးရွာမှ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားခဲ့သော စပါးစိုက်ခင်းတွင် ရွှေသွယ်ရင်စပါးမျိုးကို ပြန်လည်အစားထိုး စိုက်ပျိုးခဲ့သော မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် တစ်ဧက ၁၀၆ တင်းနှုန်းအထိ ထွက်ရှိခဲ့ခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ညွန့်က ပြောသည်။

"ကလေးမြို့နယ်မှာ ဇူလိုင်လကုန်ပိုင်းက ရေလွှမ်းမိုးမှုကြောင့် မိုးစပါးပျက်စီးခဲ့တဲ့ ဧရိယာများမှာ စပါးပြန်လည်အစားထိုး စိုက်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဧရိယာ ၁၂၈၈၆ ဧက ပြန်လည်စိုက်ပျိုးခဲ့ရာမှာ အစားထိုးစိုက်ဖို့အတွက် နိုင်ငံတော်ရဲ့ ထောက်ပံ့မှုနဲ့ စပါးမျိုးသုံးမျိုးကို ထောက်ပံ့ပေးခဲ့ပါတယ်။ အခုအခါမှာ အစားထိုးစိုက်ပျိုးခဲ့တဲ့ စပါးစိုက်ခင်းတွေ ဖြစ်ထွန်းရှင်သန်ပြီး အရင်နှစ်ကအထွက်နှုန်းထက် ပိုမိုတိုးတက်ထွက်ရှိနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးရွှေဝင်း၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ လေ့လာကြည့်ရှု အားပေးခဲ့ကြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# သဘာဝသီးနှံအခြေခံ စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းဖွင့်လှစ်

**မင်းဘူး နိုဝင်ဘာ ၂၉**

မင်းဘူးခရိုင် မင်းဘူးမြို့နယ် မောင်းမကန်ကျေးရွာ၌ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘာဝသီးနှံအခြေခံ စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းကို နိုဝင်ဘာ ၂၆ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မင်းဘူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက အမှာစကားပြောကြားပြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ဘုန်းလင်းက ကျေးရွာပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်၊ မိသားစုဝင်ငွေတိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းနိုင်စေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်၍ သင်တန်းသားများအနေဖြင့် စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်ကြာဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ ဒေသခံပြည်သူ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



**ချင်းပြည်နယ် ဟားခါးမြို့ရှိ သဘာဝဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ပဲနှင့် စားသောက်ဖွယ်ရာများကို ရှင်သန်ရေးကူညီမှုအသင်းနှင့် ကိုရီးယား JTS အဖွဲ့တို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၇ ရက်က ဟားခါးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ထောက်ပံ့ပေးအပ်စဉ်။**

(ခရိုင် ပြန်/ဆက်)

## သတင်းတို

### ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးလုပ်ငန်းများပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာမိသာကျေးရွာ၌ ကျေးရွာ မီးလင်းရေးကော်မတီနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီး၍ ဖွင့်ပွဲကို နိုဝင်ဘာ ၂၆ ရက်က ကျေးရွာစာကြည့်တိုက်၌ ကျင်းပခဲ့ရာ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနမှ လျှပ်စစ်အင်ဂျင်နီယာမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက အားပေးဂုဏ်ပြုစကား ပြောကြားခဲ့ကြသည်။ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းများအဖြစ် ကျေးရွာလမ်းမတစ်လျှောက်နှင့် လမ်းသွယ်များတွင် ကွန်ကရစ်မီးတိုင်များစိုက်ထူခြင်း၊ ရွာလယ်လမ်းဆုံနှစ်နေရာ၌ ၂၀၀ ကေဗွီ ထရန်စဖော်မာနှစ်လုံး တပ်ဆင်ခြင်းလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**

*စာမျက်နှာ ၂၀ မှ*

အပိန့်၊ အကျိတ်၊ အလုံးများ၊ ဆီးသွား၊ ရင်ပူ၊ နာကျင်ကိုက်ခဲ၊ ဆီးလမ်းကြောင်း၊ စအို၊ မိန်းမကိုယ် ညောင်းကျ၊ အဖြူ အနီဆင်း၊ လိင်အင်္ဂါအနီးတစ်ဝိုက်တွင် ရောင်ရမ်းနာကျင်ကိုက်ခဲမှုများသည် ကာလသားရောဂါလက္ခဏာ ဖြစ်ပါသည်။

အေအိုင်ဒီအက်စ်ရောဂါနှင့် ကာလသားရောဂါနှစ်ခုစလုံးသည် လိင်ဆက်ဆံရာမှ အဓိကကူးစက်ပါသည်။ ရောဂါပိုးရှိသည့် သွေးသွင်းမိလျှင် ကူးစက်ပါသည်။ ရောဂါရှိ မိခင်ကနေ သန္ဓေသားကိုကူးစက်ပါသည်။ လိင်အင်္ဂါအနာရှိနေစဉ်၊ ဆီးပူ၊ ဆီးပူညောင်းကျဖြစ်နေစဉ် လိင်ဆက်ဆံလျှင် အိတ်အိုင်ဗွီပိုးသည် ပိုပြီးအလွယ်တကူ ကူးစက်နိုင်ပါသည်။ ကာလသားရောဂါရှိသူသည် အေအိုင်ဒီအက်စ်ရောဂါရှိလာရန် အခွင့်အလမ်းများပါသည်။

ကာလသားရောဂါရှိသော အမျိုးသား၊ အမျိုးသမီးများသည် အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရလျှင် အခြားသူများထက် အေအိုင်ဒီအက်စ်ရောဂါ ပိုပြီးအဖြစ်လွယ်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်များမှာ သားပျက်သားလျှောခြင်းအပြင် ကလေးအသေမွေးခြင်းနှင့် ကလေးအရှင်မွေးသော်လည်း ရောဂါပိုးများသည် ကလေး၏မျက်လုံးထဲဝင်ပြီးမျက်စိကွယ်သွားခြင်း များနိုင်ပါသည်။ သားအိမ်ထဲသို့ ပိုးဝင်ရောက်၍ သားသမီးမရနိုင်ဖြစ်တတ်သကဲ့သို့ သားအိမ်ခေါင်းကင်ဆာလည်း ဖြစ်နိုင်ပါသည်။ အမျိုးသားများတွင်လည်း ဆီးလမ်းကြောင်းပိတ် ဆီးမသွားနိုင်အောင် ဖြစ်တတ်ပါသည်။ ရောဂါပိုးများကြောင့် သုတ်မထုတ်နိုင်သည့်အတွက် သားသမီးမရနိုင်ခြင်းလည်း ဖြစ်တတ်ပါသည်။ ရောဂါပိုး ဦးနှောက်ထဲရောက်ရှိလျှင် ရူးသွပ်နိုင်ပါသည်။

အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားသူများတွင် တီဘီရောဂါသည် အဓိကကျန်းမာရေးပြဿနာတစ်ခု ဖြစ်လာပါသည်။ အိတ်ချ်အိုင်ဗွီပိုးရှိသူများမှာ ခုခံစွမ်းအားကျလာသည့်အတွက် တီဘီရောဂါကူးစက်ရန် အခွင့်အလမ်း ပိုများပါသည်။ တီဘီရောဂါမှာလည်း ပိုပြီးပြင်းထန်နိုင်ပါသည်။ ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆေးသောက်ရန် အရေးကြီးပါသည်။

သွေးသားပိုင်းဆိုင်ရာဆွဲဆောင်မှုနှင့် လှုံ့ဆော်မှုများအပေါ် မဆင်မခြင် တုံ့ပြန်မှုများက အိတ်ချ်အိုင်ဗွီပိုးကူးစက်ရန်အတွက် အဓိကအကြောင်းအရာဖြစ်ပါသည်။ အမြဲရှောင်ကြဉ်ရန် ဆုံးဖြတ်ချက်မှန်မှန်မချနိုင်လျှင် စိတ်ဓာတ်ခိုင်မာမှုမရှိလျှင် အေအိုင်ဒီအက်စ်ရောဂါ အဖြစ်များမည်သာဖြစ်ပါသည်။ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော ရောဂါဖြစ်သဖြင့် လူတိုင်းသိထားသင့်ပါသည်။

အေအိုင်ဒီအက်စ်ပြန့်ပွားမှုသည် လူတစ်ဦးချင်းစီ၏အပြုအမူ၊ စည်းကမ်းရှိမှု၊ စည်းစောင့်မှု၊ သစ္စာရှိမှုများအပေါ် မူတည်နေပါသည်။ ကမ္ဘာပေါ်တွင် အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူများ၏ ၅၀ ရာခိုင်နှုန်းသည် အသက် ၁၀ နှစ်မှ ၂၄ နှစ်ကြား လူငယ်လူရွယ်များဖြစ်ကြောင်း မှတ်တမ်းအရ သိရှိရပါသည်။ အများစုမှာ လူကြီးမိဘပြောသောစကားထက် သူငယ်ချင်းအပေါင်းအသင်းများပြောသောစကားကို ပိုမိုယုံကြည်ကြပါသည်။ မကောင်းမှန်းသိလျက်နှင့် အပေါင်းအသင်းများမှ မြှောက်ပင့်ပေးလျှင် သောက်စားပျော်ပါးကာ မူးယစ်ဆေးဝါးသုံးစွဲခြင်း ဖြစ်တတ်ပါသည်။ ဆယ်ကျော်သက်အရွယ်တွင် ပြုလုပ်မိသောအမှားတစ်ခုကြောင့် ဘဝတစ်ခုလုံး အညွန့်တုံးနိုင်ပါသည်။

အိတ်ချ်အိုင်ဗွီရောဂါပိုးအား သေအောင်သတ်နိုင်သောဆေး မရှိသေးပါ။ ပျောက်ကင်းအောင်ကုသနိုင်သော ဆေးဝါးမရှိသေးကြောင်း တင်ပြလိုပါသည်။ ခုခံအားကျဆင်းမှုကြောင့်ဖြစ်ပေါ်လာသော ရောဂါဝေဒနာအမျိုးမျိုးအတွက်မူ ပျောက်ကင်းသက်သာအောင် ကုသနိုင်သောဆေးဝါးများ ရှိပါသည်။ တီဘီရောဂါ၊ ဝမ်းလျှောရောဂါ၊ ဦးနှောက်ရောင်ရောဂါ၊ မှက္ခရုစသော ရောဂါများကို ကုသနိုင်သောဆေးဝါးရှိသလို အိတ်ချ်အိုင်ဗွီပိုးများ ခန္ဓာကိုယ်အတွင်းမှာ မပြန့်ပွားနိုင်အောင် ထိန်းထားနိုင်သောဆေးဝါးများလည်း ရှိနေပါသည်။ အေအိုင်ဒီအက်စ်ဖြစ်၍ ဘဝဆုံးရှုံးပြီဟု မဆိုနိုင်ပါ။ ကျန်းမာရေးဝန်ထမ်းများမှ အတိုင်းအတာတစ်ခုအထိ အကူအညီ ပေးနိုင်ပါသည်။

အိတ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ရောဂါသည် ကမ္ဘာတစ်ဝန်း ပျံ့နှံ့လျက်ရှိနေပါသည်။ လူငယ်လူရွယ်များအကြားတွင် ပိုမိုတွေ့ရှိလာသဖြင့် အနာဂတ်အတွက် စိုးရိမ်စရာဖြစ်လာပါသည်။ ရောဂါကာကွယ်ရန် ဆေးဝါးရော၊ ပျောက်ကင်းအောင်ကုသနိုင်သည့် ဆေးဝါးပါ မပေါ်ပေါက်သေးပါသဖြင့် ကြိုတင်ကာကွယ်ရေးသည် အရေးကြီးဆုံးဖြစ်ပါသည်။ မိမိသိရှိထားသော ဗဟုသုတများအား တတ်နိုင်သမျှ လက်ဆင့်ကမ်းဖြန့်ဝေပေးခြင်းဖြင့် ကုရာနတ္ထိဆေးမရှိသော အိတ်ချ်အိုင်ဗွီအေအိုင်ဒီအက်စ်ရောဂါဆိုး အန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ဝိုင်းဝန်းကာကွယ်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။


oppo
Neo 7
ရောင်စဉ်ဖြာတဲ့ အလင်းတစ်ပွင့်
ကျပ် ၂၀,၀၀၀ တန်ဖိုးရှိ
လက်ဆောင်ပစ္စည်းများ
ရနိုင်မည့်အခွင့်အရေး
Ambassador:
Price: 199,000Ks
• ကြည်လင်တောက်ပတဲ့မျက်နှာပြင်
• ကိုင်ဆောင်ရလွယ်ကူတဲ့ 5" အကျယ်မျက်နှာပြင်
• အလှတရားနဲ့ပြည့်စုံမယ့် Selfie အတွက် 5MP/8MP

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက်
အာဆီယံနှစ်ပတ်လည် ထိပ်သီးအစည်းအဝေးတွင်

**၂၀၁၅ ခုနှစ်အတွက် စွန့်ဦးတီထွင် လုငယ်လုပ်ငန်းရှင် ပထမဆု**

ASEAN Young Entrepreneur Award (2015) ကို

မြန်မာ့ဩဘာလုပ်ငန်းစု၏ ကြီးထွားမှုနှုန်း (Growth)၊ ဝန်ထမ်းအရည်အသွေးနှင့်အင်အား (Employment)၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု (Innovation)၊ လူမှုရေးအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်မှု (Corporate Social Responsibility) များအပေါ်တွင် အခြေခံ၍ အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံအနက်

Myanma Awba Group ၏ Founder and Chairman

## ဦးသတိုးဟိန်း

မှ ထိုက်ထိုက်တန်တန်လက်ခံရရှိခြင်း အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း . . .

ASEAN BUSINESS AWARDS

အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ
**ရောဝတီမျိုးစေ့ ကုမ္ပဏီလီမိတက်**

EVOGRO

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက်
အာဆီယံနှစ်ပတ်လည် ထိပ်သီးအစည်းအဝေးတွင်

**၂၀၁၅ ခုနှစ်အတွက် စွန့်ဦးတီထွင် လုငယ်လုပ်ငန်းရှင် ပထမဆု**

ASEAN Young Entrepreneur Award (2015) ကို

မြန်မာ့ဩဘာလုပ်ငန်းစု၏ ကြီးထွားမှုနှုန်း (Growth)၊ ဝန်ထမ်းအရည်အသွေးနှင့်အင်အား (Employment)၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု (Innovation)၊ လူမှုရေးအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်မှု (Corporate Social Responsibility) များအပေါ်တွင် အခြေခံ၍ အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံအနက်

Myanma Awba Group ၏ Founder and Chairman

## ဦးသတိုးဟိန်း

မှ ထိုက်ထိုက်တန်တန်လက်ခံရရှိခြင်း အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း . . .

ASEAN BUSINESS AWARDS

အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ
အီဗိုဂရို ကုမ္ပဏီလီမိတက်

**UNIQUE STAR TRAVELS & TOURS**

ဗန်ကောက်၊ပတ္တရား (6)D[ Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]
Dec: 5, 12, 19 / Jan: 2, 9, 16, 23, 30 ($300)
ဗန်ကောက်၊ပတ္တရား (3)D, (4)D, (5)D Dec: 5, 12 ($200)
ဗန်ကောက်၊ဖူးခက် (6)D Dec: 24, 25, 29, 30 ($500)
ဖူးခက်/ ချင်းမိုင် (4)D Dec: 24, 25, 29, 30 ($300)
ကူမင်း၊ရှန်ဂရီလာ (8)D Dec: 12, 26 / Jan: 9, 23 ($500)

**Bangkok-Pattaya-Ayuttaya**
(6 Days/ 5 Nights) Airticket Included
Dec : 24, 25, 29, 30 ($ 550 / $ 650)
Feb:12, Mar: 2, 23, 30 ($ 470 / $550)
Apr: 10, 11, 12, 13, 14, 18 ($ 550/ $ 650)
**Bangkok - Cambodia ($ 500)**

70/A,Kabaaye Pagoda Rd, 860 4964-65-66, 708 353, 705 723, 09 7310 9133-44-55-66.
No(126), 42th St, 83rd x 84th St, Mandalay.Ph: 099 - 7200 3797, 09 - 514 8079.



**“ဘန်ကောက်ရဲ့ Christmas ညများမှာ SHWE PYI TAW - III နဲ့အတူလည်လိုက်ကြစို့”**
**"YGN,BKK,YGN"**

၂၄-၁၂-၂၀၁၅ - ဘန်ကောက်၊ ပတ္တရား၊ **Tiger Zoo၊ Boy Lady Show**
၂၅-၁၂-၂၀၁၅ - **Coral Island** ၊ဘန်ကောက်၊ **Cruise Dinner**
၂၆-၁၂-၂၀၁၅ - မြဘုရား၊ ဘုရင့်နန်းတော်၊ ရေအောက်ကမ္ဘာ၊ ဖယောင်းပြတိုက်
၂၇-၁၂-၂၀၁၅ - **Central World ၊Platinum Shopping Mall၊ Yangon**

ခရီးစဉ်စျေးနှုန်းမှာတစ်ဦးလျှင် **US$ 450/-**ဖြစ်ပြီးလေယာဉ်လက်မှတ်,အစားအသောက်, **3 Star Hotel,** မြန်မာဧည့်လမ်းညွှန် နှင့် ဝင်ကြေးများအားလုံးပါဝင်ပါသည်။
ဆက်သွယ်ရန်း **01 9667482/ 09 73155610/ 09 250517743**
**Shwe Pyi Taw III Travels & Tours facebook page**ပေါ်တွင်လည်းစုံစမ်းနိုင်ပါသည်။



**RAIN Travel & Tours**

Good Quality Budget Tours managed by Gandawun Shwe Bagan Travel

**နှစ်သစ်ကူးအတွက် ခရီးစဉ်စျေးနှုန်းများ**

| | | | | | |
|---|---|---|---|---|---|
| ဗန်ကောက် | (၅) ရက် | USD 530 | ဝီကင်း၊ရှန်ဟိုင်း | (၆) ရက် | USD 1200 |
| ချင်းမိုင် | (၄) ရက် | USD 580 | ဝီကင်း၊ရှန်ဟိုင်း(မွန်လေးအထွက်) | (၆) ရက် | USD 1250 |
| ဖူးခက် | (၄) ရက် | USD 650 | ကိုရီးယား | (၅) ရက် | USD 1250 |
| မလေးရှား | (၄) ရက် | USD 650 | ဂယာ | (၁၅) ရက် | ၁၀ သိန်း |
| ဟောင်ကောင်၊မကာအို | (၅)ရက် | USD 1150 | ဒူဘိုင်း | (၆) ရက် | USD 1800 |
| ဗီယက်နမ် | (၆)ရက် | USD 780 | ပြင်သစ်၊အီတလီ၊ ဆွစ်ဇာလန် | (၁၀)ရက် | USD 3500 |

ကျောက်မျက်ဆိုင်၊ တိုင်းရင်းဆေးဆိုင် လည်ပတ်ခြင်း မပါဝင်ပါ။

အမှတ် ၆၉၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-510218, 519 360
အမှတ် ၈၁၊ ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေးမြို့။ Ph: 09- 3169 3339, 09- 730 13856
Hot Line 09 2522 81 456



**စျေးပြိုင်စနစ်ဖြင့် ရောင်းရန်ရှိသည်**

အသုံးမလိုတော့သည့် အောက်ပါပစ္စည်းများအား စျေးပြိုင်စနစ်ဖြင့် ရောင်းချလိုပါသည်။

| | |
|---|---|
| ၁။ နှစ်လုံးထိုးအင်ဂျင်အသစ် (တရုတ်) | - ၆၇ လုံး |
| ၂။ လေးလုံးထိုးအင်ဂျင်အသစ်(တရုတ်) | - ၇ လုံး |
| ၃။ တစ်လုံးထိုးအင်ဂျင် (တရုတ်) | - ၃လုံး |
| ၄။ ဒိုင်နမိုများဆိုဒ်စုံ(အသစ်+အဟောင်း) | - ၆ လုံး |
| ၅။ စီးစက်များဆိုဒ်စုံ(အသစ်+အဟောင်း) | - ၆ လုံး |
| ၆။ ဆီပန့်အသစ်(တရုတ်) | - ၂ လုံး |
| ၇။ ပစ္စည်းမကာရိန်းစင် | - ၁ ခု |
| ၈။ တစ်လုံးထိုးထော်လာဂျီ (အသုံးပြုနိုင်အသစ်) | - ၆ စီး |
| ၉။ CNG Gas အိုး အသစ်(50 lit, 70 lit, 100 lit) | - ၅၀၀ ခန့် |
| ၁၀။ Fork Lift (TCM Used) | - ၁ စီး |
| ၁၁။ ၅ တန်နောက်တွဲ(အသစ်) | - ၁၀ ချောင်း |

အထက်ဖော်ပြပါပစ္စည်းများအား (၆-၁၂-၂၀၁၅) မှ (၁၃-၁၂-၂၀၁၅) အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း အမှတ် ၅၀၊ ရွှေမြို့တော်စေတီလမ်း၊ မင်္ဂလာဒုံစက်မှုဇုန် ဂေဟမ္ဘာဝင်းအတွင်းသို့ လာရောက်ကြည့်ရှုနိုင်ပြီး ၁၅-၁၂-၂၀၁၅ နေ့ (နံနက် ၁၀ နာရီ)တွင် အထက်ပါနေရာ၌ စျေးပြိုင်ရောင်းချမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် ဖုန်း 09-43090036, 09-43090037, 09-421100690, 09-977905811, 09-977905802, 09-977905804, 09-977905806, 09-73130340.



**တစ်ဦးတည်းဖြစ်ကြောင်း**

နမ့်စန်မြို့(ရှမ်းတောင်) ၄ ရပ်ကွက်၊ သုခိတာလမ်းနေ အဖ ဦးကန်လူ၏သား ဦးအိုက်ခမ်း(ခ)ဦးခမ်းကို(၁၃/နစန(နိုင်) ၀၀၄၈၇၈)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအိုက်ခမ်း(ခ)ဦးခမ်းကို



**ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးကြောင်း လျှောက်ထားခြင်း**

ယာဉ်အမှတ် 9I-7695 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့







## အိတ်ဖွင့်တင်ဒါပိတ်ရက်တိုးမြှင့်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုဖြင့် မွန်ပြည်နယ် သထုံမြို့နယ်၊ အင်းရှည်ရွာအနီးတွင် အကောင်အထည်ဖော်တည်ဆောက်မည့် ကော့စတစ်ဆိုဒါစက်ရုံ(သထုံ)၌ စက်မှုအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ၉-၁၁-၂၀၁၅ရက် မြန်မာ့အလင်းသတင်းစာမှ ကြော်ငြာပြီး အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့သော စက်မှုအဆောက်အအုံ ခြောက်မျိုး၏ တင်ဒါပိတ်သိမ်းမည့်ရက် ၁-၁၂-၂၀၁၅ ရက် သတ်မှတ်ထားခြင်းအစား ၁၁-၁၂-၂၀၁၅ ရက် ၁၆း၀၀နာရီသို့ တိုးမြှင့်သတ်မှတ်ပါကြောင်း အကြောင်းကြားပါသည်။

၂။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော် ဖုန်း-၀၉-၈၇၄၉၀၉၈၁၄၊ ၀၉-၃၁၇၅၄၀၆၆၊ ၀၆၇-၄၀၈၁၂၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၃၄) အကြီးစားစက်ရုံ (သာယာဝတီ)ရှိ ပြည်ပကုန်ကြမ်း (၂၈)မျိုးအား မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါအား ၃၀-၁၁-၂၀၁၅ရက်တွင် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၁၅-၁၂-၂၀၁၅ ရက် ၁၅း၃၀ နာရီ ဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အရည်အသွေးထိန်းသိမ်းရေးဌာန၊ ရုံးအမှတ်(၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

**(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀)**
**အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အဆောက်အအုံနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အဆောက်အအုံအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၄-၁၂-၂၀၁၅ ရက်၊ ၀၉း၀၀ နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၅-၁၂-၂၀၁၅ ရက်၊ ၀၉း၃၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ တောင်ကြီးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အဆောက်အအုံအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၄-၁၂-၂၀၁၅ ရက်၊ ၀၉း၀၀ နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၅-၁၂-၂၀၁၅ ရက်၊ ၀၉း၃၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ လွိုင်ကော်မြို့**

### ပို့ဆောင်ရေးဝန်ကြီးဌာန
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို ၁၅-၁၂-၂၀၁၅ ရက် ၁၃း၀၀ နာရီ နောက်ဆုံးထားပြီးတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | Walk Through Metal Detector | 1 No |
| 2. | Flexible Ring(Elastic Ring)of PTO Clutch | 4 Nos |
| 3. | Life Jacket & Life Buoy | 3 Items |
| 4. | Fire Extin guisher & Fire House Pipe | 4 Items |
| 5. | Paint Brush & Roller | 5 Items |
| 6. | High Pressure Hydraulic Hose for M.S.D Thihadipa | 4 Items |
| 7. | 450 KVA Generating Set | 1 Set |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင် ၂-၁၂-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂ တို့သို့ စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အသိပေးကြေညာခြင်း

မြို့တော်ဂေါက်ကွင်း၏ (၂၁) ကြိမ်မြောက် အသင်းသားများ နှစ်ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲအား အသင်းသားများ၏ ရိုက်ချက် (Handicap)အလိုက် ရွှေအဆင့် (H'cap 0 to 12)၊ ငွေအဆင့် (H'cap 13 to 18)၊ ကြေးအဆင့် (H'cap 19 to 24) သတ်မှတ်ကာ ၁၀-၁-၂၀၁၆ ရက်တွင် ကျင်းပသွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဆုများကိုလည်း အတန်းလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ပါသောကြောင့် အသင်းသားများအနေဖြင့် မိမိတို့၏ အဆိုပြုရိုက်ချက်(Handicap)များကို မြို့တော်ဂေါက်ကွင်း ညွှန့်ကြိုကောင်တာ၌ ပြိုင်ပွဲဝင်ကြေး ၅၀၀၀ိ/-နှင့်အတူ ၅-၁-၂၀၁၆ ရက် ညနေ ၁၆း၀၀နာရီ နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အထွေထွေမန်နေဂျာ**
**မြို့တော်ဂေါက်ကွင်း**

### စက်မှုဝန်ကြီးဌာန
### အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၆)အကြီးစားစက်ရုံ(ဆင်တဲ)၏ ထုတ်လုပ်မှုဆောင်ရွက်ခြင်းမရှိတော့သည့် လယ်ယာသုံးထုတ်ကုန်ပစ္စည်းများနှင့် အခြားဆက်စပ်ပစ္စည်း(၁၁၉၈)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၁၂-၂၀၁၅ ရက်

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီမံရေးဌာန
အမှတ်(၁၆) အကြီးစားစက်ရုံ(ဆင်တဲ)

၄။ **တင်ဒါသွင်းရမည့်နောက်ဆုံးရက်** - ၁၀-၁၂-၂၀၁၅ ရက်
**အချိန်နှင့်နေရာ** - နံနက် ၀၉း၃၀ နာရီ
စီမံရေးဌာန
အမှတ်(၁၆) အကြီးစားစက်ရုံ(ဆင်တဲ)

၅။ **တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၁-၁၂-၂၀၁၅ ရက်
**အချိန်နှင့်နေရာ** - မွန်းလွဲ ၁း၀၀ နာရီ
အမှတ်(၂) ဈေးနှုန်းစိစစ်ရေးကော်မတီရုံး၊
ရုံးအမှတ် (၄၁)၊ နေပြည်တော်။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၅၀၅၉၊ ၀၉-၃၁၄၄၆၉၉၆၃၊ ၀၉-၈၇၈၆၅၀၉၂၁၊ ၀၉-၇၉၆၆၂၃၃၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ် (၁၆)အကြီးစားစက်ရုံ(ဆင်တဲ)**
**ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပန်းတောင်းမြို့နယ်၊ ဆင်တဲ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန
### အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်) (လစာနှုန်း ၁၈၀၀၀၀ိ-၂၀၀၀-၁၉၀၀၀၀ိ) | (၃၀)နေရာ | B.Com. H, B.Sc(Engineering)Food Technology, M.Sc (Industrial Chemistry), Post graduate Diploma in Food Technology |
| (ခ) | ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး) (လစာနှုန်း ၁၈၀၀၀၀ိ-၂၀၀၀-၁၉၀၀၀၀ိ) | (၂၈)နေရာ | B.Pharm |
| (ဂ) | ဓာတ်ခွဲကျွမ်းကျင်-၂ (လစာနှုန်း ၁၈၀၀၀၀ိ-၂၀၀၀-၁၉၀၀၀၀ိ) | (၁၉)နေရာ | M.Sc (Industrial Chemistry), M.Sc (Chemistry), B.E (Chemical), B.Med. Tech, B.Sc(Engineering) Food Technology, B.Sc(Engineering) Chemical Technology, B.Sc (Engineering) Cosmetic Technology |
| (ဃ) | ဓာတ်ခွဲကျွမ်းကျင်-၃ (လစာနှုန်း ၁၆၅၀၀၀ိ-၂၀၀၀-၁၇၅၀၀၀ိ) | (၂၂)နေရာ | B.Sc (Industrial Chemistry), B.Sc (Chemistry), B.Sc (Zoo), M.Sc (Biochemistry), M.Sc (Microbiology) Grade I (Laboratory Technician) အောင်မြင်သူများ/အခြေခံပညာအထက်တန်းသိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူများ၊ |
| (င) | ဓာတ်ခွဲကျွမ်းကျင်-၄ (လစာနှုန်း ၁၅၀၀၀၀ိ-၂၀၀၀-၁၆၀၀၀၀ိ) | (၂၁)နေရာ | Grade II (Laboratory Technician)/ အခြေခံပညာအထက်တန်းသိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူများ |

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) အမည်
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ဂ) မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)
(ဃ) လူမျိုး/ကိုးကွယ်သည့်ဘာသာ
(င) ဖခင်အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(စ) ရရှိသည့်ဘွဲ့၊ ခုနှစ်၊ တက္ကသိုလ်
(ဆ) အမြဲတမ်းနေရပ်လိပ်စာနှင့်ဆက်သွယ်ရန်လိပ်စာ
(ဇ) ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာပူးတွဲပေးပို့ရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) တာဝန်ကျရာမည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်၊
(ဃ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း၊
(င) လွန်ခဲ့သည့်တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ သုံးပုံ၊
(စ) အလုပ်သမားမှတ်ပုံတင်မူရင်း၊
(ဆ) အမှတ်စဉ် ၁။ (က) မှ (ဂ) ထိ ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး (၅)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့်လျော်ကြေးငွေ ကျပ်လေးသိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်။

၄။ လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅)နှစ်မကျော်သူဖြစ်ရမည်။ လျှောက်လွှာများကို ၁၄-၁၂-၂၀၁၅ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စပယ်အိမ်ရာရှေ့၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် မပြည့်စုံသူများ သတ်မှတ်ရက်ထက်နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို (လုံး၀)လုံး၀ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ လူတွေ့နှုတ်ဖြေစာမေးပွဲကို ၂၁-၁၂-၂၀၁၅ ရက်တွင် နေပြည်တော်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုရမည့်သူစာရင်းကို ၁၈-၁၂-၂၀၁၅ ရက်တွင် နေပြည်တော်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးတွင် ကြေညာထားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက နေပြည်တော်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ရုံးဖုန်း-၀၆၇-၄၀၃၀၇၁၊ ၀၆၇-၄၀၃၅၈၆၊ ၀၆၇-၄၀၃၂၅၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်းတွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် (FDA အသိအမှတ်ပြု) ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးဝါးများ၊ ဓာတ်မှန် ဖလင်နှင့် ဆေးရည်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** -
၂-၁၂-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -
၁၆-၁၂-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများ အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၁-၂၂၂၈၆၁၊ လိုင်းခွဲ ၂၀၅၊ ၀၉-၇၉၆၇၅၆၇၁၀**
**တင်ဒါခေါ်ယူရေးအဖွဲ့၊ ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး**

### လမ်းဦးစီးဌာန
### ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ် ၅/၂၀၁၅-၂၀၁၆)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်လက်အောက်ရှိ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်တို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းပစ္စည်းမျိုးစုံနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းမျိုးစုံတို့အား သက်ဆိုင်ရာလမ်းပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့်အသေးစိတ်စာရင်းနှင့်တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ဟင်္သာတခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၇-၁၂-၂၀၁၅ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၁-၁၂-၂၀၁၅ ရက် ၁၁း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟင်္သာတမြို့။
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၁-၁၂-၂၀၁၅ ရက် ၁၃း၃၀ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၇-၁၂-၂၀၁၅ ရက်မှ ၁၀-၁၂-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဟင်္သာတခရိုင်၊ လမ်းဦးစီးဌာန၊ ဖုန်း-၀၄၄-၂၁၀၃၃**

### ကလေးတက္ကသိုလ်
## နဝမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ကလေးတက္ကသိုလ်က ကြီးမှူးကျင်းပခဲ့သည့် အောက်ဖော်ပြပါပညာသင်နှစ်များ၏ (ဘွဲ့) စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ကလေးတက္ကသိုလ် နဝမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားအား ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင်ကျင်းပရန် လျာထားပါသဖြင့် အဆိုပါအခမ်းအနားသို့ တက်ရောက်ဘွဲ့ (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အတွက် ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ၄-၁၂-၂၀၁၅ ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ၂၀၁၃-၂၀၁၄ ပညာသင်နှစ် - မဟာသုတေသနဘွဲ့စာမေးပွဲ အောင်မြင်ပြီးသူများ
- မဟာဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများ
- ဂုဏ်ထူးဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများ

(ခ) ၂၀၁၄-၂၀၁၅ ပညာသင်နှစ် - မဟာသုတေသနဘွဲ့ စာမေးပွဲ အောင်မြင်ပြီးသူများ
- မဟာဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများ
- ရိုးရိုးဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများ

၂။ လျှောက်ထားသူများသည် ကလေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ၊ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံတို့ဖြင့် နောက်ဆုံးရိုက်ကူးထားသော (၂×၁½)လက်မအရွယ် ဓာတ်ပုံနှစ်ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ် မိတ္တူကို ပူးတွဲ၍ လျှောက်ထားကြရမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့အတွက် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) နှင့် အဝေးရောက်ဘွဲ့အတွက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကြေးကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ကလေးတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟုဖော်ပြပြီး ပါမောက္ခချုပ်၊ ကလေးတက္ကသိုလ်လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဘွဲ့အပ်နှင်းမည့် အစီအစဉ်များကို ဆက်လက်ကြေညာသွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သိလိုပါက ကလေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာန ဖုန်း- ၀၇၃-၂၁၄၆၇၊ ၀၉-၂၀၀၆၀၉၄၊ ၀၉-၄၀၀၀၄၃၂၆၁၊ ၀၉-၈၇၈၉၁၂၀၅၄၊ E-mail-kalayuniversity1993@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ကလေးတက္ကသိုလ်**



**သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ(ရန်ကုန်) ၏ (၅၄)ကြိမ်မြောက်**
**ဒီဇင်ဘာလ(၁၂၊ ၁၃) ဦးရေ(၆၇၅၀)ပြည့် အလင်းဒါနအစီအစဉ်တွင်**

စမ်းချောင်းမြို့နယ်၊ ဗားဂရာလမ်း၊ ဦးဇော်ဌေးသန်း + ဒေါ်အေးအေးမြတ် "အေးမြသီတာစတိုး" မိသားစုတို့မှ ကျပ်ငွေ (၇၅)သိန်းမြောက် လှူဒါန်းခြင်းကို လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်လန်မြို့ ဖခင်ကြီး ဦးသန်းအောင်အား ရည်စူး၍ မိခင်ကြီး ဒေါ်လှမေ နှင့် (Top Star) မိသားစုတို့က ရွှေပြည်ဟိန်းကျောင်း၌ ကထိန်ခင်း၍ အလင်းဒါန အလှူတော် ကျပ်ငွေ (၁၀)သိန်း လှူဒါန်းခြင်းကိုလည်းကောင်း၊ မျက်စိဝေဒနာရှင်တစ်ဦးခွဲစိတ်ခြင်း ကုန်ကျအလှူတော် ကျပ် ၄၀၀၀၀/- အတွက် အလင်းဒါနအလှူရှင်အဖြစ်ခံယူ၍ရွှေပြည်ဟိန်းဆရာတော်ထံ လှူဒါန်းကြသည်ကို ဂုဏ်ပြု မှတ်တမ်းတင်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာန – ရွှေပြည်ဟိန်းကျောင်း**
သီတဂူ–ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ – ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း၊
[ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေးသံလမ်းအနီး] ဖုန်း ၅၄၁၄၉၃၊ ၀၉–၇၃၀၅၆၅၆၉
**ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်ခေမာသီရိလင်္ကာရ** (AccountNo.00730200701690301)



## နိကာယ်သာသနာတော်ထွန်းကားရေးအသင်း
### (၄၁)ကြိမ်မြောက်နိကာယ်ငါးရပ်စာလျှောက်မေးပွဲ

ပိဋကသုံးပုံဆောင် သာသနာ့အာဇာနည် (သုတဗုဒ္ဓ)များ ပေါ်ထွက်လာရန် နိုင်ငံတော်အစိုးရတိပိဋကရွေးချယ်ရေး စာမေးပွဲကြီး အတွက် အထောက်အကူ ဖြစ်စေသော နိကာယဓမ္မာစရိယနှင့် နိကာယဘာဏက စာလျှောက် မေးပွဲများကို နှစ်စဉ် ကျင်းပပူဇော်ခဲ့ရာ အကြိမ်(၄၀) တိုင်ခဲ့ပါပြီ။ ယခု (၄၁)ကြိမ်မြောက် စာလျှောက်မေးပွဲများကို (၆. ၁၂. ၂၀၁၅) အမျိုးသားနေ့ (၈း၃၀)တွင် ဖွင့်လှစ်ပြီး၊ (၆)ရက်တိုင်တိုင် အောက်ပါ အသင်းတည်နေရာတွင် ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်များအား ထပ်မံအသိပေး ဖိတ်ကြားအပ်ပါသည်။

(၄၁) ကြိမ်မြောက်စာလျှောက်မေးပွဲ(၆)ရက်၌ ဆွမ်းအလှူရှင်များမှာ—

၆–၁၂–၂၀၁၅ (**ပထမနေ့**) ✱ ဦးဝင်းအောင်+ဒေါ်သိန်းကြင်တို့ တည်ထောင်ခဲ့သော (စမ်းချောင်းအဖွဲ့)။ **(အရုဏ်ဆွမ်း+နေ့ဆွမ်း)**။

၇–၁၂–၂၀၁၅ (**ဒုတိယနေ့**) ✱ ဆရာတော်ဦးကေတုမာလာ ဦးဆောင်သော ဖျာပုံ၊ ကျုံကဒွန်းအဖွဲ့ **(အရုဏ်ဆွမ်း+နေ့ဆွမ်း)**။

၈–၁၂–၂၀၁၅ (**တတိယနေ့**) ✱ ကန်တော်လေး၊ ဥဒုလမ်း၊ ဓမ္မာရုံအဖွဲ့ **(နေ့ဆွမ်း)**။ ✱ ဒေါက်တာဦးမျိုးကြည်+ဒေါ်မူမူစိန်မိသားစု (ရန်ကုန်)**(အရုဏ်ဆွမ်း)**။

၉–၁၂–၂၀၁၅ (**စတုတ္ထနေ့**) ✱ ဦးနေထွန်း+ဒေါ်ခင်နှင်းနွယ်မိသားစု။ ပါရမီရိပ်သာ၊ ရန်ကုန်မြို့ **(နေ့ဆွမ်း)**။ ✱ သီတဂူဦးလှဖေ (အိုးအိမ်/ရေသန့်)+ဒေါက်တာဒေါ်မမရီနှင့် သားသမီးများ (ရန်ကုန်) **(အရုဏ်ဆွမ်း)**။

၁၀–၁၂–၂၀၁၅ (**ပဉ္စမနေ့**) ✱ ဦးယုကြည်+ ဒေါ်လှလှဝင်းမိသားစု။ (ခေတ္တ-USA) **(နေ့ဆွမ်း)**၊ ✱ ဦးမြင့်သောင်းနှင့် သားသမီးများ(ဖျာပုံ) **(အရုဏ်ဆွမ်း)**၊

၁၁–၁၂–၂၀၁၅ (**ဆဋ္ဌမနေ့**) ✱ ဆရာတော်ဦးစက္ကိန္ဒ တည်ထောင်ခဲ့သော အောင်လံမြို့အဖွဲ့ **(အရုဏ်ဆွမ်း+နေ့ဆွမ်း)**။

**စာပြေသံဃာတော်များအားရေသန့်နှင့်အချိုရည်(၆)ရက်အလှူရှင်**
✱ ဦးသန်းဦး(ခ)ကိုဒီဒီး+ဒေါ်စွေးစွေးနီမိသားစု(ဂမ္ဘီရမဂ္ဂဇင်းတိုက်)နှင့် ဦးမြင့်လွင်(စာရေးဆရာ-ဖိုးကျော့)+ဒေါ်ကြူကြူဝင်းမိသားစု

**တောင်သူလယ်သမားနေ့(၂–၃–၂၀၁၆) စာအောင်ဆုနှင်းသဘင်တွင်**
✱ လူပျံတော်ပတ္တမြားအဘယသုခဆေးတိုက်ပိုင်ရှင် ဦးအောင်မြင့်+ဒေါ်ဖြူသီ။ အမှတ်(၈၄၀)၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်။

အမှုဆောင်အဖွဲ့
**နိကာယ်သာသနာတော်ထွန်းကားရေးအသင်း(ရန်ကုန်)**
**ပဉ္စနိကာယသာသနာ့ဗိမာန်တော်၊ ကံဘဲ့ဘူတာရုံလမ်း၊ ရန်ကင်းမြို့နယ်။**
ဖုန်း- ၀၉ ၇၃၀၂၂၀၉၃

**" သီတဂူဆရာတော်ကြီးတရားပွဲ "**

ဤအသင်းကြီး၏ ဩဝါဒါစရိယ ဖြစ်တော်မူသော တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူ ဆရာတော်ကြီးမှ (၄.၁၂.၂၀၁၅)၊ သောကြာနေ့၊ ည (၇း၀၀) အချိန်တွင် အသင်းတည်ရာ ရန်ကင်းမြို့နယ်၊ ကံဘဲ့ဘူတာရုံလမ်း၊ ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်တွင် တရားတော်များ ချီးမြှင့်မည်ဖြစ်ပါ၍ အထူး ဖိတ်ကြားအပ်ပါသည်။

## B.Ed (၁၉၇၃-၁၉၇၈) သူငယ်ချင်းများ တွေ့ဆုံကြရအောင်

B.Ed ကျောင်းသူကျောင်းသားဟောင်းများရဲ့ အာစရိယပူဇော်ပွဲမှာတို့ (၁၉၇၃-၁၉၇၈Batch) သူငယ်ချင်းများ စုစုစည်းစည်းပါဝင်နိုင်ဖို့ ၅-၁၂-၂၀၁၅ (စနေနေ့) နံနက် ၁၀ နာရီမှာ ၂၀၈/င၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်မှာ ဆွေးနွေးတိုင်ပင်ကြဖို့ ဆုံကြမယ်။ မပျက်မကွက် ဆက်ဆက်လာကြနော်။

**ဆက်သွယ်စုံစမ်းချင်ရင်**

| | |
|---|---|
| **ဒေါ်ခင်ခင်နွယ်** | **ဖုန်း–၀၉–၅၅၀၅၁၃၂** |
| **ဒေါ်မြင့်မြင့်အုန်း** | **ဖုန်း–၀၉–၂၅၀၀၇၆၁၉၉** |
| **ဒေါ်နန်းမြင့်မြင့်ခင်** | **ဖုန်း–၀၉–၇၃၀၉၅၃၃၆** |
| **ဒေါ်သီဂီဦး** | **ဖုန်း–၀၉–၂၅၃၀၅၀၀၈၉** |
| **ဒေါ်သိန်းတိုး** | **ဖုန်း–၀၉–၄၃၁၇၉၈၇၂** |
| **ဒေါ်သင်းသင်းလှိုင်** | **ဖုန်း–၀၉–၃၁၉၅၁၁၂၃** |

## ဓာတုအင်ဂျင်နီယာမိသားစု အာစရိယပူဇော်ပွဲကျင်းပမည်

ဓာတုအင်ဂျင်နီယာမိသားစု ဆရာကြီးဆရာမကြီးများ (ရန်ကုန်စက်မှုတက္ကသိုလ်) အား ကျောင်းသားကျောင်းသူဟောင်းများမှ နှစ်စဉ်ပြုလုပ်နေကျဖြစ်သည့် အာစရိယပူဇော်ပွဲကို အမျိုးသားနေ့ ၆-၁၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ ရန်ကုန်နည်းပညာတက္ကသိုလ် (ကြို့ကုန်း)စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**(ဖိတ်စာသီးခြားမပို့ပါ။)**

**ဘီလပ်မြေအိတ်များလှူဒါန်းနိုင်**



ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်းတောင်ပိုင်း သုခလမ်းနှင့် မေပါလလမ်းပေါ်တွင်ရှိသော တန်ခိုးကြီးသဗ္ဗညုပုထိုးတော်ကြီး၏ လုံတော်ပြည့် အရေးသတ်ရန်အတွက် ဘီလပ်မြေအိတ်များ လာရောက်လှူဒါန်းနိုင်ပါသည်။
မြောက်ဥက္ကလာ ကမ္ဘောဇဘဏ် PINNYA SIRI – KBZ Bank (Account No.0701210008223) အထိ စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်းလှူဒါန်းနိုင်ပါသည်။
(ဆက်သွယ်နိုင်သောဖုန်းနံပါတ်) ဒေါက်တာဒေါ်ပညာသီရိ ၀၉–၅၃၁၅၂၁၁၂၊ ၀၉–၈၆၂၁၁၃၀၊ ၀၉–၅၅၀၀၄၆၂၉၀

**မာန် ရာထူးဝင်ခွင့်သင်တန်းကျောင်း**
**ရွေးကောက်ပွဲကော်မရှင် – အနီးကပ်အထူး(၁)လသင်တန်း**
**လူဦးရေကန့်သတ်ထားပါသဖြင့် အမြန်စုံစမ်းစာရင်းသွင်းပါ။**
**Ph: 09786583429, 09794941367**

## (၁၅)ကြိမ်မြောက် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း (T.T.C) ၁၉၇၄-၁၉၈၂ ခုနှစ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းတွင် ပညာသင်ပေးခဲ့သော ကျေးဇူးရှင် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ရန် သူငယ်တန်း(KG)မှ (၁၉၇၄-၁၉၈၂)ခုနှစ် တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူဟောင်းများမှ အာစရိယပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| **ကျင်းပမည့်ရက်** | - | ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ၆-၁၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့) (အမျိုးသားနေ့) |
| **ကျင်းပမည့်အချိန်** | - | နံနက် ၉း၀၀ နာရီ |
| **ကျင်းပမည့်နေရာ** | - | ပညာ့ဗိမာန်ခန်းမ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း (T.T.C)၊ ပြည်လမ်း၊ ရန်ကုန်မြို့ |

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

## ဖြူးမြို့၊ အ.ထ.က(၁)(အမျိုးသားကျောင်း–၁၉၂၀)၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

ဖြူးမြို့ အ.ထ.က(၁)၏ (၁၆)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကို **(၁၀.၁.၂၀၁၆)**တနင်္ဂနွေနေ့ နံနက်(၈း၃၀)နာရီတွင် အ.ထ.က(၁)၏ အမျိုးသားကျောင်းဆောင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဖြူးအ.ထ.က(၁)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး**(၃၁.၁၂.၂၀၁၅)**ရက်၌ အသက်(၆၂)နှစ်ပြည့်ပြီးသော ဆရာကြီး/ဆရာမကြီး (၁၄၄)ဦးအား တစ်ဦးလျှင် ဂါရဝပူဇာ (၁)သိန်းကျပ်စီနှင့် လှူဖွယ်ပစ္စည်းများဖြင့်ပူဇော်ကန်တော့မည်ဖြစ်ပါသည်။ ဆရာကြီး/ဆရာမကြီးများထံသို့ ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ကြွရောက်အပူဇော်ခံပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ဆက်သွယ်လှူဒါန်းလိုပါက ဖြူးမြို့ရှိ – KBZ Bank Account No. 1421220001960, AGD Bank Account No. 3061220004943, CB Bank - 0060600l0003292, GT Bank Account No. 0531220001344 , ဦးအင်းရှောက် 09 448012249, ဦးညွန့်ဝေ 09 974585661, ဦးသက်နိုင် 09 866089, ဦးအောင်အောင် 0932214666, ဦးထင်အောင်ရှိန် 095021524, ဒေါ်စန္ဒာထွန်း (မန္တလေး) 092033229, ဦးတင်ထွန်းအောင် (မိတ္ထီလာ) 09 5117507 သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ရန်ကုန်မှဖြူးသို့ အသွားအပြန်သီးသန့်ကားစီစဉ်ထားပါသဖြင့် လိုက်ပါမည့်ဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများသည် ဦးမြဦး 01 660131, ဦးဂုဏ်ရင် 09 5412461, ဦးစိုင်းမျိုးနိုင် 09 5029529, ဦးအောင်ကျော်ဟိန်း 09 501237၉သို့ **(7.1.2016)**ရက်ထက်နောက်မကျစေဘဲ ဆက်သွယ်စာရင်းပေးကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရာဇမိရာဇ်၊ ဦးပိုင်အမှတ် ၉^၁၊ ဧရိယာ ၀ ဒသမ ၀၆၈ ဧကရှိ ဦးအောင်ဇော်လတ် အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား ဦးအောင်ဇော်လတ် ၉/တကန(နိုင်)၁၁၅၈၀၁ (ဘ) ဦးလှစိန်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

(ဦးဝင်းမြင့်)–ဒေါ်တင်တင်ဝင်းတို့၏သား မောင်ကိုကိုမင်း ၁၄/ကလန(နိုင်)၁၃၁၅၇၁သည် မိဘအားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ငွေနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်မယူနိုင်ကြောင်း။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဟင်္သာတမြို့နယ်၊ ရွာသစ်မြောက်အုပ်စု၊ ချင်းချိုင့်ကျေးရွာနေ ဦးအောင်မြင့်ကျော် - ဒေါ်သန်းသန်းရွှေ တို့၏သား မောင်ဇော်မင်းထက် ၁၄/ဟသတ(နိုင်)၂၉၆၈၄၇ သည် မိဘများ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

**ဦးအောင်မြင့်ကျော်–ဒေါ်သန်းသန်းရွှေ**

# ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးနေဦးနှင့်ဇနီး ဒေါ်ယုယုဝေတို့၏ မိခင် ဒေါ်ဟန်စိန် အသက်(၈၂)နှစ် သည် ၂၇-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၄)မှ သူငယ်ချင်းများ**

## ကြော်ငြာစာ

**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် -၉၀**
**ကွယ်လွန်သူ ဦးချစ်ထွန်း၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဒေါ်နော်အယ်ကော — **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ စိန်ရတနာလမ်း၊ အမှတ်(၁/၄၇) တွင် နေထိုင်ခဲ့သော ကွယ်လွန်သူဦးချစ်ထွန်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေဆက်ခံခွင့်လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နော်အယ်ကောက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ရက် (၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၇ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဦးချစ်ထွန်း၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဆိုင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ရက် (၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၇ရက်) နံနက် ၁၀:၀၀ နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေဆက်ခံခွင့် လက်မှတ်စာမထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်နော်အယ်ကော၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဋွေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၅၂**

ဒေါ်ဝင်းမြင့် **နှင့်** ဒေါ်အိအိဝေရည်မွန်း
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးဝင်းလွင်)
**တရားလို** — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံရပ်ကွက်၊ (၁၅) ရပ်ကွက်၊ ရွှေစလွယ်လမ်း၊ အမှတ် (၉၀၈)နေ တရားပြိုင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝင်းမြင့် (၎င်း၏အခွင့်ရကိုယ်စားလှယ်)က အိမ်နှင့်မြေအရောင်းအဝယ် ရောင်းကြေးကျန်ငွေအား လက်ခံပြီး အရောင်းအဝယ်မှတ်ပုံတင်ချုပ်ဆို၍ အိမ်/မြေတို့အား လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်) အိမ်နှင့် မြေအကျိုး ခံစားခွင့်အရောင်းအဝယ်စရန်ပေးပဋိညာဉ်စာချုပ်အရ စရန်ငွေ၏ ၂ဆ (နှစ်ဆ)တိတိဖြစ်သော ငွေကျပ် ၃၄၀၀၀၀၀၀/(ကျပ်သိန်းသုံးရာ့လေးဆယ်တိတိ) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၅ရက် (၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်း လင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်မာဆွေ**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**စမ်းချောင်းမြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁ နှင့်ဆက်နွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၃**

(၁)ဦးဝင်းကြွယ် **နှင့်** ဒေါ်နုနု
(၂)ဒေါ်စန္ဒာမင်း
(၁-တရားနိုင်၏ အခွင့်ရကိုယ်စားလှယ်နှင့်
၂-တရားနိုင်ကိုယ်တိုင်)
**တရားနိုင်များ** — **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်လမ်းကျယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ အမှတ်(၄၁)နေ တရားရှုံးဖြစ်သော ဒေါ်နုနု (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ တရားမကြီးမှုအမှတ်-၁ တွင် ရရှိသည့်ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်များဖြစ်သော (၁)ဦးဝင်းကြွယ်၊ (၂)ဒေါ်စန္ဒာမင်း (၁-တရားနိုင်၏အခွင့်ရကိုယ်စားလှယ်နှင့် ၂-တရားနိုင်ကိုယ်တိုင်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၈ ရက် (၁၃၇၇ခုနှစ် နတ်တော်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီဝင်း)**
**မြို့နယ်တရားသူကြီး**
**စမ်းချောင်းမြို့နယ်တရားရုံး**

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်မောင်လှ (ဇီးကျွန်း၊ သံတွဲ)**
**အသက် (၈၉)နှစ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် - ဒေါ်ကြူကြူလှတို့၏ ချစ်လှစွာသော ဖခင်ကြီးဦးမောင်မောင်လှ အသက် (၈၉)နှစ်သည် ၂၆-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးမြင့် မိသားစု**
**(၉)မိုင်၊ မရမ်းကုန်းမြို့နယ်**

## အထူးကျေးဇူးတင်ရှိခြင်း

၁၅-၁၁-၂၀၁၅ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားခဲ့သော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်အရှေ့ခြမ်း မလွန်ဆန်လှူအသင်းထောက်၏ ဦးဆောင်နာယကကြီး ဖခင်ကြီးဦးသိန်း၏နာရေးတွင် ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့သော မန္တလေးမလွန်ဆန်လှူအသင်းကြီးအားလည်းကောင်း၊ အောက်မြန်မာပြည်တာဝန်ခံ ဦးစိန်ငွေးနှင့်အဖွဲ့၊ အနယ်နယ်အရပ်ရပ်မှ အသင်းထောက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအားလည်းကောင်း၊ အစမှအဆုံးလိုလေသေးမရှိ စိတ်ရောကိုယ်ပါကူညီပေးခဲ့ကြသော သဃ်္ဃန်းကျွန်းမြို့နယ်အရှေ့ခြမ်း မလွန်ဆန်လှူအသင်းထောက်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် အသင်းသူ အသင်းသားများအားလုံး၊ ရပ်ဝေးရပ်နီးမှ ကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ အားပေးနှစ်သိမ့်ကြသူများ၊ လှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းကြသူများနှင့် ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများအားလုံးတို့နှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

# အထူးကျေးဇူးတင်ရှိခြင်း

၅-၁၁-၂၀၁၅ ရက် ညနေ ၄:၁၅ နာရီတွင် ကွယ်လွန်သွားသော ဗိုလ်ကြီး တိုက်အောင်(ငြိမ်း)အား အရေးပေါ်အခြေအနေမှ နာရေးကိစ္စပြီးဆုံးသည်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကမ္ဘာ့ရတနာဘဏ် လီမိတက်မှ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ အားကစားဝန်ကြီးဌာနမှ အကြီးအကဲများနှင့်ဝန်ထမ်းများ၊ OTS(91) မှ သူငယ်ချင်းများ၊ $1^{st}$ M.B.Fမှ ဆရာ ဆရာမများနှင့် သူငယ်ချင်းများ၊ ဒသမညီနောင်ဓမ္မာရုံမှ ယောဂီများ၊ ဘဏ်ခွဲအသီးသီးမှ လုပ်ဖော်ကိုင်ဖက်များနှင့် တပည့်များ၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်လာရောက်အားပေးခြင်းနှင့် ပန်းခြင်းများ ပို့ပေးကြသော အဖွဲ့အစည်းများ၊ ဆွေမျိုးများနှင့်ညီအစ်ကို မောင်နှမများအားလုံး၏ သူငယ်များ၊ တယ်လီဖုန်း၊ အီးမေး(လ်)၊ လူမှုဆက်သွယ်ရေးစာမျက်နှာများနှင့် သတင်းစာများမှ ဝမ်းနည်းကြောင်းဖော်ပြ၍ နှစ်သိမ့်အားပေးကြပါသော ပြည်တွင်းပြည်ပ ဌာနဆိုင်ရာများမှ သူငယ်ချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများနှင့် ရက်လည်ဆွမ်းကျွေး တရားတော်နာအတွက် လှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းကြသော အဖွဲ့အစည်းများ၊ လူကိုယ်တိုင်လာရောက်ကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အခြားကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## မြေကွက်များ ဝယ်လိုသည်

ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။

**ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။**
**ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊**
**၀၉-၂၆၀၆၆၄၄၉၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၆၆၀၈ Toyota Crown, J 23177 S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ မြန်မာရက်(စ်)ကုမ္ပဏီလီမိတက်က (ကမ- ၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**




## မြေကွက်ရောင်းရန်ရှိသည်

လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ငှက်ပျောတောကွင်း၊ စက်မှုကွက်သစ်နောက်ကျော၊ (၃၃)ဧက ရောင်းရန်ရှိသည်။

ဆက်သွယ်ရန် ဖုန်း ၀၉-၄၂၅၀၁၃၁၆၀၊ ၀၉-၇၉၆၇၉၄၁၈၆




**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ပဲခူးမြို့၊ ဥဿာမြို့ဦးကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယကဆရာတော်**
**ဘဒ္ဒန္တဉာဏဗလ (သာသနာ့ဓဇဓမ္မာစရိယ၊ ဒီဃနိကာယဘာဏက)**
**သက်တော်(၅၉)နှစ်၊ သိက္ခာတော်(၃၉)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကမာကလဲကျေးရွာနေ ခမည်းတော်(ဦးပွ)- မယ်တော်ဒေါ်ကြည်တို့၏သားတော်၊ ဒေါ်အေးနွဲ့၊ ဦးမြဝင်း-ဒေါ်ဆွဲမိ၊ ဦးဝင်းထွန်း-ဒေါ်ကျင်နွဲ့တို့၏ ညီ/မောင်၊ ဦးငွေသိန်း၊ ဦးချိုစန်း-ဒေါ်တင်ထွေး၊ ဦးကျော်တင်-ဒေါ်အေးအေးတို့၏အစ်ကို၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ နယ်မြေ(၄)၊ ဥဿာမြို့ဦးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်သည်(၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက်) ၂၅-၁၁-၂၀၁၅ ရက် ည ၉:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်၇ရက်)၃-၁၂-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီ တွင် ဆင်ဖြူကွင်းသုသာန်၌ အန္တိမအဂ္ဂိဈာပနကို ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ရဟန်းတပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ**

# အထူးဝမ်းနည်းကြေကွဲခြင်း

**သဲအင်းဂူယောဂီ (ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး)**
**(ရန်ကုန်တမြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့နာယက)**
**ဦးမောင်မောင်လှ (ဇီးကျွန်း-သံတွဲ)**
**အသက် (၈၉)နှစ်**

ရန်ကုန်မြို့နေ (ဒေါ်အုန်းလှ-သဲအင်းယောဂီ)၏ခင်ပွန်း၊ ဒေါ်ဆွေဆွေလှ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်-ဒေါ်ကြူကြူလှ၊ (ဒေါ်စိုးစိုးလှ)၊ ဒေါ်ဝေဝေလှ၊ ဦးသန့်ဇော်၊ (ဦးကြည်လင်)တို့၏ ချစ်လှစွာသောဖခင်၊ ရန်ကုန်တမြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့ကြီး၏ သာသနာပြုလုပ်ငန်းတွင် အဘက်ဘက်မှထောက်ပံ့ကူညီအားပေးခဲ့ပါသော နာယကကြီးဦးမောင်မောင်လှသည် ၂၆-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တမြို့လုံးဆိုင်ရာသဲအင်းဂူသာသနာပြုအဖွဲ့**
**(မိုးကောင်းဘုရားဝင်း၊ ရန်ကင်းမြို့နယ်)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်နန်းပင်း အသက် (၆၅)နှစ်**

Myanmar Trade Center Co., Ltd. မှ ဒါရိုက်တာ ဦးမျိုးလတ်အေး၏မိခင် ဒေါ်နန်းပင်းသည် ၂၆-၁၁-၂၀၁၅ ရက် နံနက် ၄:၁၃ နာရီတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ Koku RITSU IRYO KENKYO CENTER ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာ၊ ဒါရိုက်တာများနှင့် ဝန်ထမ်းများ**
**Myanmar Trade Center Co., Ltd.**

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်နန်းပင်း (Director)**
**AIG Motor Services Co.,Ltd.**
**အသက် (၆၅)နှစ်**

Suzuki (Myanmar) Motor Co.,Ltd. ၏ အရောင်းကိုယ်စားလှယ်ဖြစ်သော AIG Motor Services Co.,Ltd. ၏ Managing Director ဦးသန်းထွန်းအေး၏ ချစ်လှစွာသောဇနီးဖြစ်သူ ဒေါ်နန်းပင်း (Director -AIG Motor Services Co.,Ltd.) သည် ၂၆-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) ဒေသစံတော်ချိန် နံနက် ၄:၁၃ နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Suzuki (Myanmar) Motor Co.,Ltd.**

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်နန်းပင်း (Director)**
**AIG Motor Services Co.,Ltd.**
**အသက် (၆၅)နှစ်**

Suzuki အရောင်းကိုယ်စားလှယ် လုပ်ဖော်ကိုင်ဖက်ရောင်းရင်းဖြစ်သော ဦးသန်းထွန်းအေး (Managing Director -AIG Motor Services Co.,Ltd.) ၏ ချစ်လှစွာသောဇနီးဖြစ်သူ ဒေါ်နန်းပင်း (Director -AIG Motor Services Co.,Ltd.) သည် ၂၆-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) ဒေသစံတော်ချိန် နံနက် ၄:၁၃ နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Suzuki အရောင်းကိုယ်စားလှယ်များ**

1. **Lwin & Swan Motor မိသားစု**
2. **Aung Motor မိသားစု**
3. **Myo Motor မိသားစု**
4. **Yenadi Motor မိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသော်စိန်ငွေ**
**အသက် (၄၀)**

Kinetic Myanmar Technology Co.,Ltd. မှ ဦးသော်စိန်ငွေ (Assistant Manager, GSM Department)သည် ၂၄-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Kinetic Myanmar Technology Co.,Ltd. MD နှင့် ဝန်ထမ်းများ**

# မြစ်ကြီးနားမြို့၌ နံနက်စောစော မီးလောင်မှုဖြစ်ပွား



**မြစ်ကြီးနား နိုဝင်ဘာ ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ငယ်ရပ်ကွက် ဗဟိုလမ်းရှိ ဦးကျောက်စိန် ပိုင်ဆိုင်သော ကွန်ကရစ်မိုး၊ ကွန်ကရစ်ကာ၊ ကွန်ကရစ်ခင်းပေ(၇၀×၁၀၀) ခြောက်ထပ် အဆောက်အအုံရှိ ပစ္စည်းဂိုဒေါင် (စတိုခန်း)၌ နိုဝင်ဘာ ၂၉ ရက် နံနက် ၄ နာရီ ၇ မိနစ်က မီးချောင်းကွဲပြီး ခြေသုတ်ပဝါပေါ်သို့ကျကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေး၊ မြို့နယ်မီးသတ်စခန်းနှင့် အရန်မီးသတ်စခန်းများမှ မီးသတ်ယာဉ်၊ ရေသယ်ယာဉ် ၁၅ စီးဖြင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ရပ်ကွက်နေ ပြည်သူများက

စာမျက်နှာ ၁၂ ကော်လံ ၁ ◆



## အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ မြန်မာနိုင်ငံ၌ တတိယအကြိမ် ကျင်းပမည်

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်

**ရန်ကုန် နိုဝင်ဘာ ၂၉**

၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ပြီး အဆိုပါပြိုင်ပွဲယှဉ်ပြိုင်ရန် ဒီဇင်ဘာ ၁ ရက်တွင် လေ့ကျင့်မှုများ စတင်ပြုလုပ်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၀ ဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်မည်ဖြစ်သည်။ အာဆီယံအမျိုးသမီးပြိုင်ပွဲကို ၂၀၀၇ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးပြီး သုံးနှစ်အကြာတွင် ထပ်မံကျင်းပခွင့်ရရှိခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံက ၂၀၁၆ ခုနှစ် ဇွန်လအတွင်း ကျင်းပရန်စီစဉ်ခဲ့သော်လည်း အာဆီယံဘောလုံးအဖွဲ့ချုပ်

စာမျက်နှာ ၁၄ ကော်လံ ၁ ❒

## MIC အမျိုးသားအသင်း အာဆီယံဖူဆယ်ပြိုင်ပွဲ၌ တတိယနေရာရရှိ

**ဗန်ကောက် နိုဝင်ဘာ ၂၉**

ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့ကျင်းပရာ မြန်မာကလပ် MIC အမျိုးသားအသင်းမှာ တတိယနေရာရရှိခဲ့သည်။

MICအမျိုးသားအသင်းမှာ ဩစတြေးလျကလပ် East Coast East အသင်းနှင့် ကစားခဲ့ရပြီး လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး တတိယနေရာရရှိခဲ့သည်။ MIC အသင်းမှာ အုပ်စုတွင်းပွဲစဉ်များ၌ သုံးပွဲသရေ၊ တစ်ပွဲရှုံး၊ သုံးမှတ်ဖြင့် အဆင့်လေး နေရာရကာ တတိယနေရာလုပွဲကစားရခြင်းဖြစ်ပြီး ပထမဆုံးနိုင်ပွဲနှင့်အတူ တတိယနေရာရခဲ့ခြင်းဖြစ်သည်။

မြန်မာကလပ် ACE အမျိုးသမီးအသင်းမှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရကြောင်း သိရသည်။

**ဖိုးသော်ဇင်**




မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။